# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၂၁၅]


## ကြည်လင်သောစိတ်

- ❖ စိတ်သည် အရာရာကို ဦးဆောင်၏။
- ❖ စိတ်သည် အမွန်အမြတ်ဆုံးဖြစ်၏။
- ❖ စိတ်သည် အရာရာကို ပြီးစီးစေ၏။
- ❖ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- ❖ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

(ဓမ္မပဒပါဠိတော်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

စာမျက်နှာ-၇



မဂ္ဂါဝပ် ၅၀ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်မှုလက်မှုလုပ်ငန်းများသို့ ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည့်အပြင် ရန်ကုန်တိုင်းဒေသကြီးသို့လည်း ဓာတ်အား ထပ်မံဖြည့်ဆည်းပေးနိုင်မည်



**မဂ္ဂါဝပ် ၅၀ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မှု**

ဂျပန်နိုင်ငံ JICA ၏ အကူအညီဖြင့်ဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်ရှိ မဂ္ဂါဝပ် ၅၀ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၈)

(သတင်းစဉ်)

## တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ကတ်ပြားထုတ်ယူခွင့် ရက်သတ်မှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၁၆ ခုနှစ် မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တင်ထားကြသော တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (တနင်္လာနေ့)မှစ၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူများသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍လည်းကောင်း စာမေးပွဲရက်မတိုင်မီထုတ်ယူကြရန် ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်း(ကျောင်းခွဲ)နှင့် တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊ ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ လည်းကောင်း ထုတ်ယူနိုင်ကြမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့သို့ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## အီရတ်ပြည်သူ ၁၀ သန်းကျော် လူသားချင်းစာနာမှု အရေးပေါ်အကူအညီလိုအပ်နေ

စာမျက်နှာ-၄

## ကမ္ဘာလှည့်ခရီးသွားများနှင့် ကျေးလက်ဒေသ၌ ခဏတာတွေ့ဆုံခိုက်

စာမျက်နှာ-၉




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### လေ့ကျင့်ကောင်းများ မှတ်သားသင်ယူ

မည်သည့်ကိစ္စမဆို အလေ့အထကောင်းများနှင့်လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင် တိုးတက်အောင်မြင်မှုများရရှိနိုင်ကြောင်း ပညာရှိတို့ကဆိုထားသည်။ သို့သော် ထိုအလေ့အထကောင်းများသည်ကား သူ့အလိုအလျောက် ရရှိလာလိမ့်မည်မဟုတ်ပေ။ ကောင်းသောအပြုအမူ၊ အပြောအဆို၊ အလေ့အထများသည် လေ့ကျင့်သင်ယူရသည့် အလုပ်ဖြစ်သည်။ ကြိမ်ဖန်များစွာ လေ့ကျင့်ခြင်းဖြင့် အလေ့အထအဖြစ်ပြောင်းလဲလာမည်ဖြစ်ပါသည်။

ဥပမာအားဖြင့် အင်္ဂလိပ်စာတတ်လိုသူတစ်ဦးသည် အင်္ဂလိပ်စာကို အရေး၊ အဖတ်၊ အပြောစုံလင်အောင် အစဉ်တစိုက် လေ့ကျင့်သင်ယူနေရ၏။ ကြိမ်ဖန်များစွာရေးခြင်း၊ ကြိမ်ဖန်များစွာ ရွတ်ဖတ်ပြောဆိုခြင်းဖြင့် အလေ့အကျင့်ဖြစ်လာပါသည်။ ကြိမ်ဖန်များစွာ ရွတ်ဖတ်ပြောဆိုကာ အလေ့အထကောင်းကို အစဉ်တစိုက်မွေးမြူခြင်းဖြင့် အဆုံး၌အင်္ဂလိပ်စာကျွမ်းကျင်တတ်မြောက်သူတစ်ဦး ဖြစ်လာနိုင်ပါသည်။

အင်္ဂလိပ်စာသည်သာမက အခြားသောကွန်ပျူတာအိုင်တီနည်းပညာသည်လည်းကောင်း၊ အခြားသော အသက်မွေးဝမ်းကျောင်းပညာရပ် တစ်ခုခုသည်လည်းကောင်း ကြိမ်ဖန်များစွာ လေ့ကျင့်သွားမည်ဆိုလျှင် အလေ့အထဖြစ်သွားပါမည်။ ထိုအလေ့အထကောင်းကို ဆက်လက်ထိန်းသိမ်းခြင်းဖြင့် တိုးတက်ပြောင်းလဲမှုတစ်ခုခု ရရှိနိုင်မည်ဖြစ်ပါသည်။

ယခုအခါ လူငယ်လူရွယ်တို့အား လူကြီးသူမများက စာဖတ်ကြရန် မကြာခဏ တိုက်တွန်းပြောကြားလေ့ရှိပါသည်။ စာဖတ်ခြင်းဖြင့် ဗဟုသုတများ တိုးပွားနိုင်ကြောင်း၊ ဘဝတိုးတက်အောင်မြင်မှုများ ရရှိနိုင်ကြောင်း တိုက်တွန်းပြောကြားလေ့ရှိပါသည်။ စာဖတ်ခြင်းသည် အလေ့အထကောင်းတစ်ခုဖြစ်ပါသည်။ အလေ့အထတစ်ခုသည် အလေ့အကျင့်မှ စတင်ရပါမည်။ စာဖတ်ခြင်းကို ဝါသနာပါသူလည်းရှိမည်၊ ဝါသနာမပါသူလည်းရှိမည်။ အများစုမှာ ဝါသနာမပါကြပါ။ ထို့ကြောင့်လည်း လူငယ်လူရွယ်များအကြား စာဖတ်ခြင်း အားနည်းနေခြင်းပင်ဖြစ်ပါသည်။

စာဖတ်ခြင်းကို ဝါသနာပါသည်ဖြစ်စေ၊ ဝါသနာမပါသည်ဖြစ်စေ အလေ့အကျင့်တစ်ခုဖြစ်အောင် ပြုစုပျိုးထောင်ပေးသင့်၏။ မူလတန်းအရွယ် စာဖတ်တတ်ချိန်မှစတင်၍ ကာတွန်း၊ ရုပ်ပြ၊ ဂျာနယ်အစရှိသဖြင့် စာအုပ်စာစောင်များ ကလေးများအား ဖတ်နိုင်အောင် လူကြီးမိဘ၊ ဆရာသမားတို့က ပြုစုပျိုးထောင်ပေးခြင်းဖြင့် ကလေးများ စာဖတ်ခြင်းအလေ့အကျင့်များ ရရှိလာမည်ဖြစ်ပါသည်။ ထိုအလေ့အကျင့်ကောင်းများကို အသက်အရွယ်ကြီးသည့်တိုင်အောင် အလေ့အထကောင်းတစ်ခုအဖြစ် ထိန်းထားနိုင်မည်ဆိုလျှင် စာပေ၌ မွေ့လျော်သော၊ စာဖတ်ခြင်းကို ဝါသနာပါသော လူငယ်လူရွယ်များဖြစ်လာကြမည်ဖြစ်ပါသည်။ ကလေးအများစုသည် ကျောင်းစာများဖြင့်သာ အချိန်ပေးနေကြရပြီး စာဖတ်ခြင်း၌ အလေ့အကျင့်ပြုလုပ်ပေးနိုင်မှုမှာ အားနည်းလျက်ရှိပါသည်။

သို့ဖြစ်၍ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၌ဖြစ်စေ၊ အတတ်ပညာတစ်ခုခုအတွက်ဖြစ်စေ၊ စာဖတ်ခြင်း၌ဖြစ်စေ အလေ့အကျင့်များ ကြိမ်ဖန်များစွာပြုလုပ်ခြင်းဖြင့် အလေ့အထများဖြစ်ကာ ဘဝတိုးတက်အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချီ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ဓမ္မစကူးဖောင်ဒေးရှင်း ဗုဒ္ဓဘာသာသင်တန်းဆင်းပွဲကျင်းပ



**သီပေါ ဖေဖော်ဝါရီ ၁**

ဓမ္မစကူးဖောင်ဒေးရှင်း ဗုဒ္ဓဘာသာသင်တန်းကျောင်းဆင်းပွဲကို ဇန်နဝါရီ ၃၁ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့ သာသနာ ၂၅၀၀ တိုက်သစ်ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ခန္တီရာမကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သာသနာ ၂၅၀၀ တိုက်သစ်ကျောင်းတိုက် ပြည်နယ်ဝန်ဆောင် ဘဒ္ဒန္တကောသလအရှင်သူမြတ်က ဓမ္မစကူးသင်တန်းကျောင်းနှင့် စပ်လျဉ်း၍ အနုမောဒနာဝမ်းမြောက်ဖွယ်ရာများကိုလည်းကောင်း၊ နောင်ချိုမြို့ ဓမ္မစကူးသင်တန်းကျောင်း ဆရာတော်ဘဒ္ဒန္တပုညသာမိ အရှင်သူမြတ်က နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရေး ကိစ္စရပ်များကိုလည်းကောင်း မိန့်ကြားရှင်းလင်းခဲ့သည်။

ထို့နောက် ဓမ္မစကူးဖောင်ဒေးရှင်း ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းသား သင်တန်းသူ ၁၅၀ ကျော်တို့အား သင်ယူပြီးမြောက်ခြင်း သင်တန်းဆင်းလက်မှတ်များကို ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းကျောင်း ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ကောသလ အရှင်သူမြတ်က တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပထမအကြိမ် ၂၀၁၆ ပညာရေးပြပွဲ (UK) မန္တလေးမြို့တွင် ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဆီဒိုးနားဟိုတယ်၌ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီမှ ည ၇ နာရီအထိ ဗြိတိသျှကောင်စီကကြီးမှူး၍ ပထမအကြိမ် (UK) အဆင့်မြင့် တက္ကသိုလ်နှင့်ကောလိပ်များ ပါဝင်သော ပညာရေးပြပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးပြပွဲတွင် တက္ကသိုလ်များမှ တာဝန်ရှိကိုယ်စားလှယ်များ လာရောက်မည်ဖြစ်ပြီး တက်ရောက်လာသော ကျောင်းသားကျောင်းသူများနှင့် မိဘများကို တက္ကသိုလ်အသီးသီးက ၎င်းတို့တက္ကသိုလ်များတွင် သင်ကြားပို့ချနေသော ဘာသာရပ်များ၊ သင်တန်းတက်ရန်အတွက် လိုအပ်သောပညာအရည်အချင်းများ၊ ရရှိနိုင်မည့်အလုပ်အကိုင်အခွင့်အလမ်းများကို ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။

နိုင်ငံခြား တက္ကသိုလ်များသို့ သွားရောက်ပညာသင်ကြားလိုသော လူငယ်များအတွက် အတွေ့အကြုံသစ်များပေးနိုင်မည့် ပညာရေးပြပွဲဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖောက်

**ဆားလင်းကြီး ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျားတက်-ဇီပဏီကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးစိုးခိုင်နှင့်ဝန်ထမ်းများက အရည်အသွေးပြည့်မီရေးအတွက် ဇန်နဝါရီလနောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျားတက်-ဇီပဏီကျေးရွာချင်းဆက်လမ်းသည် အရှည်(၂/ ၆)မိုင်၊ အကျယ် ၁၂ပေရှိပြီး ယခင်က မြေသားလမ်းဖြစ်၍ မိုးရာသီတွင် သွားလာရေးခက်ခဲသဖြင့် ယခုကဲ့သို့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သောကြောင့် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ မြင့်မားရေးဆင့်ပွားသင်တန်းကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁ ရက်က ဖွင့်လှစ်ရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်း သင်တန်းပို့ချစဉ်။ ပေါက်စ (မင်းလှ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၅ |
| ဥရောပ | တစ်ယူရို | ၁၄၁၀·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၄·၉၃ |
| ထိုင်း | တစ်ဘတ် | ၃၆·၁၂၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၉၈၅ |
| တရုတ် | တစ်ယွမ် | ၈၉၆·၈၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄·၆၇ |

ခင်ရတနာ-စုစည်းသည်။

၁၈-၁-၂၀၁၆ မှ ၂၂-၁-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၆၈ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၃၄၁ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့ စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးဝင်းမြင့်ထံသို့ လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသော ဦးဝင်းမြင့်ထံသို့ ပြည်သူ့လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးဝင်းမြင့်အား ဂုဏ်ပြုစကားပြောကြားသည်။

အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ဘွဲ့/ဒီဂရီ/ ဒီပလိုမာသင်တန်းသို့ ပညာသင် ၅၈ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၁၆၉ ဦး စုစုပေါင်းပညာသင် ၂၂၇ ဦးကို ပြည်ပနိုင်ငံ ၁၈ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဇန်နဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# မြန်ကြားရေးဝန်ကြီးဌာနနှင့် Konrad Adenaure Stiftung တို့ပူးပေါင်း၍ Civil Service Training သင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း Konrad Adenaure Stiftung တို့ ပူးပေါင်းဖွင့်လှစ်သည့် Civil Service Training သင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါသင်တန်းကို ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၌ အတွေ့အကြုံရရှိစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများနှင့် နှိုင်းယှဉ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စရပ်တွေမှာ နိုင်ငံတကာအတွေ့အကြုံတွေ ရရှိပြီး ဝန်ကြီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေတဲ့ အရာထမ်းတွေအနေနဲ့ ဒီကရတဲ့အတွေ့အကြုံတွေနဲ့ အတူ အသွင်ကူးပြောင်းရေးကို နိုင်ငံတကာနဲ့နှိုင်းယှဉ်ချိန်ထိုး လေ့လာဆောင်ရွက်နိုင်ဖို့ ဒီသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်" ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ၎င်း၏အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

သင်တန်းနည်းပြ အရှေ့တောင်အာရှလေ့လာရေးဌာန ပါမောက္ခ ဒေါက်တာ ဂနီစံက "သင်တန်းကာလမှာ ပြည်သူ့ကဏ္ဍအုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေ၊ ပြည်သူ့မူဝါဒနဲ့ ပတ်သက်တဲ့ဖွဲ့စည်းပုံတွေ၊ ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ လူထုယုံကြည်မှုကို ဘယ်လိုတည်ဆောက်ရမယ်ဆိုတာတွေ၊ စီမံကိန်းစီမံခန့်ခွဲမှုတွေ၊ ပြည်သူ့ဆက်ဆံရေးဆိုင်ရာတွေကို သင်ကြားပို့ချသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၄၀ တက်ရောက်ကြပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို ယခင်က တောင်ကြီး၊ မကွေး၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ မုံရွာ၊ နေပြည်တော်စသည့် မြို့ကြီးများတွင် ၁၉ ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ပဲခူးမြို့၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမှုထမ်းများ အဆင့်မြင့်သမဝါယမသင်တန်းဖွင့်

**မော်လမြိုင် ဖေဖော်ဝါရီ ၁**

မော်လမြိုင်မြို့ သမဝါယမသင်တန်းကျောင်းခန်းမ၌ အမှုထမ်းများ အဆင့်မြင့်သမဝါယမသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းတွင် စဉ်းစားတွေးခေါ်မှုပြောင်းလဲခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စာရင်းရေးစာရင်းကိုင်ပညာ၊ သမဝါယမစာရင်းကိုင်ပညာ၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Micro Capital Loan၊ လယ်ယာသုံး/လုပ်ငန်းသုံးစက်ကိရိယာများကို အရစ်ကျရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စာရင်းစစ်ဆေးခြင်း၊ အခြေခံသမဝါယမအသင်းများတွင် ထားရှိရမည့်စာရင်းဇယားရှစ်မျိုးရေးသွင်းနည်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အောင်မြင်နေသောသမဝါယမအသင်းများ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များ၊ သမဝါယမကျင့်ဝတ်၊ သဘောတရားနှင့် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မော်လမြိုင်-ကိုယ်ပွား)**

# Spectrum Roadmap ရေးဆွဲရေးအတွက် အကြံပြုချက်များ တောင်းခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လှိုင်းနှုန်းအသုံးပြုလိုသူများအနေဖြင့် လုပ်ငန်းအလိုက် အသုံးပြုနိုင်သည့်လှိုင်းနှုန်းများကို သိရှိနိုင်စေရန်နှင့် အသုံးပြုခွင့်ရရှိနိုင်မည့်ကာလတို့ ဖော်ပြပါရှိသည့် လှိုင်းနှုန်းအစီအစဉ် (Spectrum Roadmap) ကိုရေးဆွဲရန် အများပြည်သူ၏သဘောထားမှတ်ချက်တောင်းခံခြင်း (Public Consultation) ပြုလုပ်လျက်ရှိသည်။ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် နည်းပညာဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mcit.gov.mm/news/ptd-news တွင်ဖော်ပြထားပြီး ၂၀၁၆ ခုနှစ် မတ် ၁ ရက် နောက်ဆုံးထား၍ အကြံပြုချက်များ တောင်းခံလျက်ရှိကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(မြန်မာ့အလင်း)**

# ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် စာမူများ အချိန်မီပေးပို့ကြရန်နှိုးဆော်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် စာမူများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးပေးပို့ရန် မူလကသတ်မှတ်ထားသော်လည်း စာမူများကို ၂၀၁၆ ခုနှစ် မတ် ၁၅ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၉ ရက်က ကြေညာခဲ့ပြီးဖြစ်သည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် သတ်မှတ်ထားသောဘာသာရပ် ၁၃ မျိုး၌ နှစ်သက်ရာဘာသာရပ်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ပုံစံများကို စာတည်းမှူးချုပ် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်၌ရယူနိုင်ကြောင်းနှင့် နယ်မှစာမူတင်သွင်းလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများ မှာယူနိုင်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများရွေးချယ်ချီးမြှင့်ရာတွင် စာမူများစိစစ်ရွေးချယ်မှုပုံသဏ္ဌာန်ပြောင်းလဲလာခြင်း၊ ခေတ်စနစ်နှင့်လျော်ညီစွာ ဆုကြေးငွေများ တိုးမြှင့်ပေးအပ်ခြင်းစသည်တို့ကြောင့် စိတ်ဝင်စားစွာ ယှဉ်ပြိုင်လိုသူများပြားလာ၍ ပါဝင်ယှဉ်ပြိုင်လိုသောဝါသနာရှင်များ၏ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စာမူလက်ခံသည့်ရက် တိုးမြှင့်သတ်မှတ်ပေးခြင်းဖြစ်ကြောင်းနှင့် စာပေဝါသနာရှင်များ အချိန်မီစာမူတင်သွင်းနိုင်ရန် နှိုးဆော်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူအများယုံကြည်ကိုးစားသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏မှာကြားချက်များကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးတရားလွှတ်တော်ရှိ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ ပြင်ဦးလွင်၊ ရမည်းသင်း၊ ဒက္ခိဏခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

တရားသူကြီးများနှင့် တရားရေးအရာရှိများအနေဖြင့် အမှုများကို ဥပဒေနှင့်အညီ စစ်ဆေးစီရင်ရာတွင် မှန်ကန်စွာ၊ မြန်ဆန်စွာ၊ တရားမျှတစွာ စစ်ဆေးစီရင်ရန်၊ အများပြည်သူနှင့် ဆက်ဆံသည့်အခါ သိမ်မွေ့ညင်သာစွာ ဆက်ဆံကြရန်၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်စေရန်နှင့် ပြည်သူအများယုံကြည်ကိုးစားသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများနှင့် တိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ ပြင်ဦးလွင်၊ ရမည်းသင်း၊ ဒက္ခိဏခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိ ၁၀၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ မူဝါဒများရှင်းလင်း

**မြဝတီ ဖေဖော်ဝါရီ ၁**

မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒရှင်းလင်းပွဲကို ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကိုရှင်းလင်းပြောကြားပြီး မဟာဗျူဟာများ၊ အကောင်အထည်ဖော်မည့်အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ မွေးစမှ ငါးနှစ်အရွယ်အထိ ကလေးများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ စစ်ဆေးပေးသည့်ဝန်ဆောင်မှုများ၊ သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများအထိ မူကြိုပညာရေး၊ ငါးနှစ်မှ ရှစ်နှစ်အရွယ်အထိ ကလေးများအတွက် သူငယ်တန်းနှင့် မူလတန်းအောက်ဆင့် ပညာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# အီရတ်ပြည်သူ ၁၀ သန်းကျော် လူသားချင်းစာနာမှု အရေးပေါ်အကူအညီလိုအပ်နေ

**ဂျီနီဗာ ဖေဖော်ဝါရီ ၁**

အိုင်အက်စ်စစ်သွေးကြွတို့၏ စစ်ပွဲကြောင့် လူသားချင်းစာနာမှုအကျပ်အတည်းဆိုင်ရာ များပြားသောရန်ပုံငွေကွာဟချက်ကို ဖြည့်ဆည်းနိုင်ရေး အီရတ်သို့ အမေရိကန်ဒေါ်လာ ၈၆၁ သန်း အကူအညီပေးရန် ကုလသမဂ္ဂက တနင်္ဂနွေနေ့တွင် မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။

ဘဂ္ဂဒက်အစိုးရသည် ရေနံဈေးထိုးကျသွားသဖြင့် ဝင်ငွေအခွန်ရရှိမှုမှာလည်း ကျဆင်းသွားခဲ့ကြောင်း၊ အကူအညီလိုအပ်နေသော လူပေါင်း ၁၀ သန်းအား အကူအညီပေးရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ ဘီလီယံ၏ ထက်ဝက်ထက်မနည်းသော ရန်ပုံငွေထူထောင်ပေးရန်လိုကြောင်း ကုလသမဂ္ဂက ပြောသည်။

အီရတ်နိုင်ငံတွင် လာမည့်လများအတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလိုအပ်ချက်သည် ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း အီရတ်ဆိုင်ရာ ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး လိုက်စ်ဂရန်န့က ပြောသည်။

အီရတ်တပ်များက အိုင်အက်စ်တို့ထံမှ မြောက်ပိုင်းမြို့တစ်မြို့ကို ထိုးစစ်ဆင်ပြန်သိမ်းချိန်တွင် များပြားလှသော အရပ်သားများ မိုဆူးလ်မြို့သို့ ထွက်ပြေးကြလိမ့်မည်ဟု ကုလသမဂ္ဂက မျှော်လင့်ထားသည်။

(ရိုက်တာ)



ပြောင်းရွှေ့အခြေချနေထိုင်သူများ နေရာပြန်လည်ချထားရေးဝန်ကြီး ဂျက်ဆင် မိုဟာမက် အယ်လ် ဂျက်ဖ် (ညာ) သည် အီရတ်နိုင်ငံ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး လိုက်စ်ဂရန်န့နှင့်အတူ ဘဂ္ဂဒက်တွင် ပူးတွဲကြေညာချက်တစ်ခုကို မီဒီယာသို့ ပြောကြားနေစဉ်။



# တူရကီဝေဟင်ပိုင်နက် ရုရှားလေယာဉ် ချိုးဖောက်ဝင်ရောက်မှု နေတိုးနှင့်တူရကီရေဒါများက ဖမ်းယူနိုင်ခဲ့ဟုဆို

**အန်ကာရာ ဖေဖော်ဝါရီ ၁**

တူရကီဝေဟင်ပိုင်နက်အတွင်း ရုရှားဂျက်လေယာဉ်တစ်စင်း ပိုင်နက်နယ်မြေ ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း တူရကီနှင့် နေတိုးရေဒါများက ဖမ်းယူထားနိုင်ခဲ့ကြောင်း ဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူက တနင်္ဂနွေနေ့က ပြောဆိုလိုက်သည့်အပေါ် ရုရှားတို့က ယင်းမှာ ဝါဒဖြန့်မှုသာဖြစ်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

ရုရှား Su- 34 ဂျက်လေယာဉ်တစ်စင်းသည် သတိပေးမှုများကြားက တူရကီဝေဟင်အတွင်း ပိုင်နက်နယ်မြေ ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း တူရကီက စနေနေ့တွင် ပြောသည်။ အဆိုပါနှစ်နိုင်ငံသည် ဆီးရီး ယားစစ်ပွဲအတွင်း ပါဝင်လာခြင်းဖြင့် တင်းမာမှုများ အရှိန်မြင့်တက်လာသည်။ သို့သော်လည်း ရုရှားက မည်သည့်ကျူးကျော်မှုမျှမရှိကြောင်း ငြင်းဆိုထားသည်။

တူရကီ၏ စွပ်စွဲချက်သည် ဝါဒဖြန့်မှုသာဖြစ်ကြောင်း၊ ရုရှားက မည်သည့်လေယာဉ်မျှ ချိုးဖောက်ဝင်ရောက်ခဲ့ခြင်းမရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ် ဗိုလ်ချုပ်အီဂေါက ပြောသည်။ (ရိုက်တာ)

# အယ်လ်ဂျီးရီးယားတပ်ဖွဲ့များ တရားမဝင် ဝင်ရောက်ခိုလှုံသူ ကိုးဦးအား ဖမ်းဆီး

**အယ်လ်ဂျာ ဖေဖော်ဝါရီ ၁**

တနင်္ဂနွေနေ့က အယ်လ်ဂျီးရီးယားတပ်ဖွဲ့များသည် အွာဂလာပြည်နယ်၌ တရားမဝင် ဝင်ရောက်ခိုလှုံသူကိုးဦးကို ဖမ်းဆီးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဖမ်းဆီးရမိသူများတွင် အမဲပစ်သေနတ်များနှင့် ယမ်းတောင့်များ လက်ဝယ်ထားရှိကြောင်း ယင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။ ယင်းဖမ်းဆီးမှုနှင့် လစ်ဗျားကို တိုက်ခိုက်ရန် မော်ရိုကိုတပ်သားသစ် စုဆောင်းမှုမည်သို့ဆက်သွယ်မှုရှိကြောင်း မသိရသေးပေ။

အယ်လ်ဂျီးရီးယားအစိုးရသည် ယင်းနိုင်ငံမှတစ်ဆင့် လစ်ဗျားရှိ အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်သွယ်ချိတ်ဆက်မှုရှိသော မော်ရိုကိုနိုင်ငံသားများကို သတိပေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အာဖရိကအနောက်ပိုင်းကမ်းရိုးတန်းနှင့် တောင်ကုန်းဒေသဆိုင်ရာ အယ်လ်ဂျီးရီးယားဝန်ကြီး အက်ဒဲလ်ကဒါမက်ဆာဟဲလ်က အယ်လ်ဂျီးရီးယားနိုင်ငံဆိုင်ရာ မော်ရိုကိုသံအမတ်ကြီးကို ဆင့်ခေါ်၍ လစ်ဗျားတွင် အကြမ်းဖက်မှုများပြုလုပ်ရန် မော်ရိုကိုနိုင်ငံသားများ အယ်လ်ဂျီးရီးယားမှတစ်ဆင့် သွားလာမှုများပြုလုပ်နေခြင်းကို သတိပေးခဲ့သည်။

ထိုသို့သတိပေးမှုများပြုလုပ်ခဲ့ပြီးနောက် အယ်လ်ဂျီးရီးယားအာဏာပိုင်များက အယ်လ်ဂျာနှင့်ထရီပိုလီသို့ ပြေးဆွဲနေသောလေကြောင်းလိုင်းများကို မကြာသေးမီကဆိုင်းငံ့လိုက်ကြောင်းသိရသည်။

(ဆင်ဟွာ)

# နိုင်ဂျီးရီးယားတွင် ဘိုကိုဟာရမ် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၆၅ ဦး သေဆုံး

**အဘူဂျာ ဖေဖော်ဝါရီ ၁**

နိုင်ဂျီးရီးယား အရှေ့မြောက်ဘက် ရွာတစ်ရွာတွင် ဘိုကိုဟာရမ်စစ်သွေးကြွများ၏တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၆၅ဦးသေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

စစ်သွေးကြွများသည် ကားနှင့် မော်တော်ဆိုင်ကယ်များကို အသုံးပြုကာ နိုင်ဂျီးရီးယားအရှေ့မြောက်ဘက် ရွာသို့ရောက်လာပြီး တိုက်ခိုက်မှုများ ပြုလုပ်သွားသည်ဟု ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြသည်။

၎င်းတို့သည် ဒေသခံများကို ပစ်သတ်ပြီး အိမ်များကို မီးရှို့ခဲ့ကြသည်။ အသေခံဗုံးခွဲ အမျိုးသမီး သုံးဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဘိုကိုဟာရမ် စစ်သွေးကြွများ၏ လက်ချက်ဖြစ်ကြောင်း မျက်မြင်သက်သေများ၏ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်း သတင်းမီဒီယာများက ဖော်ပြသည်။ တနင်္ဂနွေနေ့ကလည်း အိမ်နီးချင်း ချဒ်နိုင်ငံတွင် ဘိုကို ဟာရမ်စစ်သွေးကြွများ လက်ချက်ဖြင့် လူသုံးဦးသေဆုံးခဲ့ပြီး ၅၆ ဦး ဒဏ်ရာရခဲ့ကြသည်။

အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွသစ္စာခံ ဘိုကိုဟာရမ်စစ်သွေးကြွများသည် နိုင်ဂျီးရီးယားနှင့် အိမ်နီးချင်းနိုင်ငံများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိပြီး ပြန်ပေးဆွဲထားသော အမျိုးသမီးများကို အသေခံဗုံးခွဲသမားများ ပြုလုပ်ရန် အတင်းအကျပ်စေခိုင်းမှုများရှိကြောင်း သိရသည်။

အကြမ်းဖက် စစ်သွေးကြွများ လက်ချက်ဖြင့် လူပေါင်း ၁၇၀၀၀ သေဆုံးခဲ့ပြီး ၂ ဒသမ ၅ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည်။

(အင်န်အိတ်ချ်ကေ)

# ထိုင်ဝမ်အလယ်ပိုင်း ဓာတုစက်ရုံမီးလောင်ပေါက်ကွဲ၊ နှစ်ဦးပျောက်ဆုံးနေ



**တိုင်ပေ ဖေဖော်ဝါရီ ၁**

ထိုင်ဝမ်အလယ်ပိုင်း ထိုင်ချုန်မြို့ရှိ ဓာတုစက်ရုံတစ်ရုံ၌ တနင်္လာနေ့ နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ စက်ရုံလုပ်သားနှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်းမီဒီယာက ဖော်ပြသည်။

နံနက် ၅ နာရီ ၅၁ မိနစ်ဝန်းကျင်တွင် ပေါက်ကွဲသံကို ကြားလိုက်ရသည်ဟု ဒေသတွင်း China Times သတင်းစာ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားပြီး ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ မီးတောက်များနှင့် မီးခိုးထုကြီးများ တလိပ်လိပ်တက်နေပုံကို လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူနှစ်ဦးအား ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ စက်ရုံမှလည်း အလုပ်သမားနှစ်ဦးပျောက်ဆုံးနေကြောင်း သတင်းပေးခဲ့သည်။ ဆေးရုံတွင်ရှိနေသူနှစ်ဦးသည် စက်ရုံပေါက်ကွဲမှု၌ ပျောက်ဆုံးနေသူ ဟုတ် မဟုတ်ဟူသည့်အချက်ကို မသိရှိရသေးပေ။

(ဆင်ဟွာ)

# ကိုလံဘီယာ၌ ဇီကာဗိုင်းရပ်စ်ကာကွယ်ရေး အပူတပြင်းလုပ်ဆောင်

**ဘိုဂိုတာ ဖေဖော်ဝါရီ ၁**

ကိုလံဘီယာကျန်းမာရေးအာဏာပိုင်များသည် ခြင်မှတစ်ဆင့်ပေါက်ပွားသည့် ဇီကာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ရန် တွန်းအားပေးလျက်ရှိသည်။ အဆိုပါဗိုင်းရပ်စ်သည် သန္ဓေသားကို အကြီးအကျယ်ထိခိုက်စေသည်ဖြစ်ရာ နိုင်ငံအတွင်းရှိ ရောဂါပိုးကူးစက်ခံရသူ ကိုယ်ဝန်ဆောင်အမျိုးသမီး ၂၁၀၀ ကျော်တို့အတွက် ကျန်းမာရေးအစီအမံများကို အဓိကထားလုပ်ဆောင်လျက်ရှိသည်။

ယခုအခါ ကိုယ်ဝန်ဆောင်အမျိုးသမီး ၂၁၁၆ဦးသည် ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရပြီး အာဏာပိုင်များအနေဖြင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် နောက်ဆက်တွဲ အလားအလာများအတွက် သတိပေးနှိုးဆော်မှုများကို အပူတပြင်းဆောင်ရွက်လျက်ရှိသည်ဟု ပြီးခဲ့သည့်သီတင်းပတ်က ကိုလံဘီယာကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ဖော်ပြောဆိုမှုကို ကိုးကားလျက် ရောဂါစောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။

(ဆင်ဟွာ)

# တောင်ကုတ်၊ သပိတ်ကျင်း၊ ဗန်းမော်နှင့် ဟုမ္မလင်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များတိုးချဲ့တပ်ဆင်လျက်ရှိရာ ပထမအဆင့်တွင် စက်ရုံ ၁၉ ရုံနှင့် ဒုတိယအဆင့်တွင် စက်ရုံ ၃၅ ရုံကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

ဆက်လက်ပြီး တတိယအဆင့် ဆောင်ရွက်သွားမည့် FM လွှင့်စက်ရုံ ၂၅ ရုံအနက် တောင်ကုတ်စက်ရုံတွင် ဇန်နဝါရီ ၁ ရက်မှစတင်၍ လွှင့်အား ၁၅၀ W၊ လှိုင်းနှုန်း (88.0 MHz) ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ သချီကိုင်း၊ ကြိုးကြာကွင်း၊ နတ်မော်၊ ကိုင်းရှည်၊ ဝက်ကျိတ်၊ ရန်ခေါ်၊ တရက်၊ မီးချောင်းထိုးကျေးရွာများအထိလည်းကောင်း၊ သပိတ်ကျင်းစက်ရုံတွင် ဇန်နဝါရီ ၈ ရက်မှစတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း (89.2 MHz) ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ ကျောက်ကြီး၊ ဝါးဖြူတောင်၊ ကျောက်လှည်းဘီး၊ အုံးဇုံး၊ တွင်းငယ်၊ ကျောက်ဖျာ၊ ကျောက်ဖြူစပါယ်နဂို၊ ဝါးရုံကုန်း၊ ကြာညှပ်ကျေးရွာများအထိလည်းကောင်း ဗန်းမော်စက်ရုံတွင် ဇန်နဝါရီ ၂၁ ရက်မှစတင်၍ လွှင့်အား 1 KW၊ လှိုင်းနှုန်း (88.0 MHz) ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါထုတ်လွှင့်မှုကို အောင်သာ၊ ပင်လုံ၊ ဟဲလုံသစ်၊ တိန်းသော်၊ သဖန်းပင်၊ မြစေတီ၊ ပါပေါင်း၊ လက်ပန်တန်း၊ ကံသာ၊ ညောင်ပင်သာ၊ ဝက်ကုံး၊ သိန်လင်ကျေးရွာများအထိလည်းကောင်း၊ ဟုမ္မလင်းစက်ရုံတွင် ဇန်နဝါရီ ၂၂ ရက်မှစတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း (89.2 MHz) ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ နောင်လွှန်၊ မှန်ပင်၊ ကွန်းတောင်း၊ ညောင်ပင်သာ၊ ကက်သာ၊ ဟင်နောင်၊ သဝန်-ဖာနိုင်း၊ ခတောင်းပွင့်၊ ပရစ်-ဖာနိုင်း၊ မြင်သာ၊ ခိုတောင်း၊ နောင်ဆန်းကျင်၊ လောင်းမင်း၊ မောင်းခမ်း၊ ပေပင်၊ မိုင်းတောင်၊ မှိုင်းဝယ်၊ နောင်ပင်ကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

တတိယအဆင့်စက်ရုံ ၂၅ ရုံအနက် စက်ရုံလေးရုံမှ မြန်မာ့အသံ FM ရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ကျန်စက်ရုံများတွင် စက်ပစ္စည်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

၂။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

၄။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

၅။ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့ ရွှေကျင်ဂျားကျောင်းဆရာတော် ဦးစန္ဒာဝရနှင့် မောင်နှမများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဇန်နဝါရီ ၂၈ ရက်က ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်ကြည် လက်ခံယူစဉ်။ (သတင်းစဉ်)

**နိုင်ငံတကာသတင်း**

## အိန္ဒိယနိုင်ငံအနောက်ဘက်ကမ်းခြေ၌ ကောလိပ်ကျောင်းသား ၁၀ ဦးထက်မနည်း ရေနစ်သေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၁**

**ဂျေတီ**

အိန္ဒိယနိုင်ငံ အနောက်ဘက် မဟာရာစထရာပြည်နယ် ရိုင်းဂတ်ခရိုင်ရှိ အာရေဗျပင်လယ်ကမ်းခြေ၌ ဖေဖော်ဝါရီ ၁ ရက်က ပျော်ပွဲစားထွက်သော ကောလိပ်ကျောင်းသား ၁၀ ဦးထက်မနည်း ရေနစ်သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက သတင်းဖော်ပြသည်။

မွန်ဘိုင်းမြို့မှ တောင်ဘက်ကီလိုမီတာ ၁၅၀ ခန့်အကွာတွင် တည်ရှိသော ရိုင်းဂတ်ခရိုင် မူရတ်ကမ်းခြေ၌ ကောလိပ်ကျောင်းသားများ ရေကူးနေကြစဉ် ရေနစ်ပြီးသေဆုံးခဲ့ခြင်းဖြစ်သည်။ အဆိုပါကျောင်းသားများမှာ ပွန်းမြို့ရှိ Inamdar College ကျောင်းမှ လူ ၁၃၀ ခန့်ပါဝင်သည့် ကျောင်းသား အုပ်စုတစ်စုမှ ဖြစ်ကြကြောင်း၊ သေဆုံးသူများထဲတွင် အသက် ၁၉ နှစ်နှင့် ၂၃ နှစ်အကြား အမျိုးသား အမျိုးသမီးများ ပါဝင်ကြောင်း သတင်းများအရ သိရသည်။

ကယ်ဆယ်ရေးလုပ်သားများသည် ရေနစ်သူများအနက် အမျိုးသမီးလေးဦးကို အသက်ဘေးမှ ကယ်တင်နိုင်ခဲ့ပြီး ကျန်ဒါဇင်နှင့်ချီသောလူများမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အိန္ဒိယသတင်းဌာနတစ်ခုဖြစ်သည့် အင်ဒို-အာရှန်းက ဖော်ပြသည်။

ဒေသခံပြည်သူများနှင့် ရိုင်းဂတ်ခရိုင် ရဲတပ်ဖွဲ့ဝင်များသည် အနီးအနားရှိ ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# နိုင်ငံခြားသင်္ဘော၌ တာဝန်ထမ်းဆောင်မည့်သူများအတွက် ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်များ ထုတ်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြည်ပနိုင်ငံရှိ သင်္ဘောများတွင် သွားရောက်အလုပ်လုပ်ကိုင်ကြမည့် သင်္ဘောသားအရာရှိများအတွက် ကျွမ်းကျင်မှုလက်မှတ် (Certificates of Competency- CoC) နှင့် အခြားအဆင့် သင်္ဘောသားများအတွက် တတ်ကျွမ်းမှုလက်မှတ် (Certificates of Proficiency - CoP) များအား All-in-One Booklet စာအုပ်တစ်အုပ်တည်းအဖြစ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

သင်္ဘောသားများ အနေဖြင့် လက်ရှိရယူထားသော ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များသည် သတ်မှတ်ချက်များပြားလာသည့်အတွက် ကိုင်ဆောင်ထားသော လက်မှတ်များကို တစ်စုတစ်စည်းတည်းသိမ်းဆည်းရာတွင် မကြာခဏ ပျောက်ဆုံးခြင်းနှင့် အဆင်မပြေမှုများ ရှိသည့်အပြင် လက်မှတ်တစ်စောင်ချင်းစီ၏ သက်တမ်းကုန်ဆုံးရက်မှာ အမျိုးမျိုးကွဲပြားလျက်ရှိခြင်းတို့ကြောင့် မကြာခဏ သက်တမ်းတိုးဆောင်ရွက်ရကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတော်သို့ လက်မှတ်ကြေးများ ပေးသွင်းရာတွင်လည်း တစ်ဦးချင်း၏ လက်မှတ်မျိုးစုံ ကွဲပြားနေသည့်အတွက် စာရင်းပြုစုရာတွင် အချိန်ကုန်ခြင်း၊ အမှားအယွင်းဖြစ်နိုင်ခြင်း၊ ဘဏ်သို့ မကြာခဏ သွားရောက်ရသည့် အခက်အခဲများရှိကြောင်း သိရသည်။

အဆိုပါ အခက်အခဲများကို ပြေလည်စေရန်အတွက် နိုင်ငံအများစုတွင် ကျင့်သုံးလျက်ရှိသော လက်မှတ်များကို တစ်စုတစ်စည်းတည်းဖြစ်စေပြီး ဌာနကလည်း လွယ်ကူလျင်မြန်သော စနစ်ဖြင့် ထုတ်ပေးနိုင်ရန်အတွက် လက်မှတ်အားလုံးသက်တမ်းတိုးခြင်းကို ငါးနှစ်လျှင် တစ်ကြိမ်သာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ All-in-One Booklet ထုတ်ပေးသည့်စနစ်ကို ပြောင်းလဲကျင့်သုံးသွားမည်ဟု ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာအုပ်လျှောက်ထားခြင်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် လျှောက်လွှာများ စတင်လက်ခံခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ စာအုပ်ထုတ်ပေးခြင်းကို ကြားကာလတစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်္ဘောသားများအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်အသစ်များကိုင်ဆောင်၍ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

အသစ်ပြောင်းလဲ ထုတ်ပေးသွားမည့် All-in-One Booklet သည် နိုင်ငံတကာတွင် သုံးစွဲလျက်ရှိသော ပုံစံများအတိုင်း အရွယ်အစားတူညီခြင်း၊ နိုင်ငံတော်တံဆိပ်အသစ်အပါအဝင် နိုင်ငံတော်နှင့်ပတ်သက်သည့် စာသားများ ပြောင်းလဲပြင်ဆင်ထားခြင်း၊ နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ပုံစံတကျပြင်ဆင်ထားခြင်း၊ အတုအပပြုလုပ်နိုင်ရန် ခက်ခဲသည့်လုံခြုံမှုစနစ်ကိုးမျိုး ထည့်သွင်းရိုက်နှိပ်ထားခြင်း၊ ပုံနှိပ်ထုတ်ဝေပေးမည့်ကုမ္ပဏီက ပြင်ပသို့ စာရွက်စာတမ်းများ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် စာချုပ်စာတမ်းများဆိုင်ရာဥပဒေများအရ တရားရုံး စာချုပ်ချုပ်ဆိုခြင်း၊ စာအုပ်တွင် ထည့်သွင်းထားသည့် လုံခြုံမှုစနစ်များအနက် အချို့ကို ဌာနမှတာဝန်ရှိသူများကိုယ်တိုင် ထည့်သွင်းဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် လိုအပ်သောထောက်ပံ့မှုများ လွှဲပြောင်း ဆောင်ရွက်စေခြင်းတို့အပြင် နိုင်ငံတကာနှင့် တိုက်ရိုက်ဆက်သွယ်ပြန်ကြားနိုင်မည့် National Database စနစ်တစ်ခုကိုလည်း တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ စာအုပ်လျှောက်ထားခြင်းကို အရာရှိများအနေဖြင့် အွန်လိုင်းမှ လျှောက်ထားနိုင်ပြီး အခြားအဆင့် သင်္ဘောသားများအနေဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားရန် လိုအပ်ကြောင်း သိရသည်။ လျှောက်ထားရမည့် အွန်လိုင်းလိပ်စာမှာ (sseapplication.dmamyanmar.org) ဖြစ်ကြောင်း သိရသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် လက်ရှိမှတ်ပုံတင်ထားသည့် သင်္ဘောသားဦးရေ ၅၈၃၉၄ ဦးရှိပြီး တစ်နှစ်လျှင် ပြည်ပသင်္ဘောများတွင် အလုပ်လုပ်ကိုင်နေသူဦးရေ ၂၄၀၀၀ ခန့်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



သင်္ဘောသားအရာရှိများ သင်တန်းတက်ရောက်နေစဉ်။

## ဟသ်ာတမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ဟသ်ာတ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စု၊ ပဲကြီးကျွန်းကျေးရွာအုပ်စု၊ စစ်ကုန်းကျေးရွာအုပ်စုအတွင်းနေထိုင်ကြသော ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသိန်းစီနှင့် ဆေးစိမ်ခြင်ထောင်တစ်လုံးစီ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းကို ဇန်နဝါရီ ၂၉ ရက်က ဆောင်ရွက်ခဲ့ရာ အိမ်ထောင်စု ၄၇၂ စုအတွက် ငွေကျပ် ၁၄၁၆ သိန်းနှင့် ဆေးစိမ်ခြင်ထောင် ၄၇၂ လုံး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဟသ်ာတမြို့နယ် ပဲကြီးကျွန်းကျေးရွာ၌ သွပ်မိုး၊ အုတ်ကာအာစီအမျိုးအစား ကျောင်းဆောင်သစ်တစ်ဆောင်ကိုလည်း ဧပြီလမတိုင်မီ ဆောက်လုပ်လှူဒါန်းပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စီမံကိန်းမန်နေဂျာ ဒေါ်အေးအေးသန့်က ပြောသည်။ **(ခရိုင် ပြန်/ဆက်)**

# နိုင်ငံခြားသားများ ကွန်ဒိုတိုက်ခန်းဝယ်ယူမှုများလာနိုင်ပြီး အိမ်ခြံမြေဈေးကွက်လည်း သွက်လက်လာနိုင်

**သတင်းဆောင်းပါး-စိုးဝင်း(SP)**

**ဓာတ်ပုံ - တင်လှမောင်**

မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် လာရောက်နေထိုင်ကြမည့် နိုင်ငံခြားသားများအနေဖြင့် ယခုအခါ ကွန်ဒိုမီနီယံဥပဒေထွက်ပေါ်ခဲ့ပြီဖြစ်သောကြောင့် ကွန်ဒိုတိုက်ခန်းများကို ငှားရမ်းနေထိုင်ခြင်းအစား ဝယ်ယူနေထိုင်ခြင်းက ပို၍ များလာဖွယ်ရှိကာ အိမ်၊ ခြံ၊ မြေ ဈေးကွက်လည်း ပို၍ လှုပ်ရှားသွက်လက်လာနိုင်ကြောင်း သိရသည်။

အိမ်ခြံမြေ ရောင်း၊ ဝယ်၊ ငှားသူများအတွက် ဝန်ဆောင်မှုပေးနေသည့် iMyanmarHouse.com မှ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက "ဒီလို ကွန်ဒိုဥပဒေထွက်ပေါ်ခဲ့လိုက်တာဟာ အိမ်၊ ခြံ၊ မြေဈေးကွက်မှာ အရောင်းအဝယ် တော်တော်ဖြစ်လာနိုင်စရာ အကြောင်းရှိပါတယ်။ ဥပဒေအရ ဆိုလိုထားတာက ကွန်ဒိုတစ်လုံးမှာ တိုက်ခန်းပေါင်း ၁၀၀ ရှိရင် အခန်းပေါင်း ၄၀ ကို ဆောက်လုပ်ရေးသမားက နိုင်ငံခြားသားကို ရောင်းချပေးနိုင်တဲ့ သဘောပေါ့။ အဲဒီတော့ အိမ်၊ ခြံ၊ မြေဈေးကွက်ကြီးဟာလည်း ပြန်လည် အသက်ဝင် လှုပ်ရှားနိုင်စရာအကြောင်းရှိပါတယ်"ဟု ပြောသည်။

"ဒီလို ကွန်ဒိုဥပဒေထွက်ပေါ်လိုက်တာဟာ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေအတွက်တင် မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေကို တစ်ဖက်တစ်လမ်းက စည်းမျဉ်း၊ စည်းကမ်းတွေသတ်မှတ်ပြီး ဥပဒေအရ တင်းကျပ်လိုက်တာဖြစ်တဲ့အတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေဟာ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းတွေ ဖြစ်လာတော့မှာပါ။ ကျွန်တော်တို့ နိုင်ငံက ပြည်သူတွေအတွက် လွန်စွာအကျိုးရှိသွားပါတယ်။ ဘာလို့လဲဆိုတော့ ကွန်ဒိုရဲ့စံချိန်စံညွှန်းနဲ့ ညီညွတ်တဲ့အခန်းတွေကို အများပြည်သူတွေကလည်း ဝယ်ယူနိုင်ကြတော့မှာမို့ပါ" ဟုပြောကြားသည်။



ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ ကွန်ဒိုတိုက်ခန်းများ။

ကွန်ဒိုမီနီယံဥပဒေ ထွက်ပေါ်လာသဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ကွန်ဒိုတိုက်ခန်း တစ်လုံးလုံး၏ ၄၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးကုမ္ပဏီများမှ ရောင်းချနိုင်ကြကြောင်း၊ ကွန်ဒိုမီနီယံဥပဒေအရ ဆောက်လုပ်ရေးလုပ်ငန်းများကို စည်းမျဉ်း၊ စည်းကမ်းများသတ်မှတ်ပြီး ဥပဒေအရ တင်းကျပ်လိုက်ခြင်းဖြစ်သည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်းဖြစ်လာတော့မည်ဖြစ်၍ နိုင်ငံခြားသားများသာမက ပြည်သူများအတွက်လည်းအကျိုးရှိကြောင်း၊ ကွန်ဒိုစံချိန်မီ အခန်းများကို ဝယ်ယူနိုင်ကြမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းမှမြှင့်တင်ပေးလိုက်ခြင်းဖြစ်ကာ အိမ်၊ ခြံမြေလုပ်ငန်းများ လုပ်ဆောင်နေကြသူများ အတွက်လည်း ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးရလဒ်များ ရလာနိုင်မည်ဖြစ်ကြောင်းနှင့် ဥပဒေထွက်ပေါ်လာခြင်းကို အိမ်၊ ခြံ၊ မြေ အသိုင်းအဝိုင်းက ကြိုဆိုကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

ပြည်တွင်းအိမ်ခြံမြေ ဈေးကွက်သည် ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်နှစ်ကုန်ပိုင်းအထိ အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ အငှားသမားများသာ ပုံမှန်ရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် အိမ်၊ ခြံ၊ မြေအရောင်းအဝယ်အချို့ရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် လက်ရှိ အိမ်၊ ခြံ၊ မြေဈေးကွက်၌ အရောင်း၊ အဝယ်၊ အငှားများ ပိုမိုဖြစ်လာနိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာလည်း ယခင်နှစ်များထက် ၅၀ ရာခိုင်နှုန်း ပိုမိုတိုးတက်လာနိုင်မည်ဟု အိမ်၊ ခြံ၊ မြေလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

"လက်ရှိ အိမ်၊ ခြံ၊ မြေဈေးကွက်က ပြီးခဲ့တဲ့နှစ်ကထက်စာရင် အရောင်းအဝယ် နည်းနည်းပြန်ဖြစ်နေပြီလို့ ပြောလို့ရပါတယ်။ အချို့တိုက်ခန်းသမားတွေ၊ မြေကွက်သမားတွေကလည်း ဈေးလျှော့ပြီးရောင်းချလာကြတာကို တွေ့ရပါတယ်။ ဒီနှစ်အတွင်းနဲ့ လာမယ့် ၂၀၁၇ ခုနှစ် ကာလတွေမှာ အိမ်၊ ခြံ၊ မြေဈေးကွက်ဟာ အရောင်းအဝယ်တွေ ပိုမိုဖြစ်လာတော့မှာပါ၊ အငှားတွေလည်းဖြစ်လာပါလိမ့်မယ်။ နိုင်ငံခြားကနေ အိမ်၊ ခြံ၊ မြေရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာပါလိမ့်မယ်"ဟု ဦးနေမင်းသူက ခန့်မှန်းပြောကြားသည်။

နိုင်ငံ၏ အိမ်၊ ခြံ၊ မြေ ဈေးနှုန်းအတက်၊ အကျကမူ နောက်တက်မည့် အစိုးရအပေါ်တွင် မူတည်ကြောင်း၊ နောက်အစိုးရလက်ထက်တွင် အခြေခံလူတန်းစား ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို အရင်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ လက်ရှိဆောက်လုပ်ပြီးသည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများမှာ တစ်ခန်းလျှင်ကျပ် သိန်း ၂၀၀၊ ၃၀၀ အထိ ဈေးပေါက်ပြီး ဈေးကစားမှုများလည်း ရှိခဲ့သဖြင့်အခြေခံလူတန်းစားများအတွက် မတတ်နိုင်ခဲ့ကြောင်း၊ နောင်ဆောက်လုပ်မည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို အများပြည်သူများလက်ထဲ အမှန်တကယ်ရောက်ရန် မူဝါဒများချမှတ်ပြီးရောင်းစေချင်ကြောင်းလည်း ၎င်းက သုံးသပ်ပြောကြားသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ရေရှည်စီမံကိန်းအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီး ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွံတေး၊ သန်လျင်နှင့် မှော်ဘီမြို့နယ်များ၌ မြို့သစ်စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြေယာရှားပါးမှု ပြဿနာများကို ဖြေရှင်းပေးနိုင်ကာ မြေဈေးနှုန်းမြင့်တက်မှုများကို လျော့ကျစေနိုင်ကြောင်းလည်း ၎င်းက အကြံပြုပြောကြားခဲ့သည်။

# မိုးညှင်းမြို့နယ်၌ ကွန်ကရစ်အာရ်စီတံတားဆောက်လုပ်

**မိုးညှင်း ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား လမ်းမပေါ်ရှိ အာရ်စီကွန်ကရစ်တံတား အမှတ် ၂/ ၁၈၃ **(အောက်ပုံ)**ကို ဆောက်လုပ်ရေးလမ်းတံတားအထူးဖွဲ့ (၁)က တာဝန်ယူဆောက်လုပ်နေကြောင်း သိရသည်။

အဆိုပါတံတားမှာ အရှည် ပေ ၄၀၊ အကျယ် ပေ ၃၀၊ ဖောင်ဒေးရှင်းအနက် ၁၈ ပေ၊ အာရ်စီရက်မ၊ အာရ်စီကွန်ကရစ်ကြမ်းခင်းခြင်းဖြစ်ပြီး လူအင်အား ၄၀ ဖြင့် ယင်းတံတားကို တည်ဆောက်လျက်ရှိသည်။

တံတားဆောက်လုပ်နေချိန်တွင် ခရီးသွားပြည်သူများ သွားလာရေးအခက်အခဲမရှိ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ယာယီကွင်းလမ်းကို ကောင်းမွန်စွာဆောက်ရွက်ထားပေးကြောင်း၊ တံတားကို ဖေဖော်ဝါရီလကုန်အတွင်း အပြီးတည်ဆောက်သွားမည်ဟု လမ်းအထူးအဖွဲ့ (၁) တာဝန်ရှိသူက ပြောကြားသည်။

**ခင်မောင်ဆွေ(မော်လူး)**






# ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ အားကစားပညာအသင်းဗိုလ်စွဲ

**မန္တလေး ဖေဖော်ဝါရီ ၁**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁ရက် ညနေ ၃နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ အားကစားပညာဘာသာရပ်အသင်းနှင့် ရုက္ခဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားပညာဘာသာရပ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရ ဓာတုဗေဒဘာသာရပ်အသင်း၊ ဒုတိယဆုရ ရုက္ခဗေဒဘာသာရပ်အသင်းနှင့် ပထမဆုရအားကစားပညာဘာသာရပ်အသင်းတို့မှ အားကစားသမားများအား ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်းနှင့် ပါမောက္ခဌာနမှူးများ၊ အား/ကာ သိပ္ပံကျောင်းအုပ်ကြီးတို့က တစ်ဦးချင်းဆုများ ချီးမြှင့်ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပထမဆုရအားကစားပညာဘာသာရပ်အသင်းအား ပထမတံခွန်စိုက် ဆုဖလားကို ချီးမြှင့်သည်။ **(အပေါ်ပုံ)** **တင်မောင်(မန်းကိုယ်ပွား)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တို့အား လွှတ်တော်က ရွေးချယ်တင်မြှောက်ကြသည်။**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ချောင်းဆုံမဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်အား ပြည်သူ့လွှတ်တော်က သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်နှင့် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်းတို့က တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့် တစ်ဦးတည်းကိုသာ ဥက္ကဋ္ဌလောင်းအဖြစ် တင်သွင်းသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ (၁၁) အရ ဦးဝင်းမြင့်အား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းနှင့် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်တို့က ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် တစ်ဦးတည်းကိုသာ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် တင်သွင်းသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၁၁) အရ ဦးတီခွန်မြတ်အား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးတီခွန်မြတ်တို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိ ဒေါ်ခင်ဌေးကြွယ်က ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား တာဝန်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့သည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် ဂုဏ်ယူစရာနေ့တစ်နေ့ဖြစ်ပါကြောင်း၊ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒုတိယအကြိမ် လွှတ်တော်ကြီး ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် အာဏာကြီး ၃ ရပ်အနက် လွှတ်တော်၏ အဓိက တာဝန်သည် ဥပဒေပြုရေးဖြစ်ပါကြောင်း၊ ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူမဖြစ်စေရဆိုသည့် ဆိုရိုးစကားနှင့်အညီ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကို လေ့လာဖတ်ရှုပြီး လေးစားလိုက်နာခြင်းဖြင့် ကိုယ်စားလှယ်များ၏ ဂုဏ်ရည်ကို ပြသစေလိုပါကြောင်း။

ထို့ပြင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များသည် ဒီမိုကရေစီကျင့်စဉ်နှင့်ညီ/မညီ၊ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်/မကိုက်၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆီလျော်မှု ရှိ/မရှိ၊ နိုင်ငံတကာ စာချုပ်စာတမ်းများနှင့် အကျုံးဝင်/မဝင်၊ ပြည်သူလူထုအတွက် အကျိုးရှိ/မရှိ၊ ပြည်သူလူထု၏ ဘဝလုံခြုံရေးနှင့် စိတ်လုံခြုံရေးကို အကာအကွယ် ပေး/မပေးတို့ကို လေ့လာစိစစ်ကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း။

မိမိအနေဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်တို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု



**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမမြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄၈ ဦး၊ အခြားပါတီဝင်/အဖွဲ့အစည်းနှင့် ပြည်သူလူထု ၁၄၀၊ သင်တန်းသား သင်တန်းသူ ၃၀နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်များနှင့် နိုင်ငံခြားဧည့်သည်တော် ၁၃ ဦးတို့ လေ့လာကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များသင်တန်းပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များအားဆင့်ပွားသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအထောက်အကူပြုခန်းမ၌ကျင်းပသည်။

"ဒီသင်တန်းတွေ ပို့ချပေးခြင်းဖြင့် တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်ကျေးရွာတွေမှာ ရပ်ရေးရွာရေးကို တကယ်အရေးကြုံလာရင် တက်ကြွဖျတ်လတ်စွာ ဝင်ရောက်ဆောင်ရွက်လိုတဲ့ လူငယ်မောင်မယ်တွေပေါ်ထွက်လာစေမှာဖြစ်ပါတယ်။ သင်တန်းဆင်းလူငယ်လေးတွေကနေ တစ်ဆင့် အချင်းချင်း ပရဟိတစိတ်ရှိတဲ့၊ တက်ကြွတဲ့ လူငယ်တွေကို ဆင့်ပွားသင်တန်းတွေ ပေးနိုင်မှာဖြစ်ပါတယ်။ ဒီလိုနဲ့ ရပ်ရွာတွေမှာ သဘာဝဘေးလျော့ပါးရေး လူငယ်အဖွဲ့တွေကိုလည်း ဖွဲ့စည်းနိုင်မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်တာက ပြောသည်။

ယင်းသင်တန်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ ခုမှ သင်တန်းသား အမျိုးသား အမျိုးသမီး ၃၀ တက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ နည်းပြများ၊ World Vision Myanmar မှ နည်းပြများ၊ သဘာဝဘေးဆိုင်ရာ လူငယ်သင်တန်းများမှ ဆရာဖြစ်နည်းပြများက သင်ကြားပေးခဲ့သည်။ သဘာဝဘေး အခြေခံဝေါဟာရများ၊ မြန်မာနိုင်ငံသဘာဝဘေးစီမံခန့်ခွဲမှုစနစ်နှင့် ဥပဒေ၊ နည်းဥပဒေများ၊ ထိခိုက်လွယ်အုပ်စုများ၊ ဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုကို နားလည်စေခြင်း၊ ရပ်ရွာအခြေပြုသဘာဝဘေး စီမံခန့်ခွဲမှု၊ ပြန်လည်ထူထောင်ရေး၊ ဘေးအန္တရာယ်နှင့် ဖွံ့ဖြိုးတိုးတက်မှု ဆက်နွှယ်ပုံနှင့် သဘာဝဘေးခံရသူအား နှစ်သိမ့်ဆွေးနွေးခြင်းသင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြား သွားမည်ဖြစ်သည်။

သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းသားတစ်ဦးလျှင် အင်္ကျီ၊ လွယ်အိတ်? ...

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်၌ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်ရှိ မဂ္ဂါဝပ် ၅၀ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လာရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းတည်ဆောက်နေမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စီမံကိန်းညွှန်ကြားရေးမှူးက အသေးစိတ်ရှင်းလင်းတင်ပြသည်။ ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ အင်ဂျင်နီယာချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်ပစ္စည်းများ တပ်ဆင်မှုစနစ်တကျနှင့် သေချာမှုရှိစေရေး၊ စက်များ၏ စတင်စမ်းသပ်မောင်းနှင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် ယခုစီမံကိန်းစက်ရုံသည် နည်းပညာသစ်ဖြစ်သည့်အတွက် မိမိဌာနမှ ဝန်ထမ်းများကို နိုင်ငံခြားသားများနှင့် ပူးတွဲဆောင်ရွက်စေပြီး နည်းပညာများ လွှဲပြောင်းရယူမှု (Technical Transfer)အတွက် စီမံဆောင်ရွက်ထားကြရန် မှာကြားသည်။

ထို့နောက် စီမံကိန်းနယ်မြေအတွင်း ဂါလန် ၂၆၀၀၀၀ ဆံ့ Raw Water Tank, Demineralizer Tank နှင့် Fuel Oil Tank တို့ တည်ဆောက်နေမှု၊ အမှတ်(၁) တာဘိုင်စက်တပ်ဆင်နေမှု၊ ရေသန့်စနစ်နှင့် မိန်းထရန်စဖော်မာကြီးများ တပ်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



စီမံကိန်းတွင်ပါဝင်သော ဓာတ်ငွေ့သုံးဓာတ်အားပေးစက် (Gas Turbine) ၂၅ မဂ္ဂါဝပ်နှစ်လုံးကို ဂျပန်နိုင်ငံ MHPS (Mitsubishi Hitachi Power Station) ကုမ္ပဏီက ထုတ်လုပ်ထားပြီး Generator ကို နယ်သာလန်နိုင်ငံ Brush ကုမ္ပဏီက ထုတ်လုပ်သော အမျိုးအစားများဖြင့် တည်ဆောက်လျက်ရှိပြီး ဂျပန်နိုင်ငံ JICA ၏ အကူအညီဖြင့် ဆောင်ရွက်သော စီမံကိန်းဖြစ်သည်။

ယခုစီမံကိန်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ စီမံကိန်းတစ်ခုလုံး၏ လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုမှာ ၇၈ ရာခိုင်နှုန်းနှင့်အမှတ်(၁) တာဘိုင်စက်တပ်ဆင်ပြီးစီးမှုမှာ ၈၆ ရာခိုင်နှုန်းဖြစ်သည်။ သဘာဝဓာတ်ငွေ့လက်မ ၂၀ ပိုက်လိုင်း မိုင် ၂၀ တည်ဆောက်မှုလုပ်ငန်းမှာလည်း ၉၉ ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်သည်။

သဘာဝဓာတ်ငွေ့တာဘိုင်စက်များ တည်ဆောက်တပ်ဆင်မှုလုပ်ငန်းကို ဂျပန်နိုင်ငံ Sumitomo Corporation က နည်းပညာပိုင်းဆိုင်ရာ လာရောက်ကူညီလျက်ရှိပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများက အမှတ်(၁)တာဘိုင်စက်အား ယခုနှစ် မတ်လဒုတိယပတ်အတွင်း ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယခုမဂ္ဂါဝပ် ၅၀ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်တပ်ဆင်ပြီးစီး၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပါက သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်မှုလက်မှုလုပ်ငန်းများသို့ ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်မည့်အပြင် ရန်ကုန်တိုင်းဒေသကြီးသို့လည်း ဓာတ်အားထပ်မံဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး ရှောင်တခင်စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် ယနေ့ ညနေ ၃ နာရီက ရာဇဌာနီလမ်း ဘောဂသီရိကားဝင်းအနီး၌ တာဝန်ရှိအဖွဲ့များက ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်သည်။



ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့်အဖွဲ့၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် ဝန်ထမ်းများအဖွဲ့၊ နေပြည်တော် အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးရဲလွင်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးနှင့် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုလျော့နည်းစေရေးအတွက် ရှောင်တခင်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရန် ယာဉ်မောင်းများကို သတ်မှတ်လိုင်စင်များ၊ မော်တော်ယာဉ်သတ်မှတ်လိုင်စင်များ စစ်ဆေးခဲ့သည်။ ထိုကဲ့သို့ ရှောင်တခင်စစ်ဆေးမှုများကို မကြာခဏပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပြီး မိုးရွာရက်မှာ ၅ ရက်မှ ၇ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ မိုးရွာရက်မှာ နှစ်ရက်မှ လေးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၂၀ ရက်မှ ၂၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၆ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့်မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့် လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခန့်လက်ရှိရေမှတ်များ အောက် ကျဆင်းနိုင်သည်။

**(မိုး/ဇလ)**



**ရေနံချောင်းမြို့နယ် ရေနံချောင်းမြို့မ စည်ပင်သာယာရေးဈေးကြီးအတွင်း/အပြင်ရှိ စားသုံးဆီရောင်းဝယ်မှုပြုလုပ်နေသော ဈေးဆိုင်များတွင် စံမညီ မြေပဲဆီများ ရောင်းချမှုရှိ မရှိကို ဇန်နဝါရီလနောက်ဆုံးပတ်က မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးခိုင်ဇော်လင်းနှင့်အဖွဲ့၊ မြို့မစည်ပင်သာယာရေးဈေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ် ပြန်/ဆက်)

◆ *ကျောဖုံးမှ*

နမူနာပုံစံအတိုင်း စာစီပြီးလျှောက်ခဲ့တယ်။ အခက်အခဲတော့ မရှိပါဘူး။ လူများတော့ တိုးနေရတာလောက်ပဲရှိပါတယ်။အရင်တုန်းက မြေကွက်တို့၊ တိုက်ခန်းတို့ပေးတုန်းကလည်း လျှောက်ခဲ့ဖူးတယ်။ မရခဲ့ပါဘူး။ အခုလည်း မျှော်လင့်ချက်နဲ့ ထပ်လျှောက်တာပါ။ အစိုးရအနေနဲ့အခုလိုစီစဉ်ပေးတော့ အိုးပိုင်၊ အိမ်ပိုင်မရှိတဲ့သူတွေအတွက် အပြောင်းအလဲ ဖြစ်သွားနိုင်တယ်။ မဲစနစ်နဲ့ဆိုတော့ ရ၊ မရ ဘယ်သူမှ အတိအကျ မပြောနိုင်ဘူး။ ကံတရားပေါ် မူတည်ပါတယ်။ ကိုယ်မပေါက်လည်း တခြားသူပေါက်သွားရင် ဝမ်းသာပေးရမှာပါပဲ” ဟု ပြောသည်။

ထိုသို့ လျှောက်ထားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်း ပုံစံ ၆၆/၆ ရှိပြီး မြေကွက်၊ နေအိမ်ခန်း အိုးပိုင်အိမ်ပိုင်မရှိသူများသာ လျှောက်ထားခွင့်ရှိသည့်အတွက် လျှောက်ထားလိုသူများသည် မြေကွက်၊ နေအိမ်ခန်း ပိုင်ဆိုင်မှုမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စု လူဦးရေသန်းခေါင်စာရင်းမိတ္တူ၊ မြေကွက်၊ နေအိမ်ခန်းပိုင်ဆိုင်မှုမရှိကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များ ပူးတွဲထည့်သွင်းလျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ပါက မြေကွက်၊ နေအိမ်ခန်းပိုင်ဆိုင်မှုမရှိကြောင်း ဌာနဆိုင်ရာအကြီးအကဲ၏ ထောက်ခံချက်ပါဝင်ရမည်ဖြစ်သည်။ အဆိုပါ အချက်များနှင့် ပြည့်စုံသည့်လျှောက်လွှာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်းလက်ခံလျက်ရှိကြောင်း သိရသည်။

အဆိုပါ မဟာဗန္ဓုလအငှားအိမ်ရာသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်တွင် တည်ရှိပြီး တစ်ခန်းလျှင် ၅၆၉ ဒသမ ၅ စတုရန်းပေရှိအခန်းပေါင်း ၁၂၀၀ ပါဝင်သည်။ ယင်းအိမ်ရာကို လာမည့်ဘတ်ဂျက်ကာလအတွင်း အပြီးတည်ဆောက်သွားရန်စီစဉ်လျက်ရှိပြီး အခန်းတစ်ခန်းလျှင် တစ်လသုံးသောင်းကျပ်နှုန်းဖြင့် ငှားရမ်းသွားမည်ဖြစ်သည့်အပြင် နေထိုင်နိုင်ရန် လျှောက် ထားသူ ၁၂၀၀ ဦး ထက်ကျော်လွန်ပါက မဲစနစ်ဖြင့် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ကမ္ဘာလှည့်ခရီးသွားများနှင့် ကျေးလက်ဒေသ၌ ခဏတာတွေ့ဆုံခိုက်

တွေ့ဆုံမေးမြန်း- ကျော်သူဝင်း၊ ဓာတ်ပုံ-သက်ထက်

**မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင်တည်ရှိပြီး ရေရှားပါးမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်း အလွန်နည်းပါးသောဒေသဖြစ်သည်။ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုများ အင်မတန်နောက်ကျနေခဲ့ရသည်။ စာရေးသူသည် ပြီးခဲ့သည့်ဇန်နဝါရီလကုန်ပိုင်း မြိုင်မြို့နယ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ Action Aid အဖွဲ့နှင့် Journey's Adventure Travel Co., တို့ ပူးပေါင်းဆောင်ရွက်မှု ဖြင့် မြန်မာနိုင်ငံ၌ ပထမဦးဆုံး Community Based Tourism (CBT) ကျေးရွာ ပြည်သူလူထုအခြေပြုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်သည့် ကျေးရွာများသို့ ရောက်ရှိခဲ့သည်။**


Mr. RICHARD MARTEN


Ms. SUE PIKE


Ms. STEPHANIE HODSON


Mr.TIMOTHY PLOTZ

အပူပိုင်းဒေသ၏ အမှတ်သညာကို စတင်တွေ့ရှိသည်က အညာထန်းတောနှင့် ထနောင်းပင်ကြီးတွေ ဖြစ်လေသည်။ လမ်းတစ်လျှောက်ရှိ ကျေးရွာတိုင်းတွင် စာရေးသူသတိထားမိသည်က ကလေးငယ်များနှင့် အမျိုးသမီးများသာ တွေ့ရှိနေခြင်းဖြစ်ပေသည်။ မြိုင်မြို့နယ်ရှိ ကျေးရွာများမှ အမျိုးသားလူငယ် လူရွယ်များသည် အလုပ်အကိုင်အခွင့်အလမ်းလွန်စွာ နည်းပါးခြင်းကြောင့် မိသားစုများဝေးကွာသည့် နယ်စပ်ဒေသများတွင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် လုပ်ကိုင်နေကြရကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါကျေးရွာများ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အင်န်ဂျီအိုအဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံး Community Based Tourism (CBT) ကျေးရွာပြည်သူလူထုအခြေပြုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်သည့် ကျေးရွာများသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များအား မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**Mr. RICHARD MARTEN (အမေရိကန်)**

ကျွန်တော် မြန်မာနိုင်ငံကိုလာလည်ရတာ အလွန်ပျော်ပါတယ်၊ မင်္ဂလာပါလို့ နှုတ်ဆက်တာကို သဘောကျမိတယ်။ ဒီမှာက လူတွေ စုစုစည်းစည်းနဲ့ အလုပ်လုပ်ကြတယ်၊ အဲဒီလိုတွေ့ရတော့ အလွန်သဘောကျမိတယ်။ ဒီနိုင်ငံမှာ လူတွေဟာချစ်ချစ်ခင်ခင်နဲ့ ကြင်ကြင်နာနာ၊ ဖော်ဖော်ရွေရွေနဲ့ အလုပ်တွေ လုပ်နေတာတွေ့ရတယ်။ မြန်မာလူမျိုးဆိုတာ ယဉ်ကျေးတဲ့လူမျိုးဆိုတာကို ဒီလိုတောရွာတွေမှာ ကိုယ်တိုင်မြင်တွေ့ခဲ့ရတော့ ပိုပြီးသဘောကျမိတယ်။ ၁၉၇၁ ခုနှစ်က မြန်မာနိုင်ငံကို တစ်ခါလာလည်ဖူးပါတယ်။ ဒါက ဒုတိယအကြိမ်အဖြစ် လာရောက်လည်ပတ်ခွင့်ရတဲ့အတွက် အလွန်ပျော်နေမိပါတယ်။ ဒီနိုင်ငံမှာ ပြောင်းလဲမှုတွေ အများကြီးတွေ့ခဲ့ပါတယ်။ မြန်မာနိုင်ငံကို အခွင့်အခါများရရင် နောက်တစ်ခေါက်လောက် လာလည်ချင်ပါသေးတယ်။

**Ms. SUE PIKE (မဲလ်ဘုန်းအခြေစိုက်)**

ကျွန်မ ဒီနိုင်ငံကို အဓိကလာရောက်လည်ပတ်ရတဲ့အကြောင်းကတော့ ဒီကဒေသခံတွေ ဘယ်လိုနေထိုင်စားသောက်နေသလဲဆိုတာကို သိချင်တာရယ်၊ ယုံကြည်သက်ဝင်မှုတွေရယ်၊ ပြီးတော့ ကျေးလက်ဒေသနေမျိုးဆက်သစ်ကလေးတွေကို ဘယ်လိုသင်ကြားလေ့ကျင့်တယ်ဆိုတာကို သိချင်တာကြောင့်ပါ။ အဲဒါတွေကို တွေ့မြင်ခံစားခွင့်ရဖို့အတွက် လာရောက်လည်ပတ်ခြင်းဖြစ်ပါတယ်၊ အခုလို လာရောက်လေ့လာလည်ပတ်ခွင့်ရတဲ့အတွက် အလွန်ကျေနပ်ဝမ်းမြောက်မိပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားစတဲ့နိုင်ငံတွေကို သွားရောက်လည်ပတ်ဖူးပါတယ်။ မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသအငွေ့အသက်တွေကို အခုမှ တကယ်ခံစားဖူးတာပါ။ ကျေးလက်မှာ နေဖူး၊ စားဖူး၊ အိပ်ဖူးတာတွေဟာ အခုမှ လက်တွေ့ခံစားဖူးတာပါ။ ဒီအတွေ့အကြုံဟာ ပထမဦးဆုံးဖြစ်သလို အလွန်လည်းထူးဆန်းနေပါတယ်။ ဒီနေရာကို လာရောက်လည်ပတ်ပြီး ရရှိလာတဲ့တွေ့ကြုံခံစားလိုက်ရမှုဟာ သူတို့ တစ်နေ့တာဖြတ်သန်းတာတွေ၊ တစ်ဦးနှင့်တစ်ဦး ကြင်ကြင်နာနာနဲ့ နေထိုင်စားသောက်တာတွေကို ဒီခရီးစဉ်မှာ အများကြီးတွေ့ခဲ့ရပါတယ်။

မြန်မာနိုင်ငံက အရင်ကဆိုရင် နှစ်ပေါင်းများစွာ ပိတ်ဆို့ခံထားရတဲ့နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘယ်နေရာ ဘယ်ဒေသမှာ ရှိတယ်ဆိုတာကို နိုင်ငံခြားသား တော်တော်များများ မသိကြပါဘူး။ အခုဒီကို လာတဲ့အချိန်မှာ ကျွန်မအတွက်တော့ ဖော်ရွေတဲ့ နိုင်ငံ၊ ကြင်နာတတ်တဲ့ လူမျိုးတွေရှိတဲ့ နိုင်ငံ၊ ကမ္ဘာလှည့်ခရီးသွားတွေတွေ့တိုင်း ပြုံးပြနှုတ်ဆက်ကူညီရိုင်းပင်းတတ်တဲ့ ဓလေ့ရှိတဲ့ နိုင်ငံဖြစ်တာကြောင့် ဒီခရီးစဉ်ကို အမြဲသတိရနေမှာပါ။ ကျွန်မတို့ နိုင်ငံပြန်ရောက်ရင်လည်း မြန်မာဆိုတာ ဒီလိုနိုင်ငံ၊ မြန်မာလူမျိုးဆိုတာလည်း ကြင်နာတတ်ပြီး ချစ်ခင်ရင်းနှီးဖို့ကောင်းတဲ့ လူတွေလို့ ပြန်ပြောပြမယ်။


ကမ္ဘာလှည့်ခရီးသွားများ မြိုင်မြို့နယ် ကန်ကြီးတောအနောက်ရွာ၌ ဒေသခံကလေးငယ်များနှင့်အတူ ပျော်ရွှင်နေသည်ကို တွေ့ရစဉ်။

နောက်တစ်ခုက ခရီးသွားတယ်ဆိုတာ ကြယ်ငါးပွင့်ရှိတဲ့ ဟိုတယ်ကြီးတွေမှာ တည်းမယ်၊ ဟိုတယ်က လူတွေနဲ့ပဲတွေ့မယ်၊ စကားပြောဖြစ်မယ်။ ဘတ်စ်ကားအကြီးကြီးတွေနဲ့ လျှောက်လည်၊ ထိုင်ခုံကနေ ဓာတ်ပုံရိုက်ပြီးရုံနဲ့ ခရီးသွားအစစ်အမှန်မဟုတ်ဘူးလို့ ထင်တယ်။ ကျွန်မရဲ့ ခရီးသွားတဲ့ ရည်ရွယ်ချက်ကတော့ ကျေးလက်ကဒေသခံတွေ ဘယ်လိုနေထိုင်၊ စားသောက်၊ တွေးခေါ်ကြံဆလုပ်ကိုင်ကြသလဲဆိုတာကို ဖလှယ်ရတဲ့ အတွေ့အကြုံပဲဖြစ်တယ်။

နောက်ဆုံးပြောချင်တာကတော့ မြန်မာနိုင်ငံကို နိုင်ငံခြားသားခရီးသွားဧည့်သည် အများကြီးဝင်ရောက်လာတော့မယ်။ ဒါကြောင့် မြန်မာလူမျိုးတွေမှာရှိပြီးသားဖြစ်တဲ့ ရိုးရာဓလေ့ထုံးစံတွေ၊ ယဉ်ကျေးမှုအစစ်အမှန်တွေကို ပြန်လည်ထိန်းသိမ်းစေချင်ပါတယ်။ အနောက်တိုင်းဆန်တဲ့ ယဉ်ကျေးမှုတွေကို ဒီနိုင်ငံမှာ မကူးစက်စေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ အနောက်နိုင်ငံတွေမှာရှိပြီးသား အဲဒီဟာတွေကိုလာကြည့်တာ မဟုတ်ပါဘူး။ မတူညီတဲ့ ဒီနိုင်ငံရဲ့ ယဉ်ကျေးမှုဓလေ့စရိုက်တွေကို လာရောက်လေ့လာကြည့်ရှုတာဖြစ်ပါတယ်။ ဒါကြောင့်ရှိပြီးသား ချစ်စရာကိုယ့်ရိုးရာဓလေ့တွေကို ဆက်ထိန်းထားစေချင်ပါတယ်။

**Mr.TIMOTHY PLOTZ (ဩစတြေးလျ)**

ကျေးရွာတွေမှာ စုစုစည်းစည်းလုပ်ကိုင်နေကြတဲ့အတွက် နောင်တစ်ချိန်မှာ ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ထင်ပါတယ်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေကို ရွာတွေမှာအဖွဲ့တွေခွဲပြီး လာရောက်လည်ပတ်စေချင်ပါတယ်။ ကျွန်တော်က ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားမှာ Community Based Tourism (CBT) ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းပုံစံတူတွေကို လေ့လာဖူးပါတယ်။ အဲဒီမှာနဲ့ ဒီမှာက လူနေမှုဘဝပုံစံတွေက ကွာတယ်။ နေထိုင်စားသောက်မှုတွေက အစပေါ့၊ ကျွန်တော့်အတွက်တော့ ရွာတွေကို ကိုယ်တိုင်စက်ဘီးစီးပြီး လေ့လာရတာရယ်၊ သူတို့ချက်ကျွေးတဲ့ မြန်မာအစားအစာတွေရယ်ကြောင့် မြန်မာတစ်ဦးလို ခံစားသက်ဝင်မှုတွေ ဖြစ်ပေါ်လာပါတယ်။ အခုလို Tourism ခရီးသွားလုပ်ငန်းက ဒီမှာတစ်ခုတည်းရှိသေးတာကြောင့် အခြားဒေသတွေမှာပါ လုပ်ပေးနိုင်ရင် ကောင်းမယ်လို့ထင်ပါတယ်။ မြန်မာပုဆိုးဝတ်တယ်ဆိုတာက မြန်မာလူမျိုးတွေကို လေးစားမိလို့ပါ။

**Ms. STEPHANIE HODSON (ဩစတြေးလျ)**

မြန်မာနိုင်ငံကို လာရောက်လည်ပတ်ရတာဟာ ထူးခြားတဲ့အတွေ့အကြုံတွေအများကြီး ရရှိခဲ့ပါတယ်။ ဒီရွာက အမျိုးသမီးတွေဟာ စုပေါင်းပြီး ဦးဆောင်လုပ်နေတဲ့အတွက် သူတို့ရဲ့လုပ်ကိုင်နေထိုင်မှုတွေဟာ ကျွန်မအတွက်တော့ အတွေ့အကြုံသစ်တစ်ခုရပါတယ်။ ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခရီးသွားလုပ်ငန်းက အဓိကကျပါတယ်။ ဒီထက်တိုးတက်လာမယ်လို့ ထင်ပါတယ်။ မြန်မာထမင်းစားပြီး မြန်မာ့ရိုးရာ သနပ်ခါးလိမ်းရတာ တစ်သက်လုံး အမှတ်ရနေမှာပါ။

Community Based Tourism (CBT) ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျေးလက်နေပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုလျော့ပါးရေး စသည့်ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်နေကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းသည် ၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၇ သန်းကျော်အထိတိုးတက်လာခဲ့ရာ ခရီးသွားလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ ကျေးလက်နေပြည်သူများအတွက် ဆင်းရဲမှုလျှော့ချရေးတွင် များစွာအထောက်အကူပြုလာမည်ဖြစ်သည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ ကျေးရွာလေးရွာဖြစ်သော အင်းရောင်းရွာ၊ စူလီပန်းရွာ၊ ကန်ကြီးတောအရှေ့ရွာနှင့် ကန်ကြီးတောအနောက်ရွာ စသည့်ရွာလေးရွာတို့တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး Community Based Tourism (CBT) ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် အဆိုပါရွာများသို့ ကမ္ဘာလှည့်ခရီးသွား ၁၄၀၀ ကျော်လာမည်ဖြစ်ကြောင်း သိရသည်။

## အအေးပိုနေမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်ယနေ့ အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ အအေးပိုနေမည်။

ထူးခြားသည့်ညအပူချိန်များမှာ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့၌ ၂ ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီနှင့် မိုးကုတ်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ (မိုး/ဇလ)

# သီပေါရွာသစ်ကျေးရွာ ဘဏ္ဍာကျောင်းတိုက်ဝင်းရှိ ရှေးဟောင်းစေတီပြုပြင်ရာတွင် အလှူငွေများလှူဒါန်းနိုင်

**သီပေါ ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွာသစ်ကျောင်းစုကျေးရွာ၊ မဟ္တရာ၊ ကန်သာ၊ ဘဏ္ဍာ(သိမ်ကုန်း)ဘုန်းတော်ကြီးကျောင်းတိုက်များတွင် ရှေးနှစ်ပေါင်း ၃၀၀ ကျော်က စော်ဘွားကြီးများ စေတီ၊ ကျောင်း၊ကန်၊ ဘုရား၊ ပုထိုးများကို တည်ထားကိုးကွယ်ခဲ့ကြသည်။

၁၀၇၆ ခုနှစ်တွင် စော်ဘွားကြီး စဝ်ဥက္ကာဇေယျသည် အုန်းဘောင်မြို့မှ အရှေ့မြောက်အရပ်သို့ ပြောင်းရွှေ့၍ အုန်းဘောင်၊ သီပေါမြောက်မြို့ မြို့သစ်တည်ခဲ့ပြီး ဘဏ္ဍာအမတ် ဦးမြတ်မွန် -ဒေါ်ခရုတို့က ဘဏ္ဍာကျောင်းတိုက်ကြီးကို ၁၂၃၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဉာဏ်တော် ၁၂ ပေ ၁၀ လက်မရှိ နှီးဘုရား (ဖုရားအင်ဆမ်)ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်းကို ကျောင်းတိုက်ရှိ ကျောက်စာ၌ တွေ့ရသည်။

ထို့အပြင် ဘဏ္ဍာဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်း၌လည်း ပုဂံခေတ်လက်ရာဆန်သော ရှေးဟောင်းစေတီတော်ကြီးတစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့ကြရာ နှစ်ပေါင်းများစွာကြာမြင့်နေသည့်အလျောက် ပျက်စီးယိုယွင်းနေသဖြင့် ပြန်လည်ပြုပြင်ရန် လှူဒါန်းလိုသူများအနေဖြင့် ဘဏ္ဍာကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသြဘာသအရှင်သူမြတ်နှင့် ဂေါပကအဖွဲ့ ဖုန်း ၀၉-၄၀၃၇၆၁၀၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**





## အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများထောက်ပံ့

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေကျပ်နှစ်သိန်းကို ဖေဖော်ဝါရီ ၁ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်သည်။ **(ဓါတ်ပုံ)**

အဆိုပါ အသက် ၁၀၀ နှင့်အထက်အဘွားသုံးဦးမှာ ဒေါ်နန်းအွန် ၁၀၀ နှစ်၊ ဒေါ်နာဂ ၁၀၈ နှစ်နှင့် ဒေါ်နန်းအေး ၁၀၂ နှစ် တို့ဖြစ်ပြီး ပြည်နယ်အတွင်း အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများအား ယခုကဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ၊ ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ စုစုပေါင်းဘိုးဘွား ၁၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ခိုင်ဇာ(ယောမြေ)**

## ရခိုင်လူငယ်မောင်မယ်များအသင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက်တွင် ရခိုင်လူငယ်မောင်မယ်များအသင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးမြအောင်က စာကြည့်တိုက်ဟူသည် လောက၏ပြတင်းပေါက်ဟုလည်း ဖွင့်ဆိုနိုင်သည်။ နောင်တစ်ချိန်တွင် စာကြည့်တိုက်ကို အသုံးချခြင်းအားဖြင့် အားထားရသော ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**(ခရိုင်ပြန်/ဆက်)**

## အသက် ၇၀ နှင့်အထက် အိမ်၊ ခြံမြေ အကျိုးတော်ဆောင်များအား ဂါရဝပြုပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့ရှိ အိမ်ခြံမြေအကျိုးတော်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၏ သုံးနှစ်ပြည့် အထိမ်းအမှတ် အသက် ၇၀ နှင့်အထက် အိမ်၊ ခြံမြေ အကျိုးတော်ဆောင်များအား ဒုတိယအကြိမ် ဂါရဝပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

ထို့နောက် တိုက်၊ အိမ်၊ ခြံမြေအကျိုးတော်ဆောင် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ (မန္တလေး)မှ အသင်းဝင် အသက် ၇၀ နှင့်အထက် သက်ကြီးအကျိုးတော်ဆောင်များက တစ်ဦးလျှင် ငွေကျပ် တစ်သိန်း၊ စောင်၊ တဘက်ပဝါ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ၊ ကျန်းမာရေးဆေးခြင်းနှင့်အတူ ပေးအပ်ကြရာ သက်ကြီးအကျိုးတော်ဆောင်များကိုယ်စား ဦးမြတ်ကျော်က မုဒိတာစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများက ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**(ဝ၄ဝ)**

# ဖျာပုံမြို့နယ်၌ မူလတန်းလွန်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ဖျာပုံ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကံသာကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း တစ်ထပ် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ် လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**



အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိ တစ်ထပ်တိုက်ကျောင်းဖြစ်ပြီး အလှူရှင် ရွှေတောင်ကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## သတင်းတိုများ

### မြန်မာ့အာမခံလုပ်ငန်းအကြောင်း ဟောပြော

**ဒိုက်ဦး ဖေဖော်ဝါရီ ၁**

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများသို့ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းခန်းမ၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ခင်မာဝင်းက အသက်အာမခံထားရှိမှုများနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီး တာဝန်ခံ ဒေါ်သန်းဝင်းက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်ပေးလျက်ရှိသော အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

### လွယ်ဂျယ်တွင် တက္ကသိုလ်ဝင်စာစစ်ဌာနဖွင့်မည်

**လွယ်ဂျယ် ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့ရှိ အစိုးရအထက်တန်းကျောင်းတွင် နှစ်စဉ်ကျောင်းသား ကျောင်းသူ တစ်ထောင်ကျော်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနမရှိသည့်အတွက် စာမေး ပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ၄၇ မိုင်ဝေးသော မိုးမောက်မြို့ စာစစ်ဌာနသို့ သွားရောက်၍ ခက်ခဲပင်ပန်းစွာ စာမေးပွဲဖြေဆိုကြရသည်။

ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီက ကျောင်းအုပ်ဆရာကြီး ဦးနော်တောင်သည် ကျောင်းသားမိဘများနှင့်တွေ့ဆုံပြီး ယခု ၂၀၁၆ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ လွယ်ဂျယ်မြို့အစိုးရအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ပေးတော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သောကြောင့် အုပ်ထိန်းသူမိဘများနှင့် ကျောင်းသား ကျောင်းသူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

### စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၁**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးဖွင့်ပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်က အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခမ်းအနားတွင် ပြန်/ဆက်(ရုံးချုပ်) ခေတ္တညွှန်ကြားရေးမှူး ဦးကျော်ဆင့်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အသိပညာပေးဟောပြောခြင်းနှင့် ပြိုင်ပွဲကျင်းပခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

### ကျေးလက်လမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဖေဖော်ဝါရီ ၁**

မော်လမြိုင်မြို့ ကျိုက်မရောမြို့နယ် ကျေးလက်ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နီလာရွှေစင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရှင်စောပု-စံပယ်ဂူလမ်း ကွန်ကရစ်ခင်းခြင်း ၁ မိုင်၊ ဝ ဒသမ ၈၄၆ ဖာလုံ လုပ်ငန်းအား မြို့နယ်ဦးစီးမှူးဦးပြည့်စုံဦးက လုပ်ငန်းပြီးစီးမှုအခြေအနေများအား ဇန်နဝါရီ ၃၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်မောင်**

### မြစိမ်းရောင်စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**သံတွဲ**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ တတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်က အမှာစကားပြောကြားပြီး ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ကြည်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက မြစိမ်းရောင်ကျေးရွာရန်ပုံငွေမှ ရရှိသည့် အတိုးငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပရာ ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်က ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းဆိုင်ရာအခက်များတင်ပြခြင်း၊ ဆွေးနွေးခြင်းများ ဆောင် ရွက်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

# ဧရာဝတီမြစ်အတွင်း သဲသောင်ထွန်းခြင်းကြောင့် ကုန်စည်သယ်ယူခမြင့်တက်လာနိုင်

ကသာ ဖေဖော်ဝါရီ ၁

**ကသာမြို့နယ် ဧရာဝတီမြစ်အတွင်းတွင် သဲသောင်များပေါ်ထွန်းမှု များပြား လာ၍ ရေလမ်းကြောင်းပြောင်းလဲလာသဖြင့် ကုန်စည်သယ်ဆောင်မှုနှင့် လုပ်အားခနှုန်းထားများ မြင့်တက်လာနိုင်ကြောင်း သိရသည်။**

ကသာမြို့ အထက်ပိုင်းနှင့် အောက်ပိုင်းကြားတွင် ရေကြောင်းတိမ်ကောလာ၍ ကုန်စည်သယ်ဆောင်ရေယာဉ်များ ကသာမြို့အနီး ဆိပ်ကမ်းများတွင် ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ရေအနေအထားမရှိသည့်အတွက် ကုန်စည်သယ်ယူပို့ဆောင်ရာတွင် တိုက်ရိုက်သယ်ယူရသည့် အနေအထား မရှိတော့ပေ။ မြို့နှင့် အနည်းငယ် အလှမ်းဝေးကွာ၍ ရေယာဉ်လမ်းကြောင်း ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းမရှိပါက ရေယာဉ်ဆိုက်ကပ်ရာ ရေလမ်းကြောင်း ပိုမိုခက်ခဲလာနိုင်ပြီး ကသာဆိပ်ကမ်းနှင့် ပိုမိုဝေးသွားနိုင်သည်ဟု ရေယာဉ်မောင်းသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ဧရာဝတီမြစ် ရေလမ်းကြောင်းမှာ ဒီဇင်ဘာလအတွင်းက ရေကျဆင်းသောင်ထွန်းမှု ပိုမိုဖြစ်ထွန်းလာသည့်အတွက် ကုန်တင်ရေယာဉ်များ အခက်အခဲရှိလာကြောင်း သိရသည်။

မြစ်အတွင်း အမှိုက်စွန့်ပစ်မှုများခြင်း၊ တန်ပိုရေယာဉ်ကြီးများ အလွန်အကျွံ ခုတ်မောင်းသွားလာခြင်းတို့ တွေ့ရှိနေရသည်ကို ဟန့်တား၍ မြစ်ကမ်းထိန်းသိမ်းနိုင်သည့် ရေလွှဲများ ပြုလုပ်ရန်လိုကြောင်း သိရသည်။

“ရေယာဉ်လမ်းကြောင်း တိမ်ကောလာပြီး ကသာမှ ဗန်းမော်မြို့သွားရာ အထက်ပိုင်းတွင် ကသာ မိုးတားကျေးရွာကြား ရေအနက်သုံးပေမှ ငါးပေ၊ မိုးတားမှ ကျောက်ကြီးကြား နှစ်ပေခွဲမှ ငါးပေကြား၊ ကျောက်ကြီးမှ ရွှေကူထိ လေးပေခြောက်ပေ၊ ရွှေကူမှ ဗန်းမော်ကြား နှစ်ပေမှသုံးပေခွဲအထိ ရေနက်ကျဆင်းလာတယ်ထင်ရတယ်။ ဒါပေမယ့် ရှပ်ပြေးရေယာဉ်တွေအဖို့ ရေပါးချိန်ဖြစ်သော်လည်း သွားလာနိုင်ပြီး အခက်အခဲ သိပ်မရှိပါဘူး” ဟု ရေယာဉ်မောင်းသူတစ်ဦးက ပြောသည်။

ကသာမြို့၏ သတ်မှတ်အနိမ့်ဆုံး ရေစစ်မျဉ်း၏ ရေမြင့်မှတ်သည် ၁၀၅ စင်တီမီတာရှိသဖြင့် ယခုလ ဇန်နဝါရီ ၃၁ ရက်မှာ ၁၇၂ စင်တီမီတာနှင့် ကွာဟနေသေးသည့်အတွက် ရေယာဉ်များ အခက်အခဲမရှိဘဲ သွားလာနိုင်သေးသည်ဟု သိရသည်။

ထို့ကြောင့် ရေယာဉ်လမ်းကြောင်း အချိန်မီပြုပြင်ထိန်းသိမ်းနိုင်မှု မရှိဘဲ နှောင့်နှေးနေမည်ဆိုလျှင် ကသာမြို့နယ်အနီးရှိ ရေလမ်းကြောင်းမှ ကုန်တင်ကုန်ချမှု အခက်အခဲများစွာ ကြုံတွေ့လာစေနိုင်၍ ကုန်သယ်ယူပို့ဆောင်ခစရိတ် မြင့်တက်လာနိုင်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**





# တာချီလိတ်၌ လောင်းကစားရုံဖွင့်လှစ်၍ လောင်းကစားမှုကျူးလွန်သူများကိုဖမ်းဆီး

**တာချီလိတ် ဖေဖော်ဝါရီ ၁**

တာချီလိတ်မြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်မျိုးလွင် ဦးစီးသော ရဲအုပ်အောင်မင်းဦးနှင့် နယ်ထိန်းတပ်ကြပ်ကြီး အောင်စိုးမိုးတို့ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်ည ၉ နာရီခန့်က တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် အာခါဈေးနောက်လမ်း အခန်းအမှတ်(၁၁) အားဖန်(ခ)အားဆန်၏ လောင်းကစားရုံကို သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ အားဖန်(ခ) အားဆန်၏ လောင်းကစားရုံအတွင်း လောင်းကစားငါးဂိမ်းခုံတစ်ခုံနှင့် ဒိုင်များဖြစ်သည့် အားဖန်(ခ)အားဆန်(၃၂နှစ်)နှင့် စာရေးမ မငယ်ငယ်အောင်(ခ)စန္ဒာအောင် (၃၇ နှစ်)၊ မောင်စိုး(ခ)စိုင်းအေးစံ (၃၃ နှစ်)၊ လောင်းကစားနေကြသူများဖြစ်သည့် ကျော်မြင့်(၂၀ နှစ်)၊ အားဝေ(ခ) ရှုံးဝေ(၂၆ နှစ်)၊ ဒါယေလ (၂၀နှစ်)၊ ကျော်ကျော်(ခ) ကောင်းမြတ်ကျော်(၂၉ နှစ်)၊ သားလယ်(၁၉ နှစ်)၊ သက်ထွန်းလင်း(၂၃နှစ်)နှင့် လွင်မျိုးဦး(၂၈နှစ်)တို့ကို တွေ့ရှိပြီး ငါးဂိမ်းခုံအတွင်းမှ ပလတ်စတစ်ဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြားသုံးပြား (အလေးချိန် ၀ ဒသမ ၃ ဂရမ်ခန့်)ကို တွေ့ရှိသည့်အပြင် လောင်းကစား ပစ္စည်းများနှင့် လောင်းကြေးငွေ စုစုပေါင်း ထိုင်းဘတ်ငွေရောရာ ၃၅၉၆၀နှင့် မြန်မာကျပ်ငွေ ၂၀၀ တို့ တွေ့ရှိရ၍ သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ **(အပေါ်ပုံ)**

အမှုမှ လောင်းကစားရုံအတွင်းရှိ လောင်းကစားဒိုင် အားဖန်(ခ) အားဆန်ပါ ၁၀ ဦးတို့ကို တာချီလိတ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ရွှေတောင်တိုးဂိတ်အနီး လိုက်ထရပ်ကားမီးလောင်

**မြင်းမူ ဖေဖော်ဝါရီ ၁**

မုံရွာဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးမိုးသူမောင်းနှင်လာသော လိုက်ထရပ်အမျိုးအစား အဖြူရောင်ယာဉ်သည် ဖေဖော်ဝါရီ ၁ ရက်က မြင်းမူမြို့ ရွှေတောင်တိုးဂိတ်အနီး အရောက် နောက်ခန်းတွင် တင်ဆောင်လာသော ဟွန်ဒါမီးစက်မှ ဓာတ်ဆီယိုဖိတ်ပြီး ယာဉ်၏ကိုယ်ထည်နှင့် မီးစက်ကိုယ်ထည်တို့ ပွတ်တိုက်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မီးလောင်ရာသို့ တိုးဂိတ်ဝန်ထမ်းများနှင့် ရေဦးဆီဆိုင်မှ ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၇၇)**



**မီးသတိပြု**

# ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမ၌ ယာဉ်နှစ်စီးတိုက်မှုဖြစ်၊ သုံးဦးသေဆုံး

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်အပြင် အနန်းကုန်းပိုင်း ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားကာ လူသုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



ဖြစ်စဉ်မှာ သထုံမြို့မှ ရန်ကုန်မြို့ဘက်သို့ ယာဉ်မောင်း သန်းဇော်ဦး သထုံမြို့နေသူ မောင်းနှင်လာသော 1H/----SUPER CUSTOM ယာဉ်သည် မိုင်တိုင်အမှတ် (၁၄၀/၁)နှင့် (၁၄၀/၂)ကြားအရောက် ယာဉ်ကြောတူ နောက်မှ ယာဉ်မောင်း ထင်ကျော်(ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး မော်လမြိုင်) မောင်းနှင်လာသည့် 1D/---- ပါဂျဲရိုးယာဉ်က ကျော်တက်ရာ ရှေ့မှယာဉ်ကို ဝင်ရောက်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောရှိ သထုံမြို့သို့ အောင်မင်းဦး တံတားဦးကျေးရွာနေသူမောင်းနှင်ပြီး နောက်မှ နေမျိုးစီးနင်းလိုက်ပါလာသော ဆိုင်ကယ်ကိုပါ ဆက်လက်တိုက်မိ၍ တစ်ဖက်ယာဉ်ကြောဘက်သို့ ရောက်ရှိပြီး ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသူများကို သထုံပြည်သူ့ဆေးရုံသို့ တင်ပို့ကုသရာဒဏ်ရာပြင်းထန်သူ SUPER CUSTOM ယာဉ်ပေါ်လိုက်ပါလာသည့် ဦးကြည်စိုး (၆၇ နှစ်) ဒုရဲမှူးကြီး (အငြိမ်းစား)နှင့် ဆိုင်ကယ်မောင်းနှင်သူ အောင်မင်းဦး (၁၉ နှစ်)တို့မှာ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားကာ မသင်းသင်းအိ (မူလတန်းပြဆရာမ)မှာ ရရှိသည့်ဒဏ်ရာဖြင့် ဆေးရုံ၌ သေဆုံးခဲ့သွားသည်။ နေမျိုးမှာ ဒဏ်ရာ(စိုးရိမ်ရ)ရရှိကာ မဖြူနုခိုင်(မူလတန်းပြဆရာမ သထုံမြို့)၊ ဦးမောင်သန်းနှင့် မထူးဝေကျော်တို့ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသဖြင့် သထုံပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားရကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့် စပ်လျဉ်း၍ သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

***ကျော့ဖုံးမှ***

နယ်သာလန်အမျိုးသမီး လက်ရွေးစင်အသင်းကို ကာလရှည်ကိုင်တွယ်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိသည့် နည်းပြတစ်ဦးဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသား အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၏ အဆက်အသွယ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရော်ဂျာ ကိုင်တွယ်နေစဉ် ကာလအတွင်း နယ်သာလန် အမျိုးသမီးလက်ရွေးစင် အသင်းမှာ ဖီဖာအမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ဥရောပအမျိုးသမီး ပြိုင်ပွဲတို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ရော်ဂျာကို မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ပါက ဂျပန်လူမျိုးနည်းပြကူမာဒါပြီး နောက်ခန့်အပ်နိုင်မည့် နိုင်ငံခြားသားနည်းပြ ဖြစ်လာမည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများတွင် ချန်ပီယံဆုရယူနိုင်ခြင်းမရှိတော့ဘဲ အောင်မြင်မှုများနှင့် ဝေးကွာလျက်ရှိသည်။ အာဆီယံဒေသတွင်း အဓိကပြိုင်ဘက်များဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ကို ဆက်တိုက်အရေးနိမ့်လျက်ရှိသောကြောင့် နိုင်ငံခြားသားနည်းပြခန့်အပ်ကာ ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးဘောလုံးတိုးတက်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နိုင်ငံခြားသားနည်းပြခန့်အပ်ရုံဖြင့် မရသေးဘဲ ပြည်တွင်းပြိုင်ပွဲများစွာ ကျင်းပနိုင်ရန် လိုအပ်နေသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါ ပြိုင်ပွဲကို ၂၀၀၇ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ယခုတတိယအကြိမ် ကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုရရှိခဲ့ကာ ၂၀၁၅ ခုနှစ်ပြိုင်ပွဲတွင် ဒုတိယနေရာရရှိခဲ့ကြောင်း သိရသည်။

## ကံထူးရှင်ပေါ်ထွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

(၃၂၅) ကြိမ် အောင်ဘာလေသိန်းဆုဌာနခွဲမှ ယနေ့ထွက်ပေါ်လာသော ဆုမဲများစာရင်း

**ကျပ်သိန်း ၁၅၀၀**

ကဆ-၈၂၇၁၁၆

**ကျပ်သိန်း ၁၀၀၀**

ယ-၄၈၀၈၁၂၊ သ-၈၄၉၆၅၄

**ကျပ်သိန်း ၅၀၀ ဆုများ**

ကဆ-၂၀၄၇၁၁၊ င-၄၃၁၅၃၅၊
ကဂ-၄၆၆၀၀၀၊ ပ-၅၆၈၃၀၂၊ သ-၆၄၈၉၇၁

**ကျပ်သိန်း ၃၀၀ ဆုများ**

န-၂၀၈၃၈၈ ကင-၇၂၉၉၉၇
င-၄၇၂၂၆၂ ကဂ-၈၁၈၃၁၁
င-၄၉၇၀၁၇ ကစ-၈၈၄၂၁၉

**ကျပ်သိန်း ၂၀၀ ဆုများ**

ဠ-၁၀၅၂၈၅ မ-၆၄၉၉၂၅
သ-၃၁၁၅၉၈ ဒ-၇၈၃၀၄၁
ပ-၄၃၁၅၆၃ ဟ-၇၈၅၁၆၆
ည-၄၈၄၁၆၇

**ကျပ်သိန်း ၁၀၀ ဆုမဲများ**

ခ-၁၉၀၁၁၃ ဍ-၃၃၃၈၉၆ ရ-၅၂၁၆၅၆ ဖ-၉၂၅၂၅၂
ဇ-၁၉၆၄၀၅ ယ-၃၃၃၉၅၈ ကက-၅၆၃၈၂၁ ဆ-၉၇၉၇၆၁
င-၁၉၈၆၄၂ ဏ-၃၅၄၁၃၈ ဃ-၅၇၂၇၆၇ ဘ-၉၉၆၅၃၇
ကဃ-၂၆၃၄၀၈ ကဆ-၃၇၃၂၅၂ ကဃ-၆၃၉၉၄၄
ဗ-၂၈၇၈၆၁ ဠ-၄၈၅၈၁၉ ည-၉၂၁၅၃၂

## အေးလွန်းသည့်ရာသီဥတုကြောင့် ကွမ်းရွက်အထွက်နှုန်းကျဆင်းကာ ဈေးနှုန်းမြင့်တက်နေ

**ရေတာရှည် ဖေဖော်ဝါရီ ၁**

အေးလွန်းသော ရာသီဥတုကြောင့် ကွမ်းရွက်အထွက်နှုန်း ကျဆင်း၍ နယ်ဈေးကွက်၌ ဈေးနှုန်းမြင့်တက်ကာ ကွမ်းဆိုင်ရောင်းချသူများ ဆိုင်ပိတ်ရသည်အထိ အခက်ကြုံတွေ့ကြရကြောင်း သိရသည်။

"နယ်မြို့တွေက ဟသ်ာတဘက်ကလာတဲ့ကွမ်းကိုပဲ အဓိကဝယ်သုံးကြတာ။ ဒီရက်ပိုင်း အအေးပိုတာရယ်၊ မိုးရွာသွန်းတာတွေရယ်ကြောင့် ကွမ်းရွက်စိုက်ခင်းတွေ အထွက်တော်တော်လျော့သွားတယ်လို့သိရတယ်။ ကျွန်မတို့တောင် ပုံမှန်ယူနေကျမို့လို့ရတာ။ အချို့ဆိုင်တွေ ဝယ်လို့တောင် မရတော့ဘူး"ဟု ရေတာရှည်မြို့ရှိ ကွမ်းယာအရောင်းဆိုင်ရှင် အမျိုးသမီး တစ်ဦးကပြောသည်။



ကွမ်းရွက်များကို တစ်ဆင့်ပြန်လည် ဖြန့်ဖြူးသူများမှာလည်း လိုအပ်သည့်ပမာဏ မရရှိသည့်အတွက် ဖောက်သည်မပျက်အောင်သာ ခွဲဝေရောင်းချပေးနေရခြင်းဖြစ်ကာ လက်ရှိပေါက်ဈေးအရ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ရှိသည်။ "ကွမ်းရောင်းရတာ တွက်ခြေမကိုက်တော့ဘူး။ မမြတ်တဲ့အပြင် အရင်းရအောင်တောင် မနည်းကိုရောင်းနေရတော့ အခုရက်ပိုင်း ဆိုင်ပိတ်ထားရတယ်"ဟု ကွမ်းဆိုင်ရှင်တစ်ဦးကလည်း ဆိုသည်။ ယခင်က ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်သာရှိခဲ့ပြီး ဈေးနှုန်းမြင့်တက်ခြင်းနှင့်အတူ ကွမ်းယာအရေအတွက် လျှော့ချပြီး ရောင်းချနေသည့်အတွက် စားသုံးသူဘက်ကလည်း ဝေဖန်မှုများရှိနေကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

### မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

## ဖေဖော်ဝါရီ ၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၈၅၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၃၆၅၀၀ | အသစ် |
| ၃။ | ဧရာ/ ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၂၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၂၅၀၀ | အသစ် |
| ၇။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၃၅၀၀ | အသစ်/ရှယ် |
| ၈။ | ပဲစင်းငုံနီ RC(2016) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၉၀၀၀ | |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၅၀ မှ ၂၁၃၅ | |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၅ မှ ၈၀၀ | |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၄၅၀ မှ ၃၅၀၀ | ရှယ်၊လတ် |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း၊ ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၅ မှ ၄၀၀၀ | ထူး-၂၊၃၊၄၊၅ |
| ၁၃။ | အာလူး | လွိုင်ကော်၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀ မှ ၇၀၀ | A1,OK,S1,S2,S3,ဆွဲ |
| ၁၄။ | ခရမ်းချဉ်သီး | ထိုင်ဝမ် | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀၀ မှ ၄၀၀၀ | ထူးရှယ်၊ထူးထူးရှယ် |
| ၁၅။ | ခရမ်းချဉ်သီး | အင်းလေး | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၀၀၀ | ရှယ် |
| ၁၆။ | ခရမ်းချဉ်သီး | ဗမာကိုင်းသီး (မုံရွာ၊ ကြံခင်း) | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀၀ မှ ၄၀၀၀ | ရှယ် |
| ၁၇။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀ မှ ၂၅၀၀ | |
| ၁၈။ | လိမ္မော်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၄၀၀ | |
| ၁၉။ | စတော်ဘယ်ရီ | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## ရာသီဥတုဒဏ်ကြောင့်ဒေသအတွင်း စိုက်ပျိုးရေး/သောက်သုံးရေ အခက်အခဲများ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး

**နတ်မောက် ဖေဖော်ဝါရီ ၁**

ရာသီဥတုကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲဖြစ်စဉ်များ ကြိုတင်သိရှိနိုင်ရန် လုပ်ငန်းစဉ်များ အလေးထားဆောင်ရွက်နိုင်ရေးအတွက် နတ်မောက်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကြိုတင်ရှင်းလင်းဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်သည် အပူပိုင်း မိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်ပြီး ယခင်နှစ် နွေရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ ရှားပါးမှုအခက်အခဲများ ကြုံတွေ့ခဲ့ခြင်းကြောင့် ယခုနှစ်အတွင်း မိုးရွာသွန်းမှုပိုမိုခဲ့ပြီး ဆည်/တမံများနှင့် ကျေးလက်ဆည်ငယ်၊ ကန်ငယ်များ ကြိုတင်ပြင်ဆင်ထားရှိကာ ကျေးရွာအုပ်စုအချို့တွင် မြေအောက်ရေတွင်း (ပိုက်တွင်း)များ၊ သောက်သုံးရေကန်များ အဓိကထားတူးဖော်ထားရှိ၍ စိုက်ပျိုးရေပေးဝေနိုင်မှုအရ နွေစပါးနှင့် နွေနှမ်းသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လျာထားဆောင်ရွက်ထားကြောင်း သိရသည်။

ယခုနှစ် နွေရာသီမှစ၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် အယ်လ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် ရာသီဥတုပိုမိုပူပြင်းပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများ ရှိလာမည်ဟု သက်ဆိုင်ရာဌာနမှ သတင်းထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း သိရှိရ၍ ရာသီဥတုကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများ ကြိုတင်သိရှိနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကြိုတင်အသိပေးနှိုးဆော်ခြင်း၊ ပညာပေးဆွေးနွေးခြင်းနှင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များကို ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

PQI အသိအမှတ်ပြုစင်တာ
ဦးသန့်ဇော် B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
LCCI I & II (၃)လပြတ်
သင်တန်းသစ်စပြီ /June စာမေးပွဲ
Sec (E) Mon to Wed 3:30 - 5:30 pm
Sec (F) Thur to Sat 7:00 - 8:30 am
သင်တန်းကြေး အရစ်ကျ
ORION Business School (ဒဂုံစင်တာအနီး)

ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်
စီးပွားရေးတက္ကသိုလ်
MBA/DMA ဝင်ခွင့်
(MPA, MDevs အပါအဝင်)
GMAT, Reasoning & English
Sec A - Sat-Sun 2:00 to 4:00 pm
Sec B - Thur-Fri 6:00 to 8:00 pm
သင်တန်းစပြီ
■ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။
အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဒဂုံစင်တာအနီး)။
09 32358423, 09 5115997

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ရဲနောင် ၁၂/တတန(နိုင်)၁၇၆၃၂၉၊ CDC 100234 ကိုင်ဆောင်သည့် TANKERလက်မှတ်ကတ်ပြားအမှတ် T-02042115 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၃၀၇၆၇၂

**ရောင်းရန်ရှိသည်**

အင်းလေး Hotel Zone ရှိ မြေကွက်အလွတ် ရောင်းရန်ရှိသည်။
**ဆက်သွယ်ရန် ဖုန်း - ၀၉-၄၂၀၁၁၉၃၃၀**
၀၉-၂၅၆၂၄၂၇၇၅
၀၁-၆၅၂၅၀၉

**ရောင်းရန်ရှိသည်**

နေပြည်တော်တွင် (၃၂ပေ) Box (၁)လုံး၊ (၁၀ပေ) Box (၁)လုံး ရောင်းရန်ရှိသည်။
**ဆက်သွယ်ရန် ဖုန်း - ၀၉-၄၂၅၃၀၁၆၁၃**

**ဒေါ်နန္ဒာအောင် ၁၂/ဒပန(နိုင်)၀၅၂၀၈၇**
**(Classic Media Company Limited)**
**(Classic ဖိနပ်လုပ်ငန်း) အမှတ်-၁၈၁၊ ပထမထပ်၊ ၄၇ လမ်း၊ အထက်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စပ်လျဉ်း၍ သိသာစေရန်**

ဦးသော်ဇင်အောင် ၁၂/လမန(နိုင်)၁၂၆၆၂၅၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ ဒေါ်နန္ဒာအောင် သိသာစေရန် ကြေညာအပ်သည်မှာ-

ဒေါ်နန္ဒာအောင်သည် ဦးသော်ဇင်အောင်ထံမှ မိတ်ဆွေအချင်းချင်းခင်မင်ရင်းနှီး ယုံကြည်မှုဖြင့် ၆-၁၁-၂၀၁၅ရက်စွဲပါစာချုပ်အရ ငွေကျပ် ၁၇၀၀၀၀၀၀(ကျပ်သိန်းတစ်ရာ့ခုနစ်ဆယ်တိတိ)ကို လက်ခံရယူထားခဲ့ပြီး အဆိုပါ စာချုပ်အပိုဒ်(၂)အရ သုံးလပြည့်သည့် ၆-၂-၂၀၁၆ရက်တွင် ဒေါ်နန္ဒာအောင်က ဦးသော်ဇင်အောင်သို့ ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်းကို ဦးသော်ဇင်အောင်၏ရှေ့နေမှတစ်ဆင့် ဒေါ်နန္ဒာအောင်ထံသို့ ၁၃-၁-၂၀၁၆ရက်စွဲပါ ကြိုတင်အသိပေးနို့တစ်စာပေးပို့ခဲ့ပြီး ယခုထပ်မံ၍ သိသာစေရန် ကြေညာအပ်ပါသည်။ ပေးဆပ်ရမည့် ၆-၂-၂၀၁၆ရက် နောက်ဆုံးထား၍ ပြန်လည်ပေးဆပ်ပါရန် ပျက်ကွက်ခဲ့ပါလျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ညွှန်ကြားချက်အရ ဒေါ်နန္ဒာအောင် သိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသော်ဇင်အောင်**
**၁၂/လမန(နိုင်)၁၂၆၆၂၅**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းအေး တရားလွှတ်တော်ရှေ့နေ**
**(၃၆၈၂/၈၆)**
**ဒေါ်အေးစုစုရည် အထက်တန်းရှေ့နေ**
**(၄၃၅၄၄/၁၄)**

**အမှတ် ၅၆၅၊ MAC Tower၊ ပထမထပ်၊ အခန်း(၁၀၃-စီ)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၇၄၂၆**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ပခုက္ကူမြို့၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမှ ဦးကြည်ဝင်း၏သမီး မတင်ပပဝင်း ၈/ပခက(နိုင်)၁၅၄၃၄၄ သည် မိဘ၏ သဘောဆန္ဒကိုဆန့်ကျင်၍ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအားလုံး တာဝန်မယူပါကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း။
**(မိခင်)ဒေါ်ရွှေ**
**၈/ပခက(နိုင်)၀၁၇၁၉၈**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3A/1878, Toyota Dyna Bu85 L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဌေး ၁၂/လကန(နိုင်)၀၂၆၄၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4F/3996,Toyota MarkII၊ Gx110,S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ရင်မြင့် ၁၂/ပဘတ(နိုင်)၀၀၈၀၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

# ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

(ဗဗ) ဘဏ်သည် ရာဇဝတ်ပြစ်မှု လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေခြင်း သို့မဟုတ် ၎င်းလုပ်ရပ်များအတွက် အသုံးချခံနေရခြင်းနှင့် ၎င်းလုပ်ရပ်များအတွက် လုံလောက်သော ကြိုတင်ကာကွယ် အရေးယူဆောင်ရွက်ချက်များ မပြုလုပ်နိုင်ကြောင်း၊

(ဘဘ) နိုင်ငံခြားဘဏ်တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ မိမိသဘောအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းလျက်ရှိကြောင်း သို့မဟုတ် ၎င်း၏ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်သည် မူရင်းနိုင်ငံ၌ ဖျက်သိမ်းခံရကြောင်း၊

(တတ) ဘဏ်သည်လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေး မကောင်းခြင်းကြောင့်ပေးရန် တာဝန်များကို ပြည့်မီစွာဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း သို့မဟုတ် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ကြောင်း ဗဟိုဘဏ်က စဉ်းစားဆုံးဖြတ်ကြောင်း၊

(ထထ) ဘဏ်သည် လုပ်ငန်းဆောင်ရွက်ရာတွင်ဘဏ္ဍာရေး နှစ်သုံးနှစ်ဆက်တိုက် အရှုံးပေါ်နေကြောင်း။

( ခ ) ပုဒ်မခွဲ (က) တွင် မည်သို့ပင် ပါရှိစေကာမူ ဗဟိုဘဏ်က ပုဒ်မ ၉၅ အရ သတိပေးအကြောင်းကြားစာ ပေးပို့ခြင်းသည် ငွေအပ်နှံသူများ သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို ပို၍အန္တရာယ်ဖြစ်နိုင်ကြောင်းဆုံးဖြတ်သည့်အခါ ဗဟိုဘဏ်သည် သတိပေးအကြောင်းကြားစာ ပေးပို့ခြင်းမပြုဘဲ ပုဒ်မ ၉၆ အရ ပြန်လည်တည့်မတ်သည့် အရေးယူဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်နိုင်သည်။

**ဗဟိုဘဏ်၏ သတိပေးအကြောင်းကြားစာ**

၉၅။ (က) ဗဟိုဘဏ်က ဘဏ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၉၄ ပါပြဋ္ဌာန်းထားသော အခြေအနေများ ပေါ်ပေါက်တွေ့ရှိကြောင်း ဆုံးဖြတ်လျှင် ဗဟိုဘဏ်သည် သတိပေးအကြောင်းကြားစာ ပေးပို့ရမည်။

( ခ ) ဗဟိုဘဏ်က ထုတ်ဆင့်သည့် အကြောင်းကြားစာရရှိသည့်နေ့မှ ရက်သတ္တပတ် နှစ်ပတ်အတွင်း ဘဏ်သည် မိမိ၏ ချွတ်ယွင်းအားနည်းမှု သို့မဟုတ် နှောင့်နှေးမှုအတွက် မည်သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း လုပ်ငန်းစီမံချက်ကို ဗဟိုဘဏ်သို့ တင်ပြရမည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ ပြုလုပ်မည့် လုပ်ငန်းစီမံချက်တွင်-

( ၁ ) ဖြစ်ပေါ်ခဲ့သော ချွတ်ယွင်းအားနည်းမှု သို့မဟုတ် နှောင့်နှေးမှုအတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အစီအစဉ်အသေးစိတ်ကို ဖော်ပြ၍ တင်ပြရမည်။

( ၂ ) သက်ဆိုင်ရာ ဘဏ်ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ပါရှိရမည်။

( ၃ ) ချွတ်ယွင်းအားနည်းချက်များ သို့မဟုတ် နှောင့်နှေးမှုများကို ပြီးပြည့်စုံသည်အထိ အရေးယူဆောင်ရွက်ရေးစီမံချက်ကို ပြုလုပ်မည့် အချိန်ကာလကို ဖော်ပြရမည်။

( ၄ ) အရေးယူဆောင်ရွက်မှုလုပ်ငန်းစဉ်များကို မည်ကဲ့သို့သော စနစ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရှင်းလင်းချက်ပါရှိရမည်။

(ဃ) ဘဏ်က လုပ်ငန်းစီမံချက်ကို ဗဟိုဘဏ်သို့ တင်ပြရာတွင် နောက်ဆုံး အခြေအနေများ သို့မဟုတ် လိုအပ်သော အခြားအစီရင်ခံစာများ ပါတင်ပြရမည်။

( င ) ဘဏ်က တင်ပြရမည့်လုပ်ငန်းစီမံချက်ကို သတ်မှတ်သည့် အချိန်ကာလအတွင်း တင်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ၊ တင်ပြလာသော လုပ်ငန်းစီမံချက်ပြည့်စုံမှုမရှိဟု ဗဟိုဘဏ်က ဆုံးဖြတ်လျှင်ဖြစ်စေ၊ ဘဏ်ကတင်ပြထားသော လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်လျှင်ဖြစ်စေ ဗဟိုဘဏ်သည် ပုဒ်မ ၉၆ အရ ဘဏ်အား ပြန်လည် တည့်မတ်စေရန် အရေးယူဆောင်ရွက်မှုပြုရမည်။

**ဘဏ်များ ပြန်လည်တည့်မတ်ရန် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်**

၉၆။ (က) ဗဟိုဘဏ်သည် ပုဒ်မ ၉၅၊ ပုဒ်မခွဲ (က) အရ ဘဏ်အား သတိပေး အကြောင်းကြားစာ ထုတ်ပြီးဖြစ်လျှင်ဖြစ်စေ သို့မဟုတ် ပုဒ်မ ၉၄ ပါပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ အကျုံးဝင်လျှင်ဖြစ်စေ အောက်ဖော်ပြပါ အရေးယူမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆောင်ရွက်နိုင်သည် -

( ၁ ) ဘဏ်အား လုပ်ငန်းဆောင်ရွက်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်း ဆောင်ရွက်ချက် အမျိုးအစားတစ်ခုခုတွင် ဝင်ရောက် ဆောင်ရွက်ခြင်းမပြုရန် သတိပေးခြင်း သို့မဟုတ် တားမြစ်ခြင်း၊

( ၂ ) ဘဏ်အား ဥပဒေကျူးလွန်ဖောက်ဖျက်ခြင်း သို့မဟုတ် စိတ်ချ လုံခြုံမှုမရှိသော သို့မဟုတ် ခိုင်မာမှန်ကန်မှုမရှိသော လုပ်ထုံး လုပ်နည်းများကို ရပ်စဲရန် သို့မဟုတ် ရှောင်ကြဉ်ရန် ညွှန်ကြားခြင်း၊

( ၃ ) ဘဏ်အား ဗဟိုဘဏ်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သော အရေးယူဆောင်ရွက်မှုပြုလုပ်ရန် ညွှန်ကြားခြင်း၊

( ၄ ) ပုဒ်မ ၉၁ အရ ဘဏ်အားစစ်ဆေးမှုပြုနေသည့်ကာလအတွင်းဖြစ်စေ၊ စစ်ဆေးပြီးနောက်ဖြစ်စေ ဗဟိုဘဏ်က အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(ကက) ဘဏ်နှင့်စပ်လျဉ်း၍ စဉ်းစားဆုံးဖြတ်ရန်လိုသည့် ကိစ္စတစ်ရပ်ရပ်အတွက် ဘဏ်ဒါရိုက်တာအဖွဲ့အား အစည်းအဝေးခေါ်ယူရန် ဘဏ်အား ညွှန်ကြားခြင်း၊

( ခခ ) ဘဏ်၏ တာဝန်ခံအရာရှိတစ်ဦးအား အဆိုပါ စဉ်းစားဆုံးဖြတ်ရန် ကိစ္စရပ်တစ်ခုခုအတွက် ဗဟိုဘဏ်နှင့်ညှိနှိုင်းဆွေးနွေးခြင်း၊

( ဂဂ ) ဒါရိုက်တာအဖွဲ့ သို့မဟုတ် ကော်မတီအစည်းအဝေး ကိစ္စများနှင့် စပ်လျဉ်းသည့် နို့တစ်စာများ၊ အခြား ဆက်သွယ်ရေးကိစ္စရပ်များကို ဗဟိုဘဏ်က သတ်မှတ်သည့် အရာရှိတစ်ဦးဦးထံသို့ စာဖြင့်ရေးသား အကြောင်းကြားရန် ဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ ညွှန်ကြားခြင်း၊

(ဃဃ) ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ၎င်း၏အရာရှိများ၊ လုပ်ငန်းခွဲများ၏ ဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီရင်ခံစာများကို လေ့လာရန် ဗဟိုဘဏ်က ၎င်း၏အရာရှိတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ခန့်အပ်တာဝန်ပေးခြင်း၊

( ငင ) စစ်ဆေးမှုပြုလုပ်နေချိန်တွင်ဖြစ်စေ၊ စစ်ဆေးမှုပြုလုပ်ရာမှဖြစ်စေ ထုတ်ဖော်ကြေညာသည့် ဘဏ်၏ ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများကို ဗဟိုဘဏ်က သတ်မှတ်ထားသော အချိန်အတွင်း ပြုလုပ်ရန် ဘဏ်အား ညွှန်ကြားခြင်း။

( ၅ ) ထည့်ဝင်ပြီး မတည်ငွေရင်းတိုးမြှင့်ခြင်းကို အစုရှယ်ယာ အသစ်များ ထုတ်ဝေရောင်းချခြင်းဖြင့်ဖြစ်စေ၊ ထုတ်ဝေပြီး အစုရှယ်ယာမှ မပေးသွင်းရသေးသောအပိုင်းကို ပေးသွင်းရန် တောင်းခေါ်၍ဖြစ်စေ တိုးမြှင့်ရန် ညွှန်ကြားခြင်း၊

( ၆ ) ဘဏ်၏ မတည်ငွေရင်း လုံလောက်မှုအချိုး သို့မဟုတ် ငွေကြေး လွယ်ကူမှု အချိုးတို့ကို မြှင့်တင်ခြင်း သို့မဟုတ် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် အခြားသော ကန့်သတ်ချက်များ သို့မဟုတ် စည်းကမ်းချက်များကို ပိုမိုထားရှိ ဆောင်ရွက်ရေး အတွက် ဘဏ်အား ညွှန်ကြားခြင်း၊

( ၇ ) ဘဏ်၏ လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ ရပ်ဆိုင်းစေခြင်း၊

( ၈ ) အစုရှယ်ယာဝင်များ၏ ဆန္ဒမဲပေးပိုင်ခွင့် အပါအဝင် အခွင့်အရေးများ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရပ်ဆိုင်းခြင်း၊ ထို့ပြင်ဘဏ်၏ အစုရှယ်ယာဝင်အား အမြတ်ငွေ ခွဲဝေမှုကိုဖြစ်စေ၊ ငွေထုတ်ယူခွင့်ကို ဖြစ်စေ တားမြစ်ခြင်း၊

( ၉ ) ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိအား ရာထူးမှ ရပ်ဆိုင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခွင့်ကို အမြဲတမ်း ပိတ်ပင်ခြင်း၊

(၁၀) ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်၊ အရာရှိနှင့် ဝန်ထမ်းတို့၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်တားမြစ်ခြင်း၊

(၁၁) ဘဏ်၏ဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိများအား ပေးရမည့် ခံစားခွင့် (စီမံခန့်ခွဲမှုစရိတ်နှင့် အထူးချီးမြှင့်ငွေအပါအဝင်) ကို ကန့်သတ်ခြင်း၊

(၁၂) ဘဏ်အား အပ်နှံငွေလက်ခံခြင်းနှင့်ငွေထုတ်ချေးခြင်း၊ ကြိုတင်ချေးငွေပေးခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်းတို့အပေါ် ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းများ ပြုခြင်း၊

(၁၃) ဘဏ်အား အုပ်ချုပ်မှုစွမ်းရည်မြှင့်တင်ရန်၊ ဌာနတွင်း ကြီးကြပ်ခြင်းအစီအစဉ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုစနစ်များကို တိုးမြှင့်ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(၁၄) ဘဏ်၏ လုပ်ငန်းပမာဏကို လျှော့ချခြင်း၊ ပြည်တွင်းပြည်ပရှိ ဘဏ်များ၊ ဘဏ်ရုံးခွဲများ တိုးချဲ့ခြင်းကို ကန့်သတ်ခြင်း သို့မဟုတ် ဘဏ်ခွဲများ၊ ဘဏ်ရုံးခွဲများ ပိတ်ရန် ညွှန်ကြားခြင်း၊

(၁၅) အရည်အသွေးမပြည့်မီသော ရရန်ပိုင်ခွင့်များအတွက် လျာထားမှုကို တိုးမြှင့်စေခြင်း၊

(၁၆) ဘဏ်၏ အစုရှယ်ယာဝင်များက ထုတ်ချေးထားသည့် ချေးငွေအတွက် အရင်းပြန်ဆပ်ခြင်း သို့မဟုတ် အတိုးပေးခြင်းကို တားမြစ်ခြင်း၊

(၁၇) နိုင်ငံတော်ပိုင်ဘဏ်များမှအပ ဘဏ်၏အရာရှိ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒါရိုက်တာတစ်ဦးဦးကို ဗဟိုဘဏ်က အမိန့်စာဖြင့် ရာထူး တာဝန်မှ ထုတ်ပယ်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ်များဖြစ်လျှင် လိုအပ်သလို အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊

(၁၈) ဗဟိုဘဏ်က အမိန့်စာဖြင့် ဒါရိုက်တာအဖွဲ့အား ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းနှင့် ဘဏ်အားထိန်းချုပ်မှုပြုပြီး ဘဏ်အား အုပ်ချုပ်စေရန် ဗဟိုဘဏ်က သင့်လျော်သည်ဟု ယူဆသူ အုပ်ချုပ်သူအားခန့်အပ်၍ လုပ်ငန်းလည်ပတ် လုပ်ကိုင်စေခြင်း၊

(၁၉) ဗဟိုဘဏ်က အမိန့်စာဖြင့် ဘဏ်အား စတော့အိပ်ချိန်းတွင် စာရင်းဝင် အဖြစ်မှ ပယ်ဖျက်ပေးရန် လျှောက်ထားစေခြင်း။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉) နှင့် (၁၇) တို့အရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိကို ရာထူးတာဝန်မှ ထုတ်ပယ်ရန်အဆိုပြုအမိန့်နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်သို့ ဖြေရှင်းချက်ပေးရန် ဘဏ်အား သင့်လျော်သောအခွင့်အရေးပေးရမည်။ သို့ရာတွင် ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉)၊ (၁၇) နှင့် (၁၈) တို့အရ အမိန့်ထုတ်ဆင့်ရာတွင် နှောင့်နှေးသည့်ကိစ္စတွင် ဘဏ် သို့မဟုတ် ၎င်း၏ ငွေအပ်နှံသူများ၊ မြီရှင်များ သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးမည်ဟု ခိုင်လုံသော အထောက်အထား ရရှိပါက အမိန့်စာကို ချက်ချင်းထုတ်ဆင့်နိုင်သည်။ ထို့အပြင် အမိန့်စာ ထုတ်ပြီး မကျေနပ်ချက်ကို တင်ပြစေရေးအတွက် အတတ်နိုင်ဆုံး အခွင့်အရေးပေးရမည်။

( ဂ ) ဗဟိုဘဏ်သည် တင်ပြလာသည့် မကျေနပ်ချက်မှာ မှန်ကန်ကြောင်း သုံးသပ်ရရှိလျှင် ထုတ်ဆင့်ခဲ့သည့် အမိန့်စာကို စည်းကမ်းချက်များ သတ်မှတ်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) ဗဟိုဘဏ်က ကာလတိုးချဲ့ခြင်းကို နောက်ထပ် အမိန့်စာဖြင့် ထုတ်ဆင့်ခြင်းမပြုလျှင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ထုတ်ဆင့်သော အမိန့်သည် တရားဝင်သက်တမ်း နှစ်နှစ်ထက် မပိုစေရ။

( င ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်ထားသော အုပ်ချုပ်သူက ဘဏ်၏ ထိန်းချုပ်ကွပ်ကဲမှုတာဝန်ကိုယူပြီးနောက် ဗဟိုဘဏ်သည် လက်တွေ့ဖြစ်နိုင်ခြေရှိသည့် အချိန်ကာလတွင် အစီရင်ခံစာကို အစိုးရအဖွဲ့သို့ ပေးပို့ရမည်။ ထို့နောက် နှစ်စဉ် အစီရင်ခံစာကို ဆက်လက်ပေးပို့ရမည်။

( စ ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ထုတ်ထားသော အမိန့်စာကို အချိန်မရွေး အမိန့်စာဖြင့် ပယ်ဖျက်နိုင်သည်။ ထို့အပြင် ပယ်ဖျက်သည့် အမိန့်စာတွင် ဗဟိုဘဏ်က လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ညွှန်ကြားချက်များ၊ ပူးတွဲ၊ နောက်ဆက်တွဲ သို့မဟုတ် သဘောအားဖြင့် အကျိုးဆက်ဖြစ်ပေါ်လာမည့်အချက်များပါရှိစေရမည်။

(ဆ) ဘဏ်၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးဦးအား ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၇) အရ ရာထူးမှ ထုတ်ပယ်ခြင်းခံရလျှင် အမိန့်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ ရာထူးတာဝန်မှ ရပ်စဲရမည်။ ယင်းနောက်ပိုင်း အဆိုပါဘဏ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေမည်သည့်နည်းဖြင့်မျှ ပါဝင်ပတ်သက်ခြင်း မရှိစေရ။

( ဇ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၇) အရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိ တစ်ဦးဦးအား ထုတ်ပယ်ခြင်းသည် အလုပ်ခန့်သည့် စာချုပ်တွင် မည်သို့ပင် ပါရှိစေကာမူ ရာထူးမှထုတ်ပယ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ပြီး တရားဝင်ဖြစ်စေရမည်။ ထို့ပြင် အလုပ်ထုတ်ပယ်ခံရသူ မည်သူမျှ အလုပ်ထုတ်ပယ်ခြင်းအတွက် လျော်ကြေးတောင်းဆိုပိုင်ခွင့် မရှိစေရ။

( ဈ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်ခွဲများနှင့်လည်း သက်ဆိုင်စေရမည်။

(ည) နိုင်ငံခြားဘဏ်၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဆောင်ရွက်ချက်များနှင့်ပျက်ကွက်မှုများ အားလုံးသည်လည်းကောင်း၊ ထိုနိုင်ငံခြားဘဏ်၊ ဘဏ်ရုံးခွဲ၏ လုပ်ငန်းဆိုင်ရာ အခြားကိစ္စများသည်လည်းကောင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များ သက်ဆိုင်မှုတွင် တစ်ခုတည်းသော အဖွဲ့အစည်းအဖြစ် မှတ်ယူရမည်။

( ဋ ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ ဘဏ်၏ မတည်ရင်းနှီးငွေနှင့် ရရန်ပိုင်ခွင့်များ၏ တန်ဖိုးကို ဗဟိုဘဏ်က ထုတ်ပြန်သည့်စည်းမျဉ်းများတွင် သတ်မှတ်သည့် စံသတ်မှတ်ချက်များနှင့်လုပ်ထုံးလုပ်နည်းများအတိုင်း ဖြစ်သည်။

**အခန်း (၁၄)**

**အုပ်ချုပ်သူခန့်ထား၍စီမံခန့်ခွဲခြင်း**

**အုပ်ချုပ်သူခန့်ထားခြင်း**

၉၇။ (က) ပုဒ်မ ၉၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ဗဟိုဘဏ်၏ အမိန့်ဖြင့် အုပ်ချုပ်သူများကို ခန့်ထားရမည်။

( ခ ) ပုဒ်မခွဲ (က) အလို့ငှာ ဘဏ်တွင်အုပ်ချုပ်သူအဖြစ် ခန့်ထားမည့်သူမှာ သင့်မြတ်လျော်ကန်၍ အရည်အချင်း ပြည့်မီသူဖြစ်ရမည်။

( ဂ ) အုပ်ချုပ်သူသည် ဆောင်ရွက်ရမည့်အရည်အချင်း ပျက်ယွင်းလာသည့် အခါဆက်လက်ဆောင်ရွက်ရန် သင့်လျော်သောအုပ်ချုပ်သူအား ဗဟိုဘဏ်က အချိန်မရွေး အစားထိုး ခန့်ထားရမည်။

(ဃ) အုပ်ချုပ်သူတစ်ဦးအား ခန့်ထားရာတွင် အုပ်ချုပ်သူခန့်အပ်မှုတွင် သတ်မှတ်ထားသည့်အတိုင်း ၂၄ လ ထက် မကျော်စေဘဲ ခန့်ထားရမည်။ အဆိုပါ သက်တမ်းကို နောက်ထပ် ၂၄ လ ထက်မကျော်စေဘဲ တစ်ကြိမ် ဆက်လက်သက်တမ်းတိုး ခန့်ထားနိုင်သည်။

( င ) အုပ်ချုပ်သူသည် ဗဟိုဘဏ်က တာဝန်ပေးသည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရမည့်အပြင် လစာစရိတ်ခံစားပိုင်ခွင့်ကို ဗဟိုဘဏ်ထံမှ ရရှိစေရမည်။

( စ ) အုပ်ချုပ်သူ ခန့်ထားခြင်းအတွက် အုပ်ချုပ်သူလစာငွေ အပါအဝင် ဗဟိုဘဏ်၏ ကုန်ကျစရိတ်အားလုံးကို အုပ်ချုပ်သူခန့်ထားရန် လိုအပ်သောဘဏ်က ကျခံစေရမည်။

(ဆ) ဗဟိုဘဏ်သည် အုပ်ချုပ်သူများကို ခန့်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့ကို အမိန့်စာဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး ခန့်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်း ဆုံးဖြတ်ချက်၏ အကြောင်းရင်းကို ဖော်ပြရမည်။

**အုပ်ချုပ်သူခန့်ထားခြင်းကို ပြန်လည်သုံးသပ်ခြင်း**

၉၈။ (က) ဘဏ်အတွက် အုပ်ချုပ်သူခန့်ထားမှုအပေါ် ဗဟိုဘဏ်က အုပ်ချုပ်သူ ခန့်ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ပြုသည့်ရက်မှ အလုပ်လုပ်ရက် ငါးရက်အတွင်း ဘဏ်၏ ဒါရိုက်တာအဖွဲ့က အဖွဲ့အစည်း၏ ကိုယ်စား ဗဟိုဘဏ်သို့ စာဖြင့် ကန့်ကွက်စာ တင်နိုင်သည်။

( ခ ) အလုပ်လုပ်ရက် ငါးရက်အတွင်း ကန့်ကွက်စာမတင်လျှင် ဘဏ်သည် အုပ်ချုပ်သူ ခန့်ထားခြင်းကို သဘောတူသည်ဟု မှတ်ယူရမည်။

( ဂ ) ဗဟိုဘဏ်သည် သတ်မှတ်သည့်အချိန်အတွင်း ကန့်ကွက်လွှာကို ရရှိပါက ပြန်လည်သုံးသပ်ပြီး အုပ်ချုပ်သူခန့်ထားခြင်းကို အတည်ပြုခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ကို အကြောင်းအကျိုးစာဖြင့် ဖော်ပြ၍ ဆုံးဖြတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ပြုလုပ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ ထို့ပြင် ဘဏ်၏ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌထံ ဆုံးဖြတ်ချက်ကို ချက်ချင်း ပေးပို့ရမည်။

( င ) အုပ်ချုပ်သူအားခန့်အပ်ခြင်းကို ရပ်စဲပါက အုပ်ချုပ်သူသည် ဘဏ်အပေါ် ထိန်းချုပ်ကွပ်ကဲမှုကို ဆောလျင်စွာ ပြန်လည်ပေးအပ်ရန်နှင့် အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များ၊ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို ဘဏ်၏တာဝန်ပေးအပ်ခြင်းခံရသော မန်နေဂျာထံ ချက်ချင်း ပြန်ပေးရမည်။

**ထိန်းချုပ်ကွပ်ကဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ**

၉၉။ (က) ဗဟိုဘဏ်က အုပ်ချုပ်သူအား ခန့်ထားသည့်အခါထိုအဖွဲ့အစည်း၏ ဒါရိုက်တာများ၊ အမှုဆောင်အရာရှိနှင့် အရာရှိများသည် ဘဏ်၏ ပိုင်ဆိုင်ပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အသိအမှတ်ပြု စာရင်းစစ်ဆေးချက်အပါအဝင် ကိစ္စရပ်မှန်သမျှကို အုပ်ချုပ်သူအား တင်ပြရမည်။ ထို့အပြင် ဘဏ်၏စီးပွားရေးလုပ်ငန်းနှင့် ကိစ္စရပ်အားလုံးကို လုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို အုပ်ချုပ်သူအား ပံ့ပိုးဖြည့်ဆည်းပေးရမည်။

( ခ ) အုပ်ချုပ်သူသည် ဘဏ်နှင့်စပ်လျဉ်းသော စီးပွားရေးလုပ်ငန်းနှင့် ကိစ္စရပ်အားလုံးကို ထိန်းချုပ်ကွပ်ကဲသည့် တာဝန်ဆောင်ရွက်ရမည်။ ထို့အပြင် ဘဏ်၏အမည်ဖြင့် ဘဏ် ကိုယ်စား ဘဏ်၏ စီးပွားရေး လုပ်ငန်းနှင့် လုပ်ငန်းကိစ္စရပ်များကို အုပ်ချုပ်သူခန့်အပ်သည့် အမိန့်စာတွင် သတ်မှတ်ကာလအထိ ဖြစ်စေ၊ အမိန့်အား မပယ်ဖျက်မီအထိ ဖြစ်စေ ဆောင်ရွက်ရမည်။

***စာမျက်နှာ (၁၆) သို့***

*စာမျက်နှာ ၁၅ မှ*

( ဂ ) ထိုအမိန့်စာ တည်မြဲနေသမျှ ကာလပတ်လုံး တည်ဆဲဥပဒေအရ သို့မဟုတ် အခြားနည်းဖြင့် ဘဏ်နှင့် ၎င်း၏ ဒါရိုက်တာများ ကျင့်သုံးနိုင်သော အခွင့်အာဏာများနှင့် လုပ်ပိုင်ခွင့်များ၊ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းများနှင့်သင်းဖွဲ့မှတ်တမ်းများအရ အဖွဲ့အစည်း၊ ၎င်း၏ဒါရိုက်တာနှင့် အစုရှယ်ယာပိုင်ရှင်များ၏ လုပ်ပိုင်ခွင့်များကို အုပ်ချုပ်သူသို့ အခွင့်အာဏာအပ်နှင်းစေရမည်။

( ဃ ) အမိန့်စာအတည်ဖြစ်နေသည့် ကာလတစ်လျှောက်လုံးတွင် ဘဏ်၏ မည်သည့် ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိမျှ အုပ်ချုပ်သူက တာဝန်ပေးသည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးသည့် ကိစ္စမှအပ ဘဏ်နှင့်စပ်လျဉ်းသော အလုပ်တွင် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်ခြင်း မရှိစေရ။

( င ) အုပ်ချုပ်သူကစာဖြင့် အတည်ပြုချက်ပေးသည့်ကိစ္စမှအပ မည်သည့် ဒါရိုက်တာ၊ အမှုဆောင် အရာရှိ သို့မဟုတ် အရာရှိကိုမျှ လစာစရိတ်ခံစားခွင့်မရှိစေရ။

**အုပ်ချုပ်သူ၏ ပြုပြင်ရေးဆောင်ရွက်ချက်များ**

၁၀၀။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ အုပ်ချုပ်သူသည် ဗဟိုဘဏ်၏ အတည်ပြုချက်ဖြင့် ဘဏ်အားပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် အောက်ပါလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဆောင်ရွက်ရမည်-

( က ) နိုင်ငံတော်တွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ၏ မည်သည့် အစိတ်အပိုင်းကိုမဆို ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း၊

( ခ ) ဘဏ်၏ ရရန်ပိုင်ခွင့်များကို အခြားဘဏ် သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းသော အဖွဲ့အစည်းသို့ ဗဟိုဘဏ်က သတ်မှတ်ပေးသော စည်းကမ်းချက်အတိုင်း ရောင်းချခြင်း၊

( ဂ ) ဘဏ်၏အရာရှိများ၊ ဝန်ထမ်းများကို အလုပ်မှရပ်စဲခြင်း သို့မဟုတ် ၎င်းတို့ကို အစားထိုး ခန့်ထားခြင်း၊

( ဃ ) ပုဒ်မခွဲ (ဂ) ပါပုဂ္ဂိုလ်များသည် နိုင်ငံတော်ပိုင်ဘဏ်များမှ ပုဂ္ဂိုလ်များဖြစ်လျှင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း၊

( င ) အုပ်ချုပ်သူက ဘဏ်တစ်ခုသည် အခြားဘဏ်နှင့်ပူးပေါင်းရန် လိုအပ်သည်ဟု စဉ်းစားဆုံးဖြတ်သည့်အခါပူးပေါင်းရန်အစီအစဉ်ကို ဆောင်ရွက်ခြင်း၊

( စ ) မတည်ငွေရင်းကို တိုးမြှင့်ခြင်းနှင့် အစုရှယ်ယာပိုင်ရှင်သစ်များသို့ ရောင်းချခြင်းနှင့် ဒါရိုက်တာအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခြင်းဖြင့် ဘဏ်ကို ပြင်ဆင်ဖွဲ့စည်းတည်ထောင်ခြင်း၊

( ဆ ) ငွေအပ်နှံသူများအကျိုးငှာ အုပ်ချုပ်သူက စဉ်းစားချင့်ချိန်သည့် နည်းလမ်းအတိုင်း ဘဏ်ကို ပြန်လည်တည်ထောင်ခြင်း၊ အကျိုးအမြတ်မရှိနိုင်သော လုပ်ငန်းများကို ပိတ်သိမ်းခြင်းအပါအဝင် ဘဏ်ကိုဖြစ်စေ၊ ၎င်း၏စီမံအုပ်ချုပ်မှုအဖွဲ့ကိုဖြစ်စေ ပြန်လည် ဖွဲ့စည်းခြင်း၊

( ဇ ) ဘဏ်ကို ပြန်လည်ထူထောင်ရန် ဗဟိုဘဏ်က အတည်ပြုပေးသည့် အခြားနည်းလမ်း ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

**အုပ်ချုပ်သူ၏ အစီရင်ခံစာ**

၁၀၁။ (က) ဗဟိုဘဏ်က အုပ်ချုပ်သူခန့်ထားသည့် သတ်မှတ်ကာလအတွင်း ဘဏ်၏ အုပ်ချုပ်သူသည် ထိုအဖွဲ့အစည်း၏ ဘဏ္ဍာရေးအခြေအနေနှင့် အနာဂတ်ရည်မှန်းချက်များအတွက် အစီရင်ခံစာတစ်စောင်ကို ပြုစုပြီး ဗဟိုဘဏ်သို့ တင်ပြရမည်။

( ခ ) အုပ်ချုပ်သူသည် ၎င်း၏အစီရင်ခံစာတွင် ဘဏ်ကို စာရင်းရှင်းလင်း ဖျက်သိမ်းရာ၌ ရရှိနိုင်သည့် ရရန်ပိုင်ခွင့်များပမာဏပါရှိစေရမည်။

( ဂ ) အစီရင်ခံစာတွင် အဆိုပြုအောက်ပါအရေးယူဆောင်ရွက်မှုအစီအစဉ်ကို ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များ ပူးတွဲ ပါဝင်စေရမည် -

( ၁ ) အရေးယူဆောင်ရွက်မှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရာ၌ ဘဏ်သို့ ပြန်လည် အပ်နှံရမည့် အစီအစဉ်၊

( ၂ ) ဤဥပဒေ အခန်း (၁၅) အရ ဘဏ်ကို ပြန်လည် ထူထောင်မှု အစီအစဉ်၊

( ၃ ) ဤဥပဒေ အခန်း (၁၇) အရ မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီအစဉ်၊

( ၄ ) ဘဏ်၏ လိုင်စင်ကို ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီအစဉ်နှင့်

( ၅ ) ဘဏ်အနေဖြင့် လူမွဲစာရင်းခံယူမှုစတင်ရန် ဆောင်ရွက်ခြင်း။

**အုပ်ချုပ်သူအဖြစ်မှရပ်စဲခြင်း**

၁၀၂။ (က) အုပ်ချုပ်သူအဖြစ် ခန့်ထားခြင်းကို အောက်ပါတို့အနက် စောရာကာလ၌ ရပ်စဲစေရမည်-

( ၁ ) အုပ်ချုပ်သူအား ခန့်အပ်မှုတွင်ဖော်ပြထားသည့် အချိန်ကာလ သို့မဟုတ် ထပ်တိုး အချိန်ကာလ ကုန်ဆုံးသည့်ရက်၊

( ၂ ) ဗဟိုဘဏ်က ရပ်စဲရန် ဆုံးဖြတ်သည့်ရက်၊

( ၃ ) တရားရုံးက ရပ်စဲရန် ဆုံးဖြတ်သည့်ရက်၊

( ခ ) အုပ်ချုပ်သူသည် ခန့်ထားမှုရပ်စဲသည့်ရက်မှ အလုပ် လုပ်ရက် ၂၀ ရက်အတွင်း အုပ်ချုပ်သူအဖြစ်ဆောင်ရွက်ချက် အပြီးသတ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

၁၀၃။ အုပ်ချုပ်သူက စီမံခန့်ခွဲရမည့်ကာလအတွင်း ဗဟိုဘဏ်သည် သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းအား ငွေကြေးလွယ်ကူမှု ယာယီလျော့နည်းခြင်းကို ဖြည့်ဆည်းရန် စည်းကမ်းချက် သတ်မှတ်၍ ငွေချေးခြင်းဖြင့် ငွေကြေးပံ့ပိုးမှုပြုနိုင်သည်။

**အခန်း (၁၅)**

**ဘဏ်အား ပြန်လည်ထူထောင်ခြင်း**

**ဗဟိုဘဏ်၏အရေးယူဆောင်ရွက်နိုင်မှု**

၁၀၄။ (က) ဗဟိုဘဏ်သည် ဘဏ်အား အုပ်ချုပ်သူ၏ထိန်းချုပ်ကွပ်ကဲမှု အောက်တွင် ထားရှိသည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာဘဏ်၏ ငွေစာရင်းများကို စာရင်းစစ်ခြင်း သို့မဟုတ် စာရင်း စစ်ဆေးစေခြင်း ပြုလုပ်ရမည်။

( ခ ) ဗဟိုဘဏ်သည် အုပ်ချုပ်သူနှင့် စာရင်းစစ်တို့၏ အစီရင်ခံစာကို အခြေခံ၍ အောက်ပါအရေးယူဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည်-

( ၁ ) ပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၈) အရ ပြုလုပ်သည့် ဘဏ်၏ ဒါရိုက်တာအဖွဲ့အား ရာထူးရပ်ဆိုင်းထားခြင်းမှ ကင်းလွတ်စေနိုင်သည်။ ထို့အပြင် ဒါရိုက်တာ အဖွဲ့အား ရပ်ဆိုင်းထားသော ဘဏ်၏လုပ်ငန်းများကို ပြန်လည်ပြုလုပ်စေခြင်း၊

( ၂ ) ဘဏ်၏ ဒါရိုက်တာအဖွဲ့အား ထုတ်ပယ်ပြီး ဒါရိုက်တာအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ရေးအတွက် သင်းလုံးကျွတ်အထွေထွေအစည်းအဝေး ကျင်းပရန် ညွှန်ကြားခြင်း၊

( ၃ ) မတည်ငွေရင်းလျှော့ချရန် ဆောင်ရွက်ခြင်းအပြင် ဆုံးရှုံးခဲ့သော သို့မဟုတ် ရရန်ပိုင်ခွင့်အဖြစ် မသတ်မှတ်နိုင်သော အစုရှယ်ယာတန်ဖိုး၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ပြင်ဆင်သတ်မှတ်ခြင်း၊

( ၄ ) ဗဟိုဘဏ်က လိုအပ်၍သတ်မှတ်ပေးသည့် တန်ဖိုးဖြင့် အစုရှယ်ယာ အသစ်များကို ရောင်းချပေးခြင်းဖြင့် လက်ရှိအစုရှယ်ယာရှင်များ၏ပါဝင်မှုကို လျှော့ချခြင်း၊

( ၅ ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တွင် ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းပေးပါရန် လျှောက်လွှာတင်ခြင်း။

( ဂ ) ပုဒ်မ ၉၆ သို့မဟုတ် ပုဒ်မခွဲ (ခ) ပါလုပ်ပိုင်ခွင့်များကို ထိခိုက်မှုမရှိစေဘဲ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေအရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များအရ -

( ၁ ) ဗဟိုဘဏ်သည် အများပြည်သူသိရှိရန် အောက်ပါတို့ကို ထုတ်ပြန် ကြေညာရမည်-

(ကက) ဘဏ်၏အစုရှယ်ယာရှင်တစ်ဦးဦးကို ၎င်း၏အစုရှယ်ယာအား လွှဲပြောင်းစေခြင်း သို့မဟုတ် သင့်မြတ်လျော်ကန်မှုရှိသည့်ပုဂ္ဂိုလ်အား ရောင်းချစေခြင်း ပြုနိုင်သည်။

( ခခ ) ဗဟိုဘဏ်က သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ဘဏ်၏ ရရန် ပိုင်ခွင့်များ သို့မဟုတ် ပေးရန် တာဝန်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ လွှဲပြောင်းစေနိုင်သည်။

( ဂဂ ) ပုဒ်မ ၁၀၇ နှင့်အညီ ဗဟိုဘဏ်ကသင့်လျော်သည်ဟု ယူဆသည့် ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အခြားသောဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းထံ လွှဲအပ်နိုင်သည်။

( ၂ ) ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသဘောတူညီချက် ရယူပြီး ဆောင်ရွက်ခွင့်ရှိသည် -

(ကက) ဘဏ်၏ စီးပွားရေးလုပ်ငန်းကို ထိန်းချုပ်နိုင်ရန် ဘဏ်၏ အစုရှယ်ယာများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူခြင်း၊

( ခခ ) ဘဏ်၏ခိုင်မာတည်ငြိမ်ရေးအတွက်ဖြစ်စေ၊ ငွေရေးကြေးရေးစနစ် တစ်ရပ်လုံး၏ တည်ငြိမ်ရေးအတွက်ဖြစ်စေ ဘဏ်သို့ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေဖြင့် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်း၊

( ဂဂ ) ဘဏ်၏ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို ရယူနိုင်ရန် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ ထည့်ဝင်သော မတည်ရင်းနှီးငွေဖြင့် ဘဏ်အသစ်အား တည်ထောင်ခြင်း။

(ဃ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ မှန်ကန်သင့်လျော်သော အရေးယူဆောင်ရွက်မှုကို ဆုံးဖြတ်ပြုလုပ်ရာတွင် ဗဟိုဘဏ်သည် နောက်ဆုံးစာရင်းစစ်အစီရင်ခံစာနှင့် အုပ်ချုပ်သူက တင်ပြသော အစီရင်ခံစာတို့ကို အလေးအနက်ထည့်သွင်း စဉ်းစားရမည်။

( င ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ မည်သည့် အရေးယူမှုကိုမျှ ဘဏ်အား ကျေနပ်မှု မရှိကြောင်းပြသရန် ကျိုးကြောင်းဆီလျော်သော အခွင့်အရေးမပေးဘဲ ချမှတ်ခြင်း မပြုရ။ သို့ရာတွင် နှောင့်နှေးခြင်းကြောင့် ဘဏ်သို့မဟုတ် ၎င်း၏ ငွေအပ်နှံသူမြီရှင်များ သို့မဟုတ် ယေဘုယျအားဖြင့် အများပြည်သူ ထိခိုက်စေမည်ဟု ဗဟိုဘဏ်က ထင်မြင်ယူဆလျှင် ချက်ချင်းအရေးယူနိုင်ပြီး မကျေနပ်ချက်များ တင်ပြရေးအတွက် ယင်းအခွင့်အရေးကို အမြန်ဆုံး ဖြစ်နိုင်သမျှ အခွင့်အရေးပေးပြီး ဆောင်ရွက်နိုင်သည်။

( စ ) အဆိုပါကျေနပ်မှုမရှိကြောင်း အကျိုးဆက်အဖြစ် ဗဟိုဘဏ်က အရေးယူထားချက်ကို စည်းကမ်းချက်များ သတ်မှတ်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

(ဆ) ဗဟိုဘဏ်သည် ဤပုဒ်မ အလို့ငှာ ဘဏ်ကို ရယူပိုင်ဆိုင်ရန် အလားအလာရှိသူအား ဘဏ်နှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို ပေးနိုင်သည်။ သို့သော် ထိုသတင်း အချက်အလက်ရရှိသူသည် လျှို့ဝှက်ထိန်းသိမ်းထားရမည်။ ထိုသတင်းအချက်အလက်များအား ဘဏ်ကို ရယူပိုင်ဆိုင်ခြင်းအတွက်သာ အသုံးပြုရမည်။

**အစုရှယ်ယာပိုင်ဆိုင်သူ၏ အခွင့်အရေး**

၁၀၅။ (က) ဤအခန်းပါ ကိစ္စရပ်အလို့ငှာ ဘဏ်ပိုင်ရှင်၏ ကိုယ်စားလှယ်ကသာ ဗဟိုဘဏ်၏ အရေးယူမှုအပေါ် ကျေနပ်မှုမရှိကြောင်း ဗဟိုဘဏ်သို့ တင်ပြခွင့်ရှိသည်။

( ခ ) ပိုင်ဆိုင်သူများ၏ကိုယ်စားလှယ်အဖြစ် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်နိုင်သည်-

( ၁ ) ဘဏ်၏ ပိုင်ရှင်များက အများဆန္ဒဖြင့် ဘဏ်၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း ခံရသူ၊

( ၂ ) ဘဏ်၏ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌရာထူး ဆောင်ရွက်နေသူ သို့မဟုတ် ထိုသူက ကိုယ်စားလှယ်အဖြစ် အခွင့်အာဏာ လွှဲအပ်ခြင်းခံရသူ။

( ဂ ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်လိုပါက ပုဒ်မ ၁၀၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ဗဟိုဘဏ်၏ ကြေညာချက်ကို ရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ဘဏ်၏ ပိုင်ရှင်များက ကန့်ကွက်စာ တင်နိုင်သည်။

( ဃ ) ကန့်ကွက်သောစာကို ဗဟိုဘဏ်က သတ်မှတ်အချိန်အတွင်း လက်ခံရရှိခြင်းမရှိပါက ပိုင်ရှင်များက သဘောတူညီသည်ဟု မှတ်ယူရမည်။

( င ) ဗဟိုဘဏ်သည် သတ်မှတ်သည့် ၁၄ ရက် အတွင်း ကန့်ကွက်စာ ရရှိပါက ကန့်ကွက် တင်ပြချက်ကို ပြန်လည်သုံးသပ်ကာ မိမိ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမိန့်အားပယ်ဖျက်ခြင်းသင့်လျော်သလို ပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မိမိ၏ ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက် ဖော်ပြရမည်။

( စ ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ဘဏ်၏ပိုင်ရှင်များ၏ ကိုယ်စားလှယ်ထံ ချက်ချင်း ပေးပို့ရမည်။

( ဆ ) ဗဟိုဘဏ်၏ အရေးယူမှုအားလုံးသည် ဗဟိုဘဏ်က ပယ်ဖျက်ခြင်းမပြုသမျှ တရားဝင် အတည်ဖြစ်စေရမည်။

( ဇ ) ဗဟိုဘဏ်က ထုတ်ပြန်သော အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ဆုံးဖြတ်ချက် အမိန့်စာသည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

**မတည်ငွေရင်းလျှော့ချခြင်းနှင့် အစုရှယ်ယာများ ပယ်ဖျက်ခြင်း**

၁၀၆။ ( က ) ဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်း ဆုံးရှုံးခြင်းဖြစ်စေ၊ ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်လျှင်ဖြစ်စေ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားပြီး ထိုမှတစ်ဆင့် ဘဏ်၏ အဆိုပါ မတည်ငွေရင်းဆုံးရှုံးမှု သို့မဟုတ် ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်မှုတို့ကို ပယ်ဖျက်ခြင်းပြုပြီး မတည်ငွေရင်းကို လျှော့ချခြင်း ပြုနိုင်သည်။

( ခ ) ဘဏ်၏ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို ပုဒ်မ ၁၀၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ခခ) နှင့် (ဂဂ) တို့အရ အခြားသူသို့ လွှဲပြောင်းထားပြီးဖြစ်လျှင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီးပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားရမည်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အရ ဘဏ်၏ ကျန်အစုရှယ်ယာ မတည်ငွေရင်းကို ပယ်ဖျက်နိုင်သည်။

( ဂ ) ဗဟိုဘဏ်က ပုဒ်မခွဲ (က) အရ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချရန်အမိန့်ကို ထုတ်ပြန်သည့်အခါထိုသို့ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အစုရှယ်ယာရှင်များက လာရောက်ပေးသွင်းခြင်းမပြုပါက ဗဟိုဘဏ်သည် အဆိုပါပေးသွင်းခြင်းမပြုသည့်တန်ဖိုးကို ပယ်ဖျက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

(ဃ) ဘဏ်၏ အစုရှယ်ယာမတည်ငွေရင်းကို ပုဒ်မခွဲ (က) အရ လျှော့ချခြင်း သို့မဟုတ် ပုဒ်မခွဲ (ခ) အရ အစုရှယ်ယာများကို ပယ်ဖျက်ခြင်းပြုသည့်အခါ ဗဟိုဘဏ်သည် ဘဏ်၏ စာတမ်းအမှတ်အသားများကိုဖြစ်စေ၊ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတို့ကိုဖြစ်စေ ပြောင်းလဲပြင်ဆင်ရေးအတွက် ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ လျှောက်ထားရန် ဘဏ်အား တောင်းဆိုနိုင်သည်။

**အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ**

၁၀၇။ ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များသည် အားလုံးဖြစ်စေ၊ အချို့အဝက်ဖြစ်စေ အခြားသောငွေရေးကြေးရေးအဖွဲ့အစည်းသို့ ပုဒ်မ ၁၀၄ အရ အပ်နှံခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ပြုရာတွင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် အမိန့်ထုတ်ပြန်ကြေညာရမည်။ ယင်းအမိန့်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

၁၀၈။ အပြီးအပိုင်အပ်နှင်းခွင့်ရရှိသူသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) ပုဒ်မ ၁၀၇ အရ ထုတ်ပြန်သော အမိန့်နှင့်သက်ဆိုင်သည့် ဘဏ်၏ အပြီးအပိုင်အပ်နှင်း ရရှိသည့် ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို ရယူရာတွင် လွှဲပြောင်းပေးသူအဖွဲ့အစည်း၏ ငွေအပ်နှံသူများနှင့် မြီရှင်များ၏ အကျိုး သို့မဟုတ် အများပြည်သူအကျိုး ဖြစ်သည်ကို ခိုင်လုံစွာ ဆုံးဖြတ်နိုင်ခြင်း၊

( ခ ) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသည် ဘဏ်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရာတွင် လုပ်ကိုင်နိုင်စွမ်းရည်ရှိခြင်း၊

( ဂ ) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ကို အသုံးပြုခြင်းနှင့် လက်ရှိပေးရန် တာဝန်ကို ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့်အဖွဲ့အစည်းက ဗဟိုဘဏ်က ချမှတ်သော စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း သဘောတူညီခြင်း။

**အပြီးအပိုင် အပ်နှင်းသည့် အမိန့်၏ အကျိုးသက်ရောက်ခြင်း**

၁၀၉။ (က) ပုဒ်မ ၁၀၇ အရ ထုတ်ပြန်သော အပြီးအပိုင် အပ်နှင်းရရှိသည့် အမိန့်တွင် သက်ဆိုင်ရာ နေ့ရက်မှ စတင်အကျိုးသက်ရောက်ရာတွင်-

( ၁ ) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်သို့ ပြောင်းလဲပေးသော အခွင့်အရေး အားလုံးနှင့် အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ ရယူရာတွင် အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ရရှိခြင်းသည် ပြီးမြောက်ခြင်းမရှိစေကာမူ လွှဲပြောင်း လက်ခံသော အဖွဲ့အစည်းက ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

( ၂ ) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန် တာဝန်များကို သက်ဆိုင်ရာတရားဝင်မှတ်ပုံတင်စာအုပ်အသီးသီးတွင် ရေးသွင်းချက်များအားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်း၏ အမည်သို့ပြောင်း၍ အစားထိုးပြီး ဖြစ်စေရမည်။ သို့သော် ထိုသို့အမည်ပြောင်းခြင်းမရှိစေကာမူ အပြီးအပိုင် အပ်နှင်း ရရှိသည့် အမိန့်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို လွှဲပြောင်း လက်ခံရရှိသော အဖွဲ့အစည်းသို့ အကျိုးသက်ရောက်ပြီး ခံစားပိုင်ခွင့်များ ရရှိစေရမည်။

( ၃ ) ဗဟိုဘဏ်က ဤဥပဒေအရသို့မဟုတ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ထုတ်ပြန်သော အမိန့်ပါ စည်းကမ်းချက်များကို လွှဲပြောင်း လက်ခံရရှိသော အဖွဲ့အစည်းက လိုက်နာရမည်။ ထိုအဖွဲ့အစည်းသည် ထိုသို့လိုက်နာမည့် အကြောင်း စာဖြင့် သဘောတူညီချက်ပေးရမည်။

*စာမျက်နှာ (၁၇) သို့*

*စာမျက်နှာ ၁၆ မှ*

( ၄ ) လွှဲပြောင်း လက်ခံသော အဖွဲ့အစည်းအား ထုတ်ပေးထားသော လိုင်စင်ကို ရရန်ပိုင်ခွင့် အပြီးအပိုင် အပ်နှင်းသည့် အမိန့်နှင့်အညီ ထိုအဖွဲ့အစည်းကိုအပ်နှင်းသည့် ခံစားခွင့်များ အကျိုးသက်ရောက်မှု ရှိစေရန် လိုအပ်သလို ပြုပြင်ရမည်။

( ၅ ) လွှဲပြောင်းပေးသော အဖွဲ့အစည်းက ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန် အားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ လွှဲပြောင်း အပ်နှင်းပြီးလျှင် ဗဟိုဘဏ်သည် လွှဲပြောင်းပေးသော အဖွဲ့အစည်း၏ လိုင်စင်ကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မ ၁၀၇ အရ ထုတ်ဆင့်သော ရရန်ပိုင်ခွင့်အပ်နှင်းသည့် အမိန့်တွင် ဗဟိုဘဏ်က အခြားနည်းဖြင့် သီးခြားဖော်ပြထားခြင်းမရှိလျှင် သက်ဆိုင်ရာနေ့ရက်မှစ၍ အောက်ပါတို့အကျိုးသက်ရောက်စေရမည်-

( ၁ ) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသို့ အပ်နှင်းလွှဲအပ်သည့် ရရန် ပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ပဋိညာဉ်များ၊ စာချုပ်များ၊ အာမခံစာချုပ်များ၊ သဘောတူညီချက်များ၊ ကိုယ်စားလှယ်လွှဲစာများ၊ တရားဝင်ကိုယ်စားလှယ် လွှဲအပ်ခွင့်များနှင့် အခြားစာချုပ်စာတမ်းများသည် လွှဲပြောင်းပေးသော အဖွဲ့အစည်းသို့ သဘောတူ ခွင့်ပြုသောနေ့ရက်မှစ၍ လွှဲပြောင်းအပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

( ၂ ) လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ အပ်နှင်း၍ ရရှိသော ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ထိုသို့အပ်နှင်းခြင်းမပြုမီက ရှိခဲ့သော အရေးယူဆောင်ရွက်ချက်များနှင့် စွဲဆိုချက်များမှာ လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းက စွဲဆိုသော သို့မဟုတ် ၎င်းအဖွဲ့အစည်းအပေါ် စွဲဆိုသော အရေးယူမှုများ နှင့်စွဲဆိုချက်များဖြစ်သည်ဟု မှတ်ယူ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

( ဂ ) ဤပုဒ်မအလို့ငှာ -

( ၁ ) သက်ဆိုင်ရာနေ့ ဆိုသည်မှာ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသော ပိုင်ဆိုင်ခွင့် အပြီးအပိုင် အပ်နှင်းသည့်အမိန့် ထုတ်ပြန်သည့်နေ့ကို ဆိုသည်။

( ၂ ) တရားဝင်မှတ်ပုံတင်ခြင်းများ ဆိုသည်မှာ နိုင်ငံတော်၏ ဥပဒေအရ တည်ထောင်သည့် မှတ်ပုံတင်ဌာနတွင် လူပုဂ္ဂိုလ်နှင့် နိုင်ငံတော်တွင် ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ၏ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် ရပိုင်ခွင့်မှတ်တမ်းများအရ အကျိုးခံစားမှုများ၊ ပိုင်ဆိုင်မှုများ၊ လွှဲပြောင်းခြင်းများ မှတ်ပုံတင်ခြင်းကို ဆိုသည်။

**အခွန်နှင့်အခများ**

၁၁၀။ ဤဥပဒေအခန်းပါပြဋ္ဌာန်းချက်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်လွှဲပြောင်းမှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အခွန်နှင့်အခကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

**ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်အားရပ်ဆိုင်းထားခြင်း**

၁၁၁။ (က) ဤအခန်းပါလုပ်ပိုင်ခွင့်များအပြင် ဗဟိုဘဏ်သည် ဘဏ်၏ အကျိုးအတွက်ဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားနှင့်စုဆောင်းငွေများကို ကာကွယ်ရန်ဖြစ်စေ၊ ငွေကြေး စနစ်တည်ငြိမ်ရန်ဖြစ်စေ လိုအပ်သည်ဟု ထင်မြင်လျှင် အများပြည်သူသိရှိနိုင်ရန် အောက်ပါတို့ကို ထုတ်ပြန်ကြေညာရမည်-

( ၁ ) အမိန့်တွင် ဘဏ်၏ ဘဏ်လုပ်ငန်းအားလုံး သို့မဟုတ် အချို့အဝက်ကို လုပ်ကိုင်ခွင့် တားမြစ်ပိတ်ပင်ခြင်း၊

( ၂ ) ဘဏ်အား ဘဏ်လုပ်ငန်းနှင့်ဆက်နွှယ်သော လုပ်ငန်းတာဝန်များအားလုံး သို့မဟုတ် အစိတ်အပိုင်းကို ဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊

( ၃ ) ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ် (၂) အရ တားမြစ်ထားသော ကာလအတွက် အကျိုးသက်ရောက်မှုရှိစေရန် ထိုတားမြစ်သည့်ကာလအတွင်း ဤဥပဒေအရ ထုတ်ပေးသည့် ဘဏ်၏ လိုင်စင်အား ရပ်ဆိုင်းထားခြင်း၊

( ၄ ) အထက်ပါပုဒ်မခွဲများပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန်အလို့ငှာ ဘဏ်၏ ပိုင်ဆိုင်ပစ္စည်းများ၊ စာအုပ်များနှင့် စာတမ်းအမှတ်အသားများကို ဗဟိုဘဏ်က ထိန်းချုပ်ကွပ်ကဲခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းအပါအဝင် မရှောင်လွှဲနိုင်သော အကျိုးသက်ရောက်မှုများ၊ နောက်ဆက်တွဲ ကိစ္စများအတွက် သတ်မှတ်ခြင်း။

( ခ ) အခါအားလျော်စွာ ပုဒ်မခွဲ (က) အရ ထုတ်ပြန်သော အမိန့်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း ပြုနိုင်သည်။ ထိုသို့ လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် သို့မဟုတ် တရားမျှတမှု မရှိလျှင် ပုဒ်မခွဲ (က) အရ နောက်ထပ် အမိန့်ကို ထုတ်ဆင့်နိုင်သည်။

( ဂ ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် အမိန့်နှင့် ပုဒ်မခွဲ (ခ) အရ နောက်ထပ် ထုတ်ပြန်သော အမိန့်ကို ရုပ်သိမ်းနိုင်သည်။ ထို့ပြင် ဗဟိုဘဏ်သည် လိုအပ်သည်ဟု ထင်မြင်လျှင် အဆိုပါ အမိန့်တွင် လိုအပ်သော ညွှန်ကြားချက် သို့မဟုတ် ဆက်နွှယ်သော နောက်ဆက်တွဲ သဘောသဘာဝရှိသည်များကို ထည့်သွင်းထုတ်ပြန်နိုင်သည်။

## အခန်း (၁၆)

## ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ဖယားဝင်အဖွဲ့အစည်းများ ပြန်လည်ထူထောင်ခြင်း

၁၁၂။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဖယားဝင်အဖွဲ့အစည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ထူထောင်နိုင်သည်။

## အခန်း (၁၇)

## ဘဏ်များအားစာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ဘဏ်အားလုပ်ငန်းဆောင်ရွက်ခြင်းမှ ဆန္ဒအလျောက် ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အတွက် ကြိုတင်အတည်ပြုချက်

၁၁၃။ (က) ဗဟိုဘဏ်၏ စာဖြင့်ရေးသားထားသော အတည်ပြုချက်မရှိဘဲ ဘဏ်တစ်ခု၊ လက်ရှိ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်တစ်ခုအား ဆန္ဒအလျောက်ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအတွက် မည်သူမျှ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားခွင့် မရှိစေရ။

( ခ ) အောက်ပါအချက်များအား ကျေနပ်မှုမရှိလျှင် ပုဒ်မခွဲ (က) အရ အတည်ပြုချက်အား ဗဟိုဘဏ်က ခွင့်မပြုရ-

( ၁ ) စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ကြွေးမြီများအားလုံးကို ပြန်လည် ပေးဆပ်နိုင်စွမ်းရှိပြီး ငွေအပ်နှံသူများနှင့် မြီရှင်များသို့ နှောင့်နှေးမှုမရှိဘဲ ပြန်လည်ပေးဆပ်နိုင်ခြင်း၊

( ၂ ) ဘဏ်လုပ်ငန်း အစုရှယ်ယာရှင်များ၏ အစည်းအဝေးတစ်ခုတွင် မဲပေးပိုင်ခွင့်ရှိသော ရှယ်ယာပိုင်ရှင်များ၏ လေးပုံသုံးပုံ ထက်မနည်း ကိုယ်စားပြုထားသည့် သဘောတူညီချက်တစ်ခုအရ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်အား ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား အတည်ပြုပြီးဖြစ်ခြင်း။

( ဂ ) အစိုးရအဖွဲ့၏ အတည်ပြုချက်မပါဘဲ ပြည်တွင်းလိုင်စင်ရ နိုင်ငံတော်ပိုင် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုအား ရပ်စဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကို နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်း၏ စီမံအုပ်ချုပ်သူကစာဖြင့် ရေးသားထားသည့် တောင်းဆိုချက်မပါဘဲ နိုင်ငံတော်အတွင်း ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ဌာနခွဲအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း။

**ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် စည်းကမ်းချက်များ**

၁၁၄။ (က) ပုဒ်မ ၁၁၃၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ အရ အတည်ပြုချက်တစ်ခုအား ဗဟိုဘဏ်မှ ခွင့်မပြုသေးမီ အဆိုပါဆန္ဒအလျောက်လုပ်ငန်းရပ်စဲမည့် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် အောက်ပါတို့ကို ပြီးစီးအောင် ဆောင်ရွက်ရမည်-

( ၁ ) ဘဏ်တွင် အပ်နှံထားသည့်ငွေများကို ငွေအပ်နှံသူများသို့ ပြန်လည်ထုတ်ပေးပြီး ဖြစ်ရမည်။

( ၂ ) ဤဥပဒေအရ ပေါ်ပေါက်သည့် ငွေရေးကြေးရေးပေးရန် တာဝန်များနှင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ အားလုံးကို ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်းနှင့် ယင်း၏ ယုံမှတ်အပ်နှံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အရ ၎င်းထံတွင်ရှိသည့် ငွေနှင့် အခြားပစ္စည်းများအားလုံးကို ပြန်လည်ပေးအပ်ပြီး ဖြစ်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ လိုအပ်ချက်များအပြင် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည်-

( ၁ ) ဆောင်ရွက်နေဆဲ လုပ်ငန်းအားလုံးအား ဖျက်သိမ်းပြီး ဖြစ်ရမည်။

( ၂ ) စာရင်းရှင်းလင်းဖျက်သိမ်းရန်ဖြစ်သည့် ဆောင်ရွက်ဆဲစီးပွားရေး လုပ်ငန်းများ အားလုံးအား ဖျက်သိမ်းပြီး အစီအစဉ်တကျ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်မှု ရှိစေမည့် လိုအပ်သည့် အခွင့်အာဏာကိုသာလျှင် ကျင့်သုံးရမည်။

( ဂ ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်နှင့် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သည့် အစီရင်ခံစာများ စာရွက်စာတမ်းများ ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း စီမံချက်အပါအဝင် အခြားသော သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

( ဃ ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) ပါလိုအပ်ချက်များကို ဖြည့်ဆည်းပြီးဖြစ်ကြောင်း သေချာမှု ရှိစေရန်အတွက် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်နှင့် စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်တို့ထံသို့ ညွှန်ကြားချက်ထုတ်ပြန်နိုင်သည်။

( င ) စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်တစ်ခုသည် ပုဒ်မ ၁၁၃ နှင့် ဤပုဒ်မပါ လိုအပ်ချက်များအား မဖြည့်ဆည်းနိုင်လျှင် ဗဟိုဘဏ်သည် ဤဥပဒေ ပုဒ်မ ၉၇ အရ အုပ်ချုပ်သူတစ်ဦးအား ခန့်အပ်ရမည်။

**မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အကြောင်းကြားခြင်း**

၁၁၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် ဖျက်သိမ်းခြင်း သို့မဟုတ် မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတို့အတွက် အောက်ပါအတိုင်း အကြောင်းကြားစာ ပေးပို့ရမည် -

( ၁ ) ဗဟိုဘဏ်မှ ပုဒ်မ ၁၁၃ အရ အတည်ပြုချက် လက်ခံရရှိပြီး ၁၄ ရက်အတွင်း ကုမ္ပဏီမှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရန်၊

( ၂ ) ငွေအပ်နှံသူများအားလုံးနှင့် အခြားမြီရှင်များအပြင် အခြားနည်းအားဖြင့် ဘဏ်တွင် ယုံမှတ်အပ်နှံထားသည့် ငွေနှင့်အခြားပစ္စည်းများကို ပြန်လည်လက်ခံရယူရမည့် သူများ၊ လုံခြုံမှုအရ အပ်နှံထားသည့်သေတ္တာကို ငှားရမ်းထားသူများ သို့မဟုတ် ယုံမှတ် အပ်နှံထားသူများထံသို့ ပေးပို့ရန်၊

( ၃ ) ဘဏ်မှ ငွေချေးယူထားသော မြီစားများကို မိမိတို့၏ ချေးယူငွေများအား အမြန်ဆုံး ပြန်ဆပ်နိုင်ရေး အကြောင်းကြားစာ ပေးပို့ရန်၊

( ၄ ) နိုင်ငံတော်အတွင်း အများပြည်သူသိရှိနိုင်ရန် သတင်းစာတွင် တစ်ကြိမ် ထုတ်ပြန် ကြေညာရမည်။

( ၅ ) ဘဏ်လုပ်ငန်း အဓိကနေရာနှင့် အခြားရုံးများရှိ အများမြင်သာသည့် နေရာတွင် ကြေညာထားရန်၊

( ခ ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းသည့် အကြောင်းကြားစာတွင်ပါရှိရမည့် သတင်းအချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်ပေးရမည်။

( ဂ ) ဗဟိုဘဏ်သည် အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်က ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦးဦးထံ အကြောင်းကြားစာ ပေးပို့ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

( ၁ ) ထိုသို့ ပြုလုပ်ရန် လက်တွေ့မကျကြောင်း၊

( ၂ ) ထိုပုဂ္ဂိုလ်သည် ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အခြားသောနည်းဖြင့် လုံလောက်သည့် သတိပေးစာ ရရှိပြီးဖြစ်ကြောင်း။

**မြီရှင်များ၏အခွင့်အရေးများ**

၁၁၆။ (က) ဖျက်သိမ်းခြင်း သို့မဟုတ် ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား စတင်ရန် အတည်ပြုချက်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်တစ်ခု၏ ငွေအပ်နှံသူ သို့မဟုတ် အခြားသော မြီရှင်သို့ ပေးချေရမည့် တောင်းခံမှုများအားလုံးအား တောင်းခံခွင့်များ သို့မဟုတ် ဘဏ်တွင် ထိန်းသိမ်းထားသည့် ငွေ သို့မဟုတ် အခြားပစ္စည်းပိုင်ရှင်၏ လုပ်ပိုင်ခွင့်များအား ထိခိုက်နစ်နာစေခြင်း မရှိစေရ။

( ခ ) ဥပဒေနှင့်အညီ တောင်းခံမှုများအား ချက်ချင်းပေးရမည်ဖြစ်ပြီး စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ထိန်းသိမ်းထားသည့် ငွေ သို့မဟုတ် အခြားပစ္စည်းများအား ဗဟိုဘဏ်က သတ်မှတ်ပေးသည့် အမြင့်ဆုံးကာလအတွင်း ပိုင်ဆိုင်ခွင့်ရှိသူ ပိုင်ရှင်ထံ ပြန်လည် ပေးရမည်။

**လိုင်စင်အား ဖျက်သိမ်းခြင်းနှင့် ရရန်ပိုင်ခွင့်များအား ခွဲဝေခြင်း**

၁၁၇။ (က) ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးစီးပါက အဆိုပါ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်သည် စာရင်းစစ်ဆေးပြီး ရှင်းတမ်းတစ်ခုနှင့် ပြင်ပစာရင်းစစ်၏ ထင်မြင်ချက်ပါဝင်သော အတည်ပြုပြီး ဘဏ်ကလက်ခံသည့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီရင်ခံစာ တစ်စောင်ကို ပြင်ဆင်၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

( ခ ) ပုဒ်မခွဲ (က) အရ တင်ပြထားသည့် စာရင်းစစ် ထင်မြင်ယူဆချက်တွင် အောက်ပါတို့ ပါဝင်ရမည် -

( ၁ ) စာရင်းများသည် ပြည့်စုံမှန်ကန်စွာ ရေးဆွဲပြုစုထားကြောင်း၊

( ၂ ) ဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီရင်ခံစာသည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်၏ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ပြည့်စုံမျှတ၍ သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း၊

( ၃ ) ပြင်ပစာရင်းစစ်သည် စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်ထံမှ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်တောင်းခံရာတွင် လက်ခံရရှိသည့် သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်များသည် တိကျမှန်ကန်စွာ ဖော်ပြထားကြောင်း၊

( ၄ ) ဖျက်သိမ်းခြင်းနှင့် ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဗဟိုဘဏ်၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း။

( ဂ ) လက်ရှိစာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်က ပုဒ်မ ၁၁၄ တွင် ရည်ညွှန်းထားသည့် အတိုင်း ၎င်း၏ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် တာဝန်များအားလုံးကို ပုဒ်မခွဲ (က) အရ တင်ပြရမည့် အထောက်အထားများအပေါ် အခြေခံထားသည်ဟု ဗဟိုဘဏ်ကယူဆလျှင်-

( ၁ ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်၏ လိုင်စင်အား ဖျက်သိမ်း၍ ဤဥပဒေ ပုဒ်မ ၁၁၅ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဖျက်သိမ်းမှုအား အကြောင်းကြား ရမည်။

( ၂ ) ဘဏ်သည် ရရန်ပိုင်ခွင့်အမှန်ရှိသော ပိုင်ရှင်များအား ၎င်းတို့၏ ရရန်ပိုင်ခွင့်များကို ၎င်းတို့ ရရှိရမည့် အချိုးအတိုင်း ခွဲဝေပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် အောက်ဖော်ပြပါ ကိစ္စရပ်များ မဆောင်ရွက်မီ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂) အရ ခွဲဝေမှုများကိုမပြုလုပ်ရ-

( ၁ ) တရားရုံးကဆုံးဖြတ်သတ်မှတ်ချက်အရ ပေးချေရမည့် သို့မဟုတ် ပြန်လည်ပေးရမည့် ငွေများ သို့မဟုတ် အခြားပစ္စည်းများနှင့်စပ်လျဉ်း၍ အငြင်းပွားနေသည့် တောင်းခံမှုများကို ဖြည့်ဆည်းရန် လုံလောက်သော ငွေကြေးအား ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း၊

( ၂ ) ငွေအပ်နှံသူများအားလုံး၊ အခြားမြီရှင်များ သို့မဟုတ် ရန်ပုံငွေများတောင်းခံခြင်း မပြုရသေးသည့် ပုဂ္ဂိုလ်များအား ပေးရန်ရှိသည့် ရန်ပုံငွေများကိုပေးရန် ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း၊

( ၃ ) ပုဒ်မ ၁၅၂ ကို လိုက်နာဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ထိန်းသိမ်းထားသည့်ငွေများနှင့် အခြားပစ္စည်းများကို ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ အဆိုပါပုဂ္ဂိုလ်များသို့ ခွဲဝေနိုင်မှုမရှိခြင်း။

( င ) ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်၏ ရရန်ပိုင်ခွင့်များမှ ကုန်ကျစရိတ်၊ တောင်းခံငွေနှင့် အသုံးစရိတ်အားလုံး ဦးစားပေး ပေးချေရမည်။

( စ ) ပုဒ်မခွဲ (က) အရ တင်ပြထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီရင်ခံစာနှင့် စာရင်းစစ်ထားသည့် စာရင်းရှင်းတမ်းများအတွက် အတည်ပြုကြောင်း သတိပေးစာတစ်ခုအား စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်ထံမှ လက်ခံရရှိသောအခါ စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် ယင်းသတိပေးစာအား အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

( ဆ ) ပုဒ်မခွဲ (စ) အရ ထိုကဲ့သို့ အတည်ပြု သတိပေးစာအား ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီများ၏ မှတ်ပုံတင်အရာရှိထံတွင် ကုမ္ပဏီအမည်အား စာရင်းမှ ပယ်ဖျက်ရမည်။

( ဇ ) ပုဒ်မခွဲ (စ) အရ သတိပေးစာ ထုတ်ပြန်သည့်အချိန်မှစ၍ ဘဏ်သည် တရားဝင်ဖျက်သိမ်းပြီး ဖြစ်ရမည်။

( ဈ ) ပုဒ်မခွဲ (ဆ) အရ ဘဏ်တစ်ခုအား ဖျက်သိမ်းခြင်းသည် ဘဏ်၏ ပိုင်ရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အခြားသော အရာရှိတစ်ဦးဦးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သို့မဟုတ် ဤဥပဒေအရပေးရန် တာဝန်ရှိသည်များ အပေါ် အကျိုးသက်ရောက်မှု မရှိစေရ။ သို့ရာတွင် အဆိုပါပေးရန် တာဝန်ကို ဘဏ်အား တရားဝင်ဖျက်သိမ်းမှု မပြုရသေးသကဲ့သို့ ဆက်လက် အကျိုးသက်ရောက်မှု ရှိစေရမည်။

**မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၁၁၈။ ဗဟိုဘဏ်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ဘဏ်တစ်ခုခုအား မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်ရမည်-

(က) ဘဏ်သည် ပေးချေရန် အချိန်စေ့ရောက်သည့် ငွေရေးကြေးရေး ပေးရန်တာဝန်များကို ပြန်လည်မပေးဆပ်နိုင်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်။)*

# ပြင်ဦးလွင်ကန်တော်ကြီးတွင် ကျန်းမာရေးလေ့ကျင့်ခန်းပစ္စည်းများ တပ်ဆင်ပေးထား၍ ပြည်သူများအဆင်ပြေ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁**

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် တာပေါင်ပေါ်၌ ကျန်းမာရေးလေ့ကျင့်ခန်းပစ္စည်းများကို တပ်ဆင်ပေးထားသဖြင့် နံနက်ပိုင်းအချိန်များတွင် လာရောက်၍ လေ့ကျင့်ခန်းလုပ်သော ပြည်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"နေ့စဉ် လမ်းလျှောက်၊ ကိုယ်လက်လှုပ်ရှား လုပ်လိုသူတွေအတွက် နံနက် ၆ နာရီကနေ ည ၈ နာရီအထိ ကန်တော်ကြီးဥယျာဉ်ထဲကို ဝင်ခပေးစရာမလိုဘဲ အခမဲ့ဝင်ခွင့်ပြုထားတယ်။ နံနက်စောစော လူရှင်းချိန်ဆို ကန်တော်ကြီးထဲမှာ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ရတာ အဆင်ပြေတယ်။ အခု တာပေါင်ပေါ်မှာ လေ့ကျင့်ခန်းလုပ်တဲ့ပစ္စည်းတွေ တပ်ဆင်ပေးထားတော့ ပြည်သူတွေအတွက် ပိုအဆင်ပြေသွားတာပေါ့"ဟု လေ့ကျင့်ခန်းလုပ်နေသူတစ်ဦးက ပြောသည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သည် မြို့၏အစွန် လူသွားလူလာရှင်းလင်းသည့် နေရာတွင်ရှိပြီး အခါကြီးရက်ကြီးများမှလွဲ၍ ကျန်ရက်များတွင် လူရှင်းသောကြောင့် ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်း၊ ပြေးလွှားခြင်းနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်လိုသူများအတွက် အထူးသင့်တော်သော နေရာဖြစ်သည်။ အမျိုးသားကန်တော်ကြီးဥယျာဉ် တာပေါင်သည် အလျားပေ ၁၄၀၀ နီးပါး၊ အကျယ် ပေ ၃၀ နှင့် အမြင့် ပေ ၃၀ ခန့် ရှိပြီး လေကောင်းလေသန့်ရသဖြင့် တာပေါင်ပေါ်၌ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်သူများနှင့် ယခင်ကပင် စည်ကားလျက်ရှိကာ ယခုအခါ လေ့ကျင့်ခန်းပြုလုပ်ရန် အထောက်အကူပြုပစ္စည်းများ ထားပေးခြင်းကြောင့် လေ့ကျင့်ခန်းပြုလုပ်လိုသူများအတွက် ပိုအဆင်ပြေလာခြင်း ဖြစ်သည်။

ပြင်ဦးလွင်မြို့မှ ဒေသခံပြည်သူများအနေဖြင့် ယခုဆောင်းရာသီကာလ နံနက်ပိုင်းအချိန်များတွင် မြို့ပတ်လမ်းတစ်လျှောက်နှင့် ကန်တော်ကြီး၊ ကန်တော်လေး စသည့်နေရာများသို့ သွားရောက်၍ လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်လေ့ရှိကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



# ရွှေကဲ့သို့ တန်ဖိုးရှိသောရေကို ချွေတာကြဖို့ လိုပါသည်

ရေသည် သက်ရှိသတ္တဝါများအတွက် အဓိကအရေးကြီးသော ဓာတ်ဖြစ်သည်။ ရေဓာတ်ချို့တဲ့မှုကြောင့် ကျန်းမာရေးကို များစွာထိခိုက်စေသည်။ ရေသည် လူတို့၏ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းများ၏ လုပ်ငန်းများ ပုံမှန်လုပ်နိုင်ရန်လည်း မရှိမဖြစ် လိုအပ်သည်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်ဟူသည့် အဆိုက ရေ၏ အရေးကြီးပုံကို ဖော်ပြလျက်ရှိသည်။

ရေသည် လူအပါအဝင် သတ္တဝါများအတွက် လိုအပ်ရုံသာမက စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်ရုံလုပ်ငန်းများအတွက်လည်း လိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံးအသုံးပြုကြသည်က ရေချိုဖြစ်ပြီး သဘာဝသစ်တောများ စိမ်းလန်းစိုပြည်ရေးအတွက်လည်း ရေချိုသည် မရှိမဖြစ်လိုအပ်သည်။

ကမ္ဘာပေါ်တွင် ရှိသမျှရေအားလုံး၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ပင်လယ်ရေဖြစ်သည်။ ပင်လယ်ရေသည် ဆားငန်ရေဖြစ်၍ သုံးမရသည့်ရေဖြစ်နေသည်။ အသုံးမဝင်သည့်ရေက များပြီး အသုံးပြုနိုင်သည့်ရေမှာ ကျန်သည့် ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိသည်။ အဆိုပါ ရှားပါးသောရေချိုများတွင် သုံးပုံနှစ်ပုံသည် ဝင်ရိုးစွန်းဒေသမှ ရေခဲပြင်များဖြစ်သည်။

မဝေးတော့သော ကာလတွင် ကမ္ဘာအနှံ့တွင် ရေလျော့နည်းလာမည်ဟု ပညာရှင်များက ဆိုထားသည်။ ၂၀၃၀ ပြည့်နှစ်တွင် ရေပြဿနာကို မဖြေရှင်းနိုင်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် သောက်သုံးရေအခက်အခဲကြုံရမည်။ ကမ္ဘာ့လူဦးရေ တိုးပွားနှုန်းအရ ကြည့်လျှင် လူအများအသုံးပြုရန် ရေလိုအပ်ချက်မှာ တစ်နှစ်လျှင် ကုဗမီတာ ၆၄ သန်းအထိ ရှိလာမည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။

သို့ဖြစ်ရာ သောက်သုံးနိုင်သည့် သန့်ရှင်းလတ်ဆတ်သောရေသည် ရွှေကဲ့သို့ပင် ရှားသည်ဟုဆိုနိုင်သည်။ မြေလတ်ဒေသ အညာဒေသများတွင် စာရေးသူ တာဝန်ထမ်းဆောင်ခဲ့စဉ်က ရွှေကိုမလို၊ ရေကိုလိုသည်ဟု ဆိုင်းဘုတ်များကို တွေ့ခဲ့ရသည်။ ယနေ့ ရာသီဥတုသည် စာရေးသူတို့ ငယ်ငယ်ကနှင့် မတူတော့ပါ။ တစ်နှစ်နှင့် တစ်နှစ်ပြောင်းလဲလာရာတွင် အကောင်းထက် အဆိုးဘက်သို့ ပြောင်းလဲမှုက ပို၍များလာနေသည်။

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကလည်း ၂၀၁၆ ခုနှစ်တွင် တွေ့ကြုံခံစားရမည့် အယ်လ်နီးညိုရာသီဥတုနှင့်ပတ်သက်၍ ပြည်သူများသိရှိအောင် ဖော်ပြပေးလျက်ရှိသည်။ အယ်လ်နီးညိုရာသီဥတုဆိုသည်မှာ ပင်လယ်သမုဒ္ဒရာ ရေစီးကြောင်းများ ပူနွေးလာမည်။ ပစိဖိတ်သမုဒ္ဒရာရေစီးကြောင်းများ ပူနွေးလာခြင်းကြောင့် အယ်လ်နီညိုဖြစ်လာမည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုများ လျော့နည်းလာခြင်း၊ နွေရာသီတွင် အပူရှိန်မြင့်မားလာခြင်း စသည့် ရာသီဥတုအခြေအနေများဖြစ်ပေါ်လာပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းတို့ကို ကြုံတွေ့ရနိုင်ကာ အပူကြောင့်ဖြစ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကိုပါ ကြုံတွေ့ရနိုင်ပါသည်။ တစ်ဖန် လာနီညိုဖြစ်လာသည့်အခါ မိုးများခြင်း၊ စွတ်စိုခြင်း၊ အအေးလွန်ကဲခြင်း စသည့် ဆန့်ကျင်ဘက်များ ဖြစ်လာသည်။

ရေပြတ်လပ်မှု၊ ကမ်းရိုးတန်းဒေသ ရေလျှံမှု၊ မိုးသက်မုန်တိုင်းကျမှုများကြောင့် လူနှင့်တိရစ္ဆာန်များ ဒုက္ခရောက်ကြရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် အချို့အပင်နှင့် သတ္တဝါများ မျိုးတုန်းမှုများ ကြုံတွေ့လာနိုင်သည်။

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ခုနှစ် မတ်လမှ ဇွန်လအတွင်း အပူချိန်မြင့်တက်ခြင်း၊ ပုံမှန်အောက် လျော့နည်း၍ မိုးရွာခြင်း၊ မိုးဦးတွင် မုတ်သုံလေအင်အား လျော့နည်းခြင်းများ ရှိနိုင်ကြောင်း ထုတ်ပြန်ထားသည်။ ထိုသို့ ရာသီဥတုဖောက်ပြန်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလျော့နည်းလာခြင်း၊ ရေငွေ့ပြန်မှုများပြားခြင်း၊ ဆည်မြောင်း ကန်ချောင်းများတွင် ရေခမ်းခြောက်ခြင်း၊ လေထုစိုထိုင်းစ လျော့နည်းခြင်း၊ နေ့အပူချိန်မြင့်တက်ခြင်း၊ တိမ်ဖြစ်ထွန်းမှုနည်းပါးခြင်းတို့ ဖြစ်ပေါ်နိုင်ပြီး ရေသယံဇာတစီမံခန့်ခွဲမှုများ အခက်အခဲများ ကြုံတွေ့နိုင်သည်ဟု ဆိုပါသည်။ ဒါ့အပြင် ပြည်သူတွေရဲ့ ကျန်းမာရေးထိခိုက်စေနိုင်ခြင်းတို့ကို အထူးဂရုစိုက်ကြရပါမည်။

**ပုံမှန်ထက် အပူ ၁ ဒီဂရီစင်တီဂရိတ်တိုးလာလျှင် ရေပြတ်မည်။ ၂ ဒီဂရီစင်တီဂရိတ်တိုးလာလျှင် မြစ်တွေ၊ ချောင်းတွေ ရေခန်းမည်။ ၃ ဒီဂရီစင်တီဂရိတ်တိုးလာလျှင် မြေအောက်ရေ ဆုတ်ယုတ်လျော့နည်းမည်ဟု မှတ်သားဖူးပါသည်။ ဤအချက်ကြောင့် တောင်သူများ၊ စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရပါမည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှ ၂၀၁၆ မတ်လအထိ ကမ္ဘာဒေသများနှင့် မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင် အယ်လ်နီးညိုဖြစ်စဉ်ဖြစ်ပွားရန် ရာခိုင်နှုန်းများသည်ဟု ပြောဆိုနေကြပါပြီ. . .**

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် ပြောကြားချက်တွင် ပုံမှန်ထက် အပူ ၁ ဒီဂရီစင်တီဂရိတ်တိုးလာလျှင် ရေပြတ်မည်။ ၂ ဒီဂရီစင်တီဂရိတ်တိုးလာလျှင် မြစ်တွေ၊ ချောင်းတွေ ရေခန်းမည်။ ၃ ဒီဂရီစင်တီဂရိတ်တိုးလာလျှင် မြေအောက်ရေ ဆုတ်ယုတ်လျော့နည်းမည်ဟု မှတ်သားဖူးပါသည်။ ဤအချက်ကြောင့် တောင်သူများ၊ စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရပါမည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှ ၂၀၁၆ မတ်လအထိ ကမ္ဘာဒေသများနှင့် မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင် အယ်လ်နီးညိုဖြစ်စဉ်ဖြစ်ပွားရန် ရာခိုင်နှုန်းများသည်ဟု ပြောဆိုနေကြပါပြီ။

ရာသီဥတုကောင်းမွန်လာရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြုန်းတီးမှုကာကွယ်ရန်၊ တောတောင်စိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးရန်၊ သစ်တောပြုန်းတီးမှုကာကွယ်နိုင်ရန်၊ ထင်းခုတ်၊ ဝါးခုတ်ပြုလုပ်ခြင်းများကို ထိန်းသိမ်းဆောင်ရွက်ရန် သစ်တောရေးရာဦးစီးဌာနက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်ကို ရေးဆွဲတင်ပြဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ရေကို ချွေတာကြပါ။ မိုးရွာမှ ရေရမည်ဖြစ်၍ မိုးရွာလျှင် ဆည်တမံများရေကိုထိန်းထားကြရမှာဖြစ်ပါသည်။ လယ်သမားများ အထူးသတိထားပြီး လက်ကန်သင်းများဆင့်ခြင်း၊ မိုးရာသီတွင် ရေလိုအပ်ချက်နည်းသော သီးနှံစိုက်ပျိုးခြင်း၊ ရေရှားပါးသော ဒေသများတွင် ရေကန်များပြုပြင်ခြင်း၊တစ်ဖက်ရပ်ဆည်များ ဆယ်ခြင်းကို လူထုအားဖြင့် ဆောင်ရွက်ကြရပါမည်။ ရာသီဥတုမှန်ကန်စေရန် သစ်တောများ ထိန်းသိမ်းကြရပါမည်။ သစ်ပင်ခုတ်ခြင်းကို လူထုအားဖြင့် တားမြစ်ကြရမည်ဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍများတွင် သက်ရောက်မှုရှိလာပါမည်။ ကြိုတင်ပြင်ဆင်ထားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှလည်း အကြံပြုထားပါသည်။

အယ်နီညိုကြောင့် နွေရာသီကာလတွင် မြန်မာနိုင်ငံ၌ ကြုံတွေ့လာနိုင်သည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အကြံပြုချက်များကို မြန်မာ့အလင်းသတင်းစာတွင် ဇန်နဝါရီ ၂၇ ရက်က ကြော်ငြာထားသည်ကို တွေ့ရပါသည်။

ရေသည် ရာသီဥတုမှန်ကန်နေပါက ပုံမှန်ရရှိနေမည်ဖြစ်ပါသည်။ သဘာဝရာသီဥတုဖောက်ပြန်လျှင် ရေများရှားပါးလာပါမည်။ ထို့ကြောင့် သဘာဝမပျက်စီးအောင် ထိန်းသိမ်းကြရပါမည်။ ရေကြောင့် ဒုက္ခရောက်ကြရသည်မှာ သက်ရှိ သတ္တဝါများနှင့် သစ်ပင်များဖြစ်ကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရွှေကဲ့သို့ တန်ဖိုးရှိသောရေကို ချွေတာသုံးကြဖို့သင့်ပါပြီ။ ။

**ဆောင်းပါး - ထွန်းလှိုင်(မြိုင်)**

# ကလေးခိုးမှုသတင်းများ ကောလာဟလဖြစ်ကြောင်းရှင်းလင်း

**ပန်းတောင်း ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့၌ ကလေးခိုးမှုသတင်းများနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူးပြီး ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သော ရှင်းလင်းပွဲသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ပြီး ရှင်းလင်းပွဲတွင် ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက အွန်လိုင်းလူမှုကွန်ရက်တွင်ကျယ်ပြန့်နေပြီး ပြည်သူများ အထိတ်တလန့်ဖြစ်နေသော ကလေးခိုးမှုသတင်းများမှာ ကောလာဟလများသာဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကလေးပျောက်ဆုံးမှု တိုင်ကြားထားမှုများမရှိကြောင်း၊ အွန်လိုင်းလူမှုကွန်ရက်တွင် ပြန့်ပွားနေသည့် ဖျာပုံ၊ ဒေးဒရဲ၊ မကွေး၊ သံဖြူဇရပ်၊ ဝေါ၊ ဒေါပုံ၊ မုဒုံ၊ မအူပင်၊ ပန်းတနော်၊ ပုသိမ်စသည့် မြို့နယ်များမှ ကလေးခိုးမှုသတင်းများမှာလည်း မဟုတ်မှန်ကြောင်း၊ စိတ်မနှံ့သူများနှင့် အရက်သေစာသောက်စားထားသူများကြောင့် ဖြစ်ပွားခဲ့သည့် ကောလာဟလသတင်းများသာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းနိုင်၊ ပန်းတောင်းမြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ကြည်နှင့် ထုံးဘိုနယ်မြေရဲစခန်း၊ ဥသျှစ်ပင်နယ်မြေရဲစခန်းတို့မှ နယ်မြေရဲစခန်းမှူးများက ပြည်သူများအနေဖြင့် ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် သံသယဖြစ်ဖွယ် ဖြစ်စဉ်များရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်ပြောကြားခဲ့ကာ တက်ရောက်လာသော ဒေသခံပြည်သူများနှင့် မီဒီယာများ၏ မေးမြန်းမှုများကိုလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**အောင်မြင့်(ပန်းတောင်း)**

# အရေးပေါ်မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**ပျဉ်းမနား ဖေဖော်ဝါရီ ၁**

နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို ဇန်နဝါရီ ၃၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်မှုလက်တွေ့လေ့ကျင့်ရာ၌ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သူရဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယာဉ်ရပ်နားစခန်းရှိ ဂိတ်အသီးသီးမှ တာဝန်ခံများ၊ ပွဲရုံတန်းများ၊ စားသောက်ဆိုင်များမှ တာဝန်ခံများ ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြကာ ပျဉ်းမနားမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်နိုင်စိုး၊ ဘောဂသီရိယာဉ်ရပ်နားစခန်းမှ တာဝန်ခံအရာရှိ လ/ထညွှန်ကြားရေးမှူး ဦးခင်မောင်သိန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ ဘောဂသီရိ ယာဉ်ရပ်နားစခန်းအတွင်း၌ အဆင့်မြင့် ယာဉ်ဂိတ်ပေါင်း ၉၆ ခန်း၊ ပွဲရုံအခန်းပေါင်း ၂၁၀၊ စားသောက်ဆိုင် ၃၆ ခန်းနှင့် ယာဉ်ပြုပြင်အလုပ်ရုံပေါင်း ၆၉ ရုံရှိကြောင်း သိရသည်။ **ရဲရဲ(ပျဉ်းမနား)**

# မိုနာကိုတို့ အမှတ်ပြည့်ရဦးမယ့် လီဂူး-၁ ပွဲစဉ်(၂၄)



ပြင်သစ်လီဂူး-၁ ပွဲစဉ်(၂၄)ကို ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၄ ရက်နဲ့ ၅ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေဖြစ်တဲ့ လိုင်ယွန်နဲ့ မိုနာကိုတို့ အိမ်ကွင်းမှာလက်ခံကစားရမှာဖြစ်ပြီး အမှတ်အပြည့်ရအောင် ရုန်းကန်ကြရပါဦးမယ်။ ဖလားမျှော်မှန်းနေတဲ့ အသင်းတွေအတွက်တော့ အမှားအယွင်းမဖြစ်အောင် အလေးထားကစားကြမှာမို့ ဒီတစ်ပတ်ပွဲစဉ်တွေက လက်လွတ်မခံသင့်တဲ့ ပွဲတွေအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။

**မိုနာကိုနှင့် ဘက်စ်တီယာ**

မိုနာကိုကွင်းမှာ ဒီနှစ်သင်းနောက်ဆုံးနှစ်ကြိမ်တွေ့ဆုံခဲ့မှုကိုကြည့်ရင်တော့ မိုနာကိုတို့ ရှုံးပွဲမကြုံခဲ့ပါဘူး။ ဒါပေမယ့် ဘက်စ်တီယာတို့က အသင်းလိုက် ကစားအားကောင်းတဲ့အပြင် တစ်ဦးချင်းခြေစွမ်းလည်း မာကျောတာမို့ အိမ်ရှင် မိုနာကိုတို့ ပေါ့ဆဆကစားလို့ မရပါဘူး။ တန်းစီဇယား ဒုတိယနေရာမှာ ရပ်တည်နေတဲ့ မိုနာကိုဟာ ရပ်တည်မှုခိုင်မာဖို့အတွက် ဒီပွဲမှာ မဖြစ်မနေအနိုင်ကစားပြီး အမှတ်ပြည့်ရယူရေး အာရုံစိုက်ပါလိမ့်မယ်။

**လိုင်ယွန်နှင့် ဘော်ဒိုး**

ခြေစွမ်းကောင်းတွေရရှိနေပြီး အခုတစ်လောနိုင်ပွဲတွေဆက်နေတဲ့ လိုင်ယွန်တို့ကတော့ အခုပွဲအိမ်ကွင်းလည်းဖြစ်နေတာမို့ ဘော်ဒိုးကို အပေါ်စီးက ကစားနိုင်ရေး အားထုတ်ပါလိမ့်မယ်။ မာဆေးကို တစ်ဂိုးစီသရေ၊ ချမ်ဘလီကို နှစ်ဂိုးပြတ်နိုင်ပွဲရထားတဲ့အပြင် ဘက်စ်တီယာကိုလည်း အောင်ပွဲခံထားတဲ့ လိုင်ယွန်ဟာ အောင်ပွဲခံစိတ်ဓာတ် ဆူဝေနေတာမို့ ဘော်ဒိုးတို့မလွယ်ပါဘူး။ ဒါပေမယ့် ဘော်ဒိုးက အဝေးကွင်းတွေမှာ အနိမ့်ဆုံးသရေရလဒ်ကို ဆောင်ကြဉ်းနိုင်တာမို့ ဒီပွဲဟာ သရေရလဒ်လည်း ထွက်ပေါ်သွားနိုင်ပါတယ်။

**မောင့်ပယ်လီယာနှင့် မာဆေး**

ပုံမှန်ခြေစွမ်းရအောင် အားထုတ်နေရတဲ့ မာဆေးအတွက်တော့ တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ မောင့်ပယ်လီယာနဲ့တွေ့ဆုံမှုကို အခွင့်အရေးကောင်းတစ်ရပ်အဖြစ် အသုံးချနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ မာဆေးဟာ မောင့်ပယ်လီယာနဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ မောင့်ပယ်လီယာရဲ့ တန်းဆင်းဇုန်ရုန်းထွက်အားကြောင့် မာဆေးတို့ တစ်မှတ်နဲ့ ကျေနပ်ရကိန်း ဆိုက်သွားနိုင်ပါတယ်။

**လိုင်လီနှင့် ကိန်း**

တန်းစီဇယားမှာ အပေါ်အောက်အနေအထားနဲ့ ရပ်တည်နေတဲ့ ဒီနှစ်သင်းဟာ ခြေရည်လည်းကွာဟမှုမရှိတာမို့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ လိုင်လီဟာ ကိန်းနဲ့နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် လိုင်လီတို့က လေးပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ လိုင်လီဟာ အိမ်ကွင်းအားထုတ်မှုကောင်းပေမယ့် တုံ့ပြန်မှုကောင်းတဲ့ ကိန်းကြောင့် အမှတ်ခွဲယူကိန်း ဆိုက်သွားနိုင်ပါတယ်။

**နိုက်စ်နှင့် တူးလော့**


ခြေစွမ်းကောင်းတွေပြသနေတဲ့ နိုက်စ်တို့က တန်းစီဇယား တတိယနေရာအထိ ရောက်ရှိနေတဲ့အသင်းဖြစ်ပါတယ်။ တူးလော့ရဲ့ အားထုတ်မှုက အဝေးကွင်းဆိုရင် ရှုံးပွဲတွေဆက်နေတာမို့ အခုပွဲမှာ နိုက်စ်တို့အခွင့်အရေးကောင်းတွေ ဖန်တီးပြီး နိုင်ပွဲဆက်အောင် စွမ်းဆောင်ပါလိမ့်မယ်။ အကြိုက်က နိုက်စ်ဖြစ်ပြီး အနိုင်ဆိုတာလည်း အိမ်ရှင်အတွက်ပဲဖြစ်သွားပါလိမ့်မယ်။

**နန့်တက်နှင့် ဂါဇီလက်**

အိမ်ကွင်းမှာ ခြေစွမ်းပြတတ်တဲ့ နန့်တက်ဟာ အခုပွဲကို ဖိဖိစီးစီးနဲ့ နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် တစ်ပွဲစီအနိုင်ရထားကြပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ အခုပွဲမှာ နှစ်သင်းစလုံးခြေကုန်ဖွင့်ကစားကြမှာဖြစ်တာမို့ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ နန့်တက်ကို သဘောကျပေမယ့် ဖြစ်ဖို့များတာက သရေရလဒ်ပါပဲ။

■ မိုးမြင့်လင်းလက် ■

# ဟာဇက်နေရာအစားထိုးဖို့ ဂရစ်ဇာမန်းကိုပစ်မှတ်ထား



ဟာဇက်အနေနဲ့ ချယ်လ်ဆီးမှထွက်ခွာသွားမယ်ဆိုရင် ချယ်လ်ဆီးအနေနဲ့ ပေါင်သန်း ၆၀ တန်ဖိုးရှိတဲ့ အန်တိုနီဂရစ်ဇာမန်းကို ပစ်မှတ်ထားနေတယ်လို့ဆိုပါတယ်။ ဟာဇက်ဟာ ဒီနှစ်ရာသီမှာ ချယ်လ်ဆီးမှာ ရုန်းကန်ကြိုးစားနေရပြီး ရီးရဲမက်ဒရစ်နဲ့ ပီအက်စ်ဂျီတို့က ခေါ်ယူဖို့ အလိုရှိနေသူပါ။ ဂရစ်ဇာမန်းဟာ လွန်ခဲ့သော နှစ်နှစ်ကတည်းက အက်သလက်တီကိုအသင်းမှာ ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ပြင်သစ်နိုင်ငံသား ဂရစ်ဇာမန်းဟာ ဥရောပကစားသမားတွေထဲမှာ တိုက်စစ်အားအကောင်းဆုံးတွေထဲက တစ်ဦးဖြစ်ပါတယ်။

သို့ပေမယ့် စပိန်ကလပ် အက်သလက်တီကိုအနေနဲ့ အသက်မပြည့်တဲ့ကစားသမားခေါ်ယူမှုနဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ဖီဖာရဲ့ ပိတ်ပင်မှုကို ရင်ဆိုင်နေရပါတယ်။


ယခုအထိ ထိုပိတ်ပင်မှုကို ဆိုင်းငံ့ထားတဲ့အတွက် ချယ်လ်ဆီးက ခေါ်ယူနိုင်ဖွယ်ရှိပါတယ်။ အကယ်၍ ချယ်လ်ဆီးကသာ ခေါ်ယူမယ်ဆိုရင် ဂရစ်ဇာမန်းဟာ အက်သလက်တီကိုသမိုင်းမှာ ပြောင်းရွှေ့ကြေးအများဆုံးရ ကစားသမားဖြစ်လာမှာ ဖြစ်ပါတယ်။



# လိုကိုမိုးတစ်တိုက်စစ်မှူးကို အဲဗာတန်ပစ်မှတ်ထား

လိုကိုမိုးတစ်မော်စကိုတိုက်စစ်မှူး အူမာနက်ဆေးကို အဲဗာတန်ကခေါ်ယူဖို့ စောင့်ကြည့်နေပါပြီ။ အဲဗာတန်အသင်းအနေနဲ့ ပေါင် ၁၃ သန်းနဲ့ အရခေါ်ယူဖို့ ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။ အူမာနက်ဆေးကို ဆန်းဒါးလန်းအသင်းကလည်း ခေါ်ယူဖို့ ကြိုးစားနေတာပါ။ သို့ပေမယ့် လိုကိုမိုးတစ်ကတော့ ပေါင် ၁၅ သန်းကျော်ရမှ ရောင်းမယ်လို့ ဆိုပါတယ်။ အိုမာနက်ဆေးရဲ့ဇနီးဖြစ်သူဟာ မန်ချက်စတာမှာ နေထိုင်တာဖြစ်တဲ့အတွက် ပရီမီယာလိဂ်ကို ရောက်ဖို့ သေချာနေပါတယ်။ အသက် ၂၅ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး အိုမာနက်ဆေးဟာ ယခုရာသီမှာ ၁၅ ဂိုးသွင်းယူထားပြီး ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ စပါးတို့က စောင့်ကြည့်နေတဲ့ ကစားသမားဖြစ်ပါတယ်။ နက်ဆေးကို အဲဗာတန်က အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။

# ပွဲပန်းမှုတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ လီဗာပူး



ဝက်စ်ဟမ်းအသင်းနဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ သရေကျခဲ့ပြီးတဲ့နောက် ဖေဖော်ဝါရီလထဲမှာ လီဗာပူးအသင်းအနေနဲ့ အဓိကပွဲကြီး ကိုးပွဲ ကစားရဖို့ရှိနေပါတယ်။ နည်းပြဂျာဂျင်ကလော့အနေနဲ့ အခွင့်အလမ်းတွေရော စိန်ခေါ်မှုတွေနဲ့ပါ ရင်ဆိုင်နေရတာပါ။ အနီရောင်လီဗာပူးအနေနဲ့ မန်စီးတီးနဲ့ ကက်ပီတယ်ဝမ်းဖလားဖိုင်နယ်ပွဲအဖြစ် အကြိတ်အနယ်ကစားဖို့ရှိနေပါတယ်။ ဂျာဂျင်ကလော့ရဲ့ ကက်ပီတယ်ဝမ်းဖလားသိမ်းပိုက်ရေး မျှော်လင့်ချက်ဟာ စိတ်ဝင်စားစရာပါပဲ။ ဒီအတောအတွင်း ယူရိုပါလိဂ်ပွဲအဖြစ် ဂျာမနီနိုင်ငံ အော့စဘတ်မှာ သွားရောက် ကစားရဦးမှာပါ။ ဝက်စ်ဟမ်းအသင်းနဲ့လည်း အက်ဖ်အေစတုတ္ထအဆင့်ပြန်ကန်ပွဲအဖြစ် အရှုံးအနိမ့် အဖြေထုတ်ရဖို့ ရှိနေပါတယ်။ လီဗာပူးအသင်းဟာ ဒီပြန်ကန်ပွဲ အနိုင်ရမယ်ဆိုရင်တောင် ဖေဖော်ဝါရီလထဲမှာ ရှစ်ပွဲကစားရမှာဖြစ်ပါတယ်။ မန်စီးတီးနဲ့ ကစားမယ့် ကက်ပီတယ်ဝမ်းဖလားကတော့ ဖေဖော်ဝါရီ ၂၈ ရက်မှာ ကစားရမှာဖြစ်ပါတယ်။ လာမယ့် အင်္ဂါနေ့မှာတော့ လီဆက်စတာအသင်းနဲ့ ပရီမီယာလိဂ်ပွဲအဖြစ် ပထမဆုံးကစားရမှာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ပွဲကျပ်၊ ပွဲပန်းမှုတွေနဲ့ ဆက်တိုက်ရင်ဆိုင်ရဖွယ် ရှိနေပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။

# ကျောက်တော်ကြီးဘုရား နှစ်ဆူ

**မောင်သာ(ရှေးဟောင်းသုတေသန)**



ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသော မြန်မာလူမျိုးများသည် ဗုဒ္ဓဆင်းတုတော်များကို အရွယ်မျိုးစုံ၊ ပုံသွင်မျိုးစုံ ထုလုပ်ကိုးကွယ်လေ့ရှိကြရာ ကျောက်ဆင်းတု ရုပ်ပွားတော်ကြီးများကို ကြီးမားသော တန်ဆောင်းပြသာဒ်များတွင် ထားရှိပူဇော်ကြပေသည်။

ယင်းတို့အနက် ရန်ကုန်မြို့ မင်းဓမ္မကုန်းပေါ်တွင် တည်ထားသည့် ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်သည် လာရောက်ဖူးမြော် ကြည်ညိုကြသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသကဲ့သို့ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိသည့် သမိုင်းဝင်ကျောက်ဆင်းတု ရုပ်ပွားတော်ကြီး နှစ်ဆူသည်လည်း ဗုဒ္ဓဘာသာဝင် ဘုရားဖူးများအကြား အထူးထင်ရှားလှပေသည်။

ယင်းကျောက်တော်ကြီး ရုပ်ပွားတော်နှစ်ဆူသည် ကုန်းဘောင်ခေတ် မင်းနေပြည်တော်ဖြစ်ခဲ့သည့် အမရပူရနှင့် မန္တလေးမြို့တို့တွင် တည်ရှိနေကြပြီး ကုန်းဘောင်ဆက် မင်းနှစ်ပါးဖြစ်သော ပုဂံမင်းနှင့် မင်းတုန်းမင်းတို့က တည်ထားခဲ့ကြသည်။ ရုပ်ပွားတော်နှစ်ဆူလုံးသည် ကျောက်တော်ကြီးဘုရားဟု ထင်ရှားကြပြီး ပုဂံမင်းတည်ခဲ့သည့် ကျောက်တော်ကြီးသည် အမရပူရမြို့နယ် တောင်သမန်အင်းအနီးတွင် တည်ရှိကာ မင်းတုန်းမင်းကြီးတည်ထားခဲ့သည့် ကျောက်တော်ကြီးရုပ်ပွားတော်မြတ်သည် မန္တလေးတောင်ခြေတွင် သီတင်းသုံးလျက် ရှိနေသည်။

မြန်မာနိုင်ငံသမိုင်းတွင် ပုဂံခေတ် အနော်ရထာဘုရင်နှင့် ကုန်းဘောင်ခေတ် မင်းတုန်းမင်းတို့သည် ထေရဝါဒ ဗုဒ္ဓသာသနာအပေါ် ကြီးမားသော အထောက်အပံ့၊ အကျိုးကျေးဇူးများပြုခဲ့သည့် မြန်မာဘုရင်များအဖြစ် ထင်ရှားခဲ့ကြသည်။ အနော်ရထာမင်းကြီးသည် ပိဋကတ်တော်များနှင့်တကွ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို မြန်မာနိုင်ငံအတွင်း ပျံ့နှံ့စေခဲ့သကဲ့သို့ မင်းတုန်းမင်းကြီးသည်လည်း ပဉ္စမသင်္ဂါယနာတင်၍ ဗုဒ္ဓပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ခဲ့ရာ ယင်းပိဋကတ်ကျောက်စာ ၇၂၉ ချပ်သည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဖြစ်လာခဲ့ပေသည်။ ဘုရင်နှစ်ပါးလုံးသည် များစွာသော သာသနိကအဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းခဲ့ကြပြီး ၎င်းတို့၏ ကောင်းမှုကုသိုလ်တော်များကို ယနေ့တိုင် မြင်တွေ့ကြရပေသည်။

မင်းတုန်းမင်းကြီးသည် မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်များအနီးတွင် ကျောက်တော်ကြီးဘုရား တစ်ဆူကို မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် တည်ထားခဲ့သည်။ ရုပ်ပွားတော်မြတ်သည် မြတ်စွာဘုရားရှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည့် ပုံသွင်ဖြစ်ပြီး မဟာသကျမုနိမာရဇိန်ဟု ဘွဲ့မည်မှည့်ခေါ်ခဲ့သော်လည်း ကျောက်တော်ကြီးဘုရားဟု ပိုမိုထင်ရှားခဲ့သည်။

မင်းတုန်းမင်းသည် မန္တလေးမြို့မှ မြောက်ဘက် မိုင် ၂၀ အကွာတွင်ရှိသော စကျင်ကျောက်တောင်မှ ထွက်ရှိသည့် ကျောက်တော်ကြီးအား မဟာသကျမုနိမာရဇိန်ရုပ်ပွားတော်ပုံကြမ်း ထုဆစ်ကာ မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်(ခရစ်နှစ် ၁၈၆၄ ခုနှစ် ဩဂုတ် ၃ ရက်)တွင် ရတနာပုံမန္တလေးမြို့သို့ ပင့်ဆောင်စေခဲ့သည်။ ရေကြီးသည့်ကာလဖြစ်သဖြင့် စကျင်ရွာ တံတားအနောက်တွင် ရေနက်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ယင်းနေရာမှ တာ ၁၀၀၀ ကျော် ကွာလှမ်းသည့် မြေရွှာမြစ်ဆိပ်သို့ သယ်ယူပင့်ဆောင်ခဲ့သည်။

သမ္ဗာန်နှစ်စီးတွဲထားသည့် ဖောင်ကြီးပေါ်တွင် ရုပ်ပွားတော်ကြီးကို တင်ဆောင်လျက် မြနန်းစကြာမီးသင်္ဘောဖြင့် ဆွဲယူခဲ့ရာ အနောက်ပြင် အီကင်းရွာဆိပ်သို့ ရောက်ရှိခဲ့သည်။ ရုပ်ပွားတော်ကြီး ပင့်ဆောင်ခဲ့ကြရာ ခရီးလမ်းတစ်လျှောက်၌ ဖောင်တော်ပေါ်တွင် အတီးအမှုတ်အကအခုန်များဖြင့် ပွဲသဘင်ဆင်ယင်လျက် ရတနာပုံ နေပြည်တော်သို့ စုန်ဆင်းခဲ့ကြသည်။ ခံကုန်းရွာမြောက် ရွှေတချောင်းမြောင်းအတွင်းသို့ ဖောင်တော်ကြီး ဝင်ရောက်လာခဲ့ပြီးနောက် ရုပ်ပွားတော်ကြီးအား ကုန်းပေါ်သို့ ပင့်ဆောင်ရန် စွတ်ဖားလမ်းနှင့် တလိမ့်ကြီးများကိုပြင်ဆင်ပြီး အိမ်ရှေ့မင်းသားဦးဆောင်လျက် လူအင်အား ၁၂၀၀၀ ကျော်က မန္တလေးတောင်ခြေသို့ ဆွဲယူပင့်ဆောင်ခဲ့ကြသည်။

၁၂၂၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်(ခရစ်နှစ် ၁၈၆၄ အောက်တိုဘာ ၃၀ ရက်) တွင် ရုပ်ပွားတော်ကြီးအား သီတင်းသုံးမည့် ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခဲ့သည်။ ကျောက်တော်ကြီးဘုရားရင်ပြင်တွင် ဇရပ် ၃၃ ဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ပုံကြမ်းဖော်ထားသော ကျောက်တော်ကြီးရုပ်ပွားတော်ကို ကျောက်ဆစ်ပညာရှင်များက ဆက်လက်ထုဆစ်ကြပြီး မဇ္ဈိမဒေသ ဗုဒ္ဓဂယာအရပ်မှ ပင့်ဆောင်လာသည့် ဗောဓိပင်ကို ၁၂၂၇ ခုနှစ် ကဆုန်လဆန်း ၁ ရက်(ခရစ်နှစ် ၁၈၆၅ ခုနှစ် ဧပြီ ၂၅ ရက်)တွင် ဘုရားကြီး၏ မဟာရံတံတိုင်းအတွင်း အရှေ့မြောက်ထောင့်တွင် မင်းတုန်းမင်းကြီးကိုယ်တိုင် စိုက်ပျိုးခဲ့သည်။ ကျန်ထောင့်သုံးခုတွင်လည်း ဗောဓိပင်များကို ဆက်လက်စိုက်ပျိုးခဲ့သည်။ မင်းတုန်းမင်းသည် မိမိ၏ အကြီးအကြပ်များကို ပုဆိုး၊ ခေါင်းပေါင်း၊ ပိတ်အုပ် စသည်တို့ကို ဘွဲ့အလိုက် ချီးမြှင့်ပေးပြီး ကျောက်တော်ကြီးရုပ်ပွားတော်ကို မျက်နှာတော်ဖွင့်ခဲ့သည်။

မန္တလေး ကျောက်တော်ကြီးရုပ်ပွားတော်သည် အပြန့် ၁၂ တောင်၊ အဝန်း ၂၈ တောင် နှစ်မိုက် လေးသစ်၊ ခါးတော်အဝန်း ၁၀ တောင် နှစ်မိုက် လေးသစ်၊ ပခုံးစွန်းဝဲယာအကျယ် ရှစ်တောင်၊ အဝန်း အတောင် ၂၀၊ ဦးခေါင်းတော်အဝန်း ၁၃ တောင်၊ စမ္ဗခဏ်မှ ရောင်လျှံတော် အဖျားအထိ ဉာဏ်တော်အမြင့် ၁၇တောင်တစ်မိုက်လေးသစ်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ရုပ်ပွားတော်ကြီး၏ ဝဲယာ နှစ်ဘက်တွင် ရဟန္တာရုပ်တု ၈၀ ဝန်းရံထားသည်ကို ဖူးတွေ့နိုင်ကြပေသည်။

မန္တလေးတောင်သို့ ရောက်ရှိလာကြသူတိုင်း တောင်ပေါ်သို့မတက်မီ တောင်ခြေရှိ ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်အား ဝင်ရောက်ဖူးမြော်ကြမြဲဖြစ်သည်။ ထို့အတူပင် အမရပူရမြို့နယ်ရှိ ဦးပိန်တံတားသို့ လာရောက်လည်ပတ်ကြသူများသည် ဦးပိန်တံတားအဆုံးရှိ မဟာသကျသီဟဘွဲ့ခံ ကျောက်တော်ကြီးဘုရားကို သွားရောက်ဖူးမြော်လေ့ရှိကြသည်။

အမရပူရ ကျောက်တော်ကြီးဘုရားသည် ပုဂံမင်း၏ ကောင်းမှုတော်ဖြစ်ပြီး အမရပူရမြို့မှ တောင်ဘက်သို့ သုံးမိုင်အကွာ တောင်သမန်အင်း၏ အနောက်တောင်ရွာနှစ်ရွာအကြားတွင် တည်ရှိသည်။

စေတီတော်ပရဝုဏ် အရှေ့မြောက်ထောင့်တွင် စိုက်ထူထားသည့် မဟာမင်းထင်စည်သူ ရေးသားသည့် မဟာသကျရံသီ ကျောက်တော်ကြီး ကျောက်စာအရ ရုပ်ပွားတော်မြတ်ထုလုပ်ထားသည့် ကျောက်တော်ကြီးကို စဥ့်ကူးမြို့အဝင် စုံမြို့စီရင်စု စကျင်တောင်မှ ဧရာဝတီမြစ်ကြောင်းအတိုင်း ပင့်ဆောင်ခဲ့ပြီး ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားနှစ်ဆူအကြားမှ တောင်သမန်သို့ဝင်၍ ယခု စံနေတော်မူသည့်ဌာနသို့ ပင့်ဆောင်သည်ဟု သိရှိရပေသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ကျမ်းပြုသူ ဦးမောင်မောင်တင်က "သက္ကရာဇ် ၁၂၁၁ ခုနှစ် နယုန်လဆန်း ၁၄ ရက်မှစ၍ ရတနာပူရ အင်းဝမြို့တွင် မဟာသကျရံသီ ကျောက်တော်ကြီးဘုရား ကိန်းဝပ်တော်မူသည့် အုတ်ပြသာဒ်ပြုပျက်သည်ကို ကျောက်မော်မြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှသူ၊ ပန်းပဲဝန် အတွင်းဝန် မဟာမင်းကြီး မဟာမင်းလှကျော်သူတို့ကို လှေ အမှုထမ်း ၃၀၀၀ ကျော် ပေးအပ်၍ ပင့်ဆောင်စေရာ သုံးရက်နှင့် မုတ္တမ တံခါးပြင်၊ ဘုရားပင့်ဆောင်ရန် ဘောင်ပေါ်သို့ ရောက်ရှိကြောင်းလျှောက်ထား၍ ၎င်းနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်တွင် ဆရာတော်သံဃာတော်တို့ကို သမ္ဗန်တော်များတွင် တင်ဆောင်၍ ရှေးဦးရှေးဖျားကြွသွားနှင့်စေပြီးလျှင် ဘဝရှင်မင်းတရားကြီးဘုရား၊ ဖောင်တော်လှေတော် သမ္ဗန်တော်များနှင့် မင်းညီမင်းသား မှူးတော်မတ်တော်တို့ခြံရံ၍ ထွက်တော်မူပြီးလျှင် ဘုရားတင် ဖောင်တော်ပြသာဒ်ကို မီးသင်္ဘောတော်နှင့်ဆွဲစေ၍ ရွှေမြို့တော် တောင်မျက်နှာ တောင်သမန်အနီးအထက် တည်ထားဆောက်လုပ်တော်မူသည့် အုတ်ပြသာဒ်အတွင်း တည်ထားကိုးကွယ်တော်မူ၏" ဟု ပြည့်စုံစွာ မှတ်တမ်းပြုရေးသားထားသည်။

ကျောက်တော်ကြီးဘုရားသည် မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးကဲ့သို့ပင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတုတော်ဖြစ်ပြီး ဌာပနာပစ္စည်းများမှာ ရွှေဆင်းတု ၁၂ ဆူ၊ ငွေဆင်းတု ၃၅၈ ဆူဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ဘုရားအတွင်း ဖိနပ်တော်နှင့်ကပ်လျက် တနင်္ဂနွေထောင့်၌ မဟာသကျရံသီဟု ရေးထားသော ကျောက်ပြားတစ်ချပ်ရှိသည်။ စေတီတော်ပရဝုဏ်၏ အရှေ့မြောက်၊ တနင်္ဂနွေထောင့် တံတိုင်းအနီးတွင် မဟာသကျရံသီဘုရားသမိုင်း ကျောက်စာချပ်ကို စိုက်ထူထားသည်။

ဘုရား အာရုံခံတန်ဆောင်းအတွင်းရှိ ဘုရားရှင်ခြေတော်ရာသည် မူလက တံတိုင်း၏ မြောက်ဘက်ရှိအရှေ့အနောက် အတောင် ၂၀၊ တောင်မြောက် ၁၀ တောင် ကျယ်ဝန်းသည့် ခြေတော်ရာတိုက်ပျက်အတွင်း ရှိခဲ့ပြီး နောက်ပိုင်းတွင် တန်ဆောင်းသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ဘုရားအာရုံခံ ကျောဘက်တွင် ရဟန္တာရုပ်ထု ၈၈ ခု ရှိသည်။

ကျောက်တော်ကြီးဘုရား သီတင်းသုံးရာ အုတ်တိုက်သည် ကြီးမားခန့်ထည်သော လိုဏ်အဆောက်အအုံတစ်ခုဖြစ်ပြီး ပုဂံရှိ အာနန္ဒာစေတီတော် သီတင်းသုံးစံနေတော်မူသည့် လိုဏ်ပုံစံ ဆောက်လုပ်ထားသည်။ လိုဏ်အုတ်ပေါင်းကူး၏ ညီညာသော မျက်နှာပြင်ပေါ်တွင် နံရံဆေးပန်းချီများ ရေးဆွဲထားသည်။ မုခ်ပေါက်လေးခုတွင် ပုဂံမင်း၏ ကုသိုလ်တော် ရုပ်ပုံများကို ရေးဆွဲပြီး အညွှန်းစာသားများလည်း ရေးသားထားသည်။ အမရပူရ၊ အင်းဝ၊ ဥက္ကလာပ၊ ရွှေတောင်၊ ပြည်၊ ကူခန်း၊ စစ်ကိုင်းနှင့် ပုဂံမြို့များတွင် ပုဂံမင်းကြီးလှူဒါန်းခဲ့သော ကောင်းမှုတော်များဖြစ်သည့် ကျောင်း၊ ကန်၊ သိမ်၊ ဥမင်ပုံများကို ရေးဆွဲထားသည်။ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နက္ခတ်တာရာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားများနှင့် နန်းတော်သူ၊ နန်းတော်သား၊ လှေပြိုင်ပွဲ၊ သင်္ဘော၊ ဆိုင်းဝိုင်း၊ တောတောင်သစ်ပင် စသည်တို့ကို ဆေးရောင်စုံများခြယ်လျက် စုံစုံလင်လင် ရေးဆွဲပြသထားသည်။ ယင်းပုံများသည် အမရပူရခေတ် နံရံဆေးရေးပန်းချီနှင့် မင်စာများ ဖြစ်ကြပြီး ယင်းတို့ကို မူလအနေအထားအတိုင်းနီးပါး ကောင်းမွန်စွာ ထိန်းသိမ်းထားသည်။

တောင်သမန် ကျောက်တော်ကြီးရုပ်ပွားတော်၏ ဉာဏ်တော်သည် ၁၁တောင် နှစ်မိုက် လေးသစ်ဖြစ်သည်။ ရုပ်ပွားတော်မြတ်၏ အတိုင်းအတာများမှာ စမ္ဗခဏ်ထိပ် ရှစ်တောင် လေးသစ်၊ ထက်ဝယ်တော် ခုနစ်တောင် နှစ်မိုက် လေးသစ်၊ ဒူးတော်နှစ်ဘက်အကျယ် လေးတောင် တစ်မိုက် လေးသစ်၊ ပလ္လင်တော် လုံးပတ် ၂၁ တောင် တစ်မိုက်လေးသစ်၊ လက်မောင်းလုံးပတ်တော် သုံးတောင် နှစ်မိုက်နှစ်သစ် ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်တော်ကြီး ဆင်းတုတော် နှစ်ဆူသည် တည်ဆောက်ချိန် ၁၅ နှစ်သာ ကွာခြားခဲ့ပြီး ကုန်းဘောင်ဆက်မင်းနှစ်ပါး၏ ကောင်းမှုတော်များ ဖြစ်ကြသည်။ ရုပ်ပွားတော်နှစ်ဆူ၏ ပုံသဏ္ဌာန်နှင့် အရွယ်အစားသည် များစွာမကွာခြားကြဘဲ စကျင်ကျောက်တောင်မှရရှိသော ကျောက်ဖြူများဖြင့်သာ ထုဆစ်ထားသောရုပ်ပွားတော်များ ဖြစ်ကြသည်။ အမရပူရရှိ မဟာသကျသီဟဘွဲ့ခံ ကျောက်တော်ကြီးဘုရားကို မန္တလေးတောင်ခြေရှိ မဟာသကျမုနိမာရဇိန် ကျောက်တော်ကြီးရုပ်ပွားတော်နှင့် ကွဲပြားစေရန် အမရပူရ ကျောက်တော်ကြီးဘုရားဟုလည်းကောင်း၊ တောင်သမန်ကျောက်တော်ကြီး ဘုရားဟုလည်းကောင်း ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည့် မြန်မာလူမျိုးများသည် ဗုဒ္ဓဘုရားရှင် ရုပ်ပွားတော်များကို ရွှေ၊ ငွေ၊ ကြေး၊ သစ်သား၊ ကျောက် စသည်တို့ဖြင့် အရွယ်မျိုးစုံ ၊ မုဒြာမျိုးစုံ၊ အာသာနမျိုးစုံ ထုလုပ်ကိုးကွယ်လေ့ရှိကြခြင်းသည် မြန်မာတို့၏ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ် ဖြစ်ပေသည်။ မုဒြာသည် ဘုရားရှင်၏ လက်တော်ပုံသဏ္ဌာန်ဖြစ်၍ အာသနသည် ခြေတော်ပုံသဏ္ဌာန် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် မိမိတို့နေထိုင်ရာ အိမ်အသီးသီးတွင် မြတ်ဗုဒ္ဓဆင်းတုတော်များကို ထားရှိပူဇော်လေ့ ရှိကြသကဲ့သို့ အများပူဇော်နိုင်ကြစေရန် မြို့ရွာ အသီးသီးရှိ စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်းများတွင် ကြီးမားသော ဆင်းတုတော်များကို လက်ရာမြောက်စွာ ထုဆစ်ပူဇော်ထားကြသည်ကို တွေ့မြင်ကြရပေသည်။

ထိုသို့ပူဇော်ကြရာတွင် ကြီးမားသော ကျောက်ဆင်းတုရုပ်ပွားတော်များကိုလည်း ဖူးမြင်နိုင်ကြပေရာ မြန်မာနိုင်ငံ အထက်ပိုင်း မန္တလေးတိုင်းဒေသကြီးတွင် သီတင်းသုံးနေသော သက်တမ်းနှစ်ပေါင်း ၁၅၀ ကျော်ပြီဖြစ်သည့် ရှေးဟောင်း ကျောက်တော်ကြီး ရုပ်ပွားတော်နှစ်ဆူသည် မြန်မာမှုအနုလက်ရာများနှင့်အတူ နှစ်ပေါင်းများစွာ တည်တံ့နေမည်သာ ဖြစ်ပါပေသည်။ ။

# တန်ဖိုးသင့်အိမ်ရာများ လွှဲပြောင်းပေးအပ်

**ဟားခါး ဖေဖော်ဝါရီ ၁**

ချင်းပြည်နယ် ဟားခါးမြို့နှင့် တီးတိန်မြို့များမှ သဘာဝဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပေးခဲ့သော တန်ဖိုးသင့်အိမ်ရာများ လွှဲပြောင်းပေးအပ်ပွဲကို ဟားခါးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

အိမ်ရာများ လွှဲပြောင်းပေးအပ်ပွဲတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက သဘာဝဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးသင့်အိမ်ရာများ လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာနမှ ဒုတိယအထွေထွေမန်နေဂျာက တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တည်ဆောက်ရေးတာဝန်ရှိသူတစ်ဦးက ဆောက်လုပ်ပြီးစီးသည့်တန်ဖိုးသင့် အိမ်ရာများကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား မြို့ကွက်သစ်ဖော်ဆောင်ရေးနှင့် အိမ်ရာချထားရေး ပြန်လည်ထူထောင်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်း ကြုံတွေ့ခဲ့ရသည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် နေအိမ်များ ရွှေ့ပြောင်းခဲ့ရသော သဘာဝဘေးသင့်ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာများကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး ဟားခါးမြို့အတွက် ၄၁၇ လုံးနှင့် တီးတိန်မြို့အတွက် ၄၁ လုံးဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ငွေအကုန်အကျများခြင်းကြောင့် ပုန်းရည်ကြီးလုပ်ငန်း လုပ်ကိုင်သူလျော့နည်းလာ

**ညောင်ဦး ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ခွဲ ဆည်ကျေးရွာမှ ပုန်းရည်ကြီးလုပ်ငန်းလုပ်ကိုင်သော ဒေသခံပြည်သူများအနေဖြင့် ငွေအကုန်အကျများလာသောကြောင့် လုပ်ကိုင်သူ တဖြည်းဖြည်းလျော့နည်းလာကြောင်း သိရသည်။

ယခင်က ဆည်ကျေးရွာတွင် ပုန်းရည်ကြီးလုပ်ငန်းကို ဝင်ငွေတိုးလုပ်ငန်းတစ်ခုအနေဖြင့် တစ်နိုင်တစ်ပိုင် လုပ်ကိုင်ခဲ့ပြီး ပုန်းရည်ကြီးလုပ်ငန်းမှာ ငွေအကုန်အကျများသည့်အတွက် လုပ်ငန်းမတိုးချဲ့နိုင်သည့်အပြင် အချို့ပုန်းရည်ကြီးလုပ်ငန်းလုပ်ကိုင်သူများမှာ ငွေကြေးအရင်းအနှီး မတတ်နိုင်ကြ၍ လုပ်ငန်းလုပ်ကိုင်သူ တဖြည်းဖြည်းလျော့နည်းလာခဲ့ခြင်းဖြစ်ကြောင်း ပုန်းရည်ကြီးလုပ်ငန်းလုပ်ကိုင်သူအချို့က ပြောသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ပုန်းရည်လုပ်ငန်းကို အများဆုံးလုပ်ကိုင်တာကတော့ ကျွန်တော်တို့ ဆည်ကျေးရွာက ဒေသခံတွေပါပဲ။ ဝင်ငွေတိုးလုပ်ငန်းတစ်ခုအနေနဲ့ ပုန်းရည်ကြီးလုပ်ငန်းကိုလုပ်ကိုင်ပေမယ့် ပုန်းရည်ကြီးလုပ်ငန်းက ငွေကြေးအရင်းအနှီးများပါတယ်။ ပုန်းရည်ကြီးကျိုဖို့အတွက် ပဲပိစပ်ဝယ်ရတယ်။ လောင်စာအဖြစ် ထင်းနဲ့ မြေပဲခွံတွေ စသဖြင့် ဝယ်ရပါတယ်။ ပုန်းရည်ကြီးကျိုပြီးပြန်တော့လည်း ပုန်းရည်ကြီးကို အရွယ်အစားအလိုက် ထုပ်ဖို့အတွက် ပလပ်စတစ်အိတ် ဝယ်ရတယ်။ ဒါတွေအတွက် ငွေကြေးအရင်းအနှီး မတတ်နိုင်တဲ့သူတွေကျ လုပ်ငန်းတိုးချဲ့ဖို့နေနေသာသာ လုပ်ငန်းလည်ပတ်ဖို့အတွက်ကို မနည်းလုပ်ကိုင်နေရပါတယ်။ တစ်ချို့ဆိုရင် လုပ်ငန်းကိုရပ်နားထားရပါတယ်"ဟု ဆည်ကျေးရွာမှ ပုန်းရည်ကြီးလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

လုပ်ငန်းများ ဆက်လက်လည်ပတ် လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် အတိုးနှုန်းသက်သာသော ချေးငွေအကူအညီနှင့် အခြားကူညီပံ့ပိုးမှုများ ရရှိရန် လိုအပ်လျက်ရှိကြောင်းလည်း လုပ်ငန်းရှင်များထံမှ သိရသည်။

"ကျွန်တော်တို့ ပုန်းရည်ကြီးလုပ်ငန်းရှင်တွေအတွက် အတိုးနှုန်းသက်သာစွာနဲ့ ချေးငွေထုတ်ချေးပေးတာမျိုးသော်လည်းကောင်း၊ ပုန်းရည်ကြီးလုပ်ငန်းကို ဘွိုင်လာစနစ်နဲ့ အသုံးပြုခွင့်ရအောင် ဆောင်ရွက်ပေးတာမျိုးသော်လည်းကောင်း ကူညီထောက်ပံ့ပေးမယ်ဆိုရင်တော့ ပုန်းရည်ကြီးလုပ်ငန်းရှင်တွေအတွက် အဆင်ပြေပြီး၊ ဒီထက်မကလည်း ပုန်းရည်ကြီးထုတ်လုပ်မှုကို တိုးတက်လာစေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒီလိုမျိုးအခွင့်အရေးတွေ ပေါ်လာစေချင်ပါတယ်။ အခုဆိုရင် ပုန်းရည်ကြီးလုပ်ငန်းကို ငွေကြေးအရင်းအနှီးများတဲ့အတွက် ကျွန်တော်တို့ရွာမှာ လုပ်တဲ့သူတွေ လျော့နည်းလာပါပြီ"ဟု အဆိုပါ ပုန်းရည်ကြီးလုပ်ငန်းရှင်က ဆက်လက်ပြောကြားသည်။

ဆည်ကျေးရွာတွင် ယခင်က ပုန်းရည်ကြီးလုပ်ငန်းကို လုပ်ကိုင်သူ ၆၀ ခန့်ရှိပြီး ယခုအခါ ငွေကြေးအခက်အခဲများကြောင့် ၁၀ ဦးခန့်သာ လုပ်ကိုင်နိုင်တော့ကြောင်း၊ လက်ရှိလုပ်ကိုင်နေသည့် ပုန်းရည်ကြီးလုပ်ငန်းရှင်များမှာလည်း ငွေအကုန်အကျသက်သာသည့် ကုန်ကြမ်းအဖြစ်သာပြုလုပ်ပြီး ညောင်ဦးမြို့ရှိ ပုန်းရည်ကြီးလုပ်ငန်းရှင်များထံ ဖောက်သည်တင်ပို့ရောင်းချနေရကြောင်း၊ တစ်နေ့လျှင် ပုန်းရည်ကြီး ပိဿာချိန် ၆၀ ခန့် ထုတ်လုပ်ရောင်းချနိုင်ကြောင်းနှင့် ပုန်းရည်ကြီးတစ်ပိဿာလျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချရကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကလေးခိုးမှုသတင်းများ ကောလာဟလဖြစ်ကြောင်း ရှင်းလင်း



**ရန်ကုန် ဖေဖော်ဝါရီ ၁**

ကလေးခိုးမှုဖြစ်ပွားနေကြောင်းသတင်းများနှင့်ပတ်သက်၍ အဆိုပါသတင်းများမှာ ကောလာဟလများသာဖြစ်ကြောင်း ရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ်၌ ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

အလုံမြို့နယ် ဆင်မင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် ရှင်းလင်းပွဲတွင် အလုံမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးတင်လှက ကလေးသူခိုးသတင်းများသည် ကောလာဟလသတင်းများ ဖြစ်ကြောင်း၊ ယခုအချိန်အထိ အလုံမြို့နယ်ရဲစခန်းနှင့် အခြားမြို့နယ်များရှိ ရဲစခန်းများတွင် ကလေးခိုးယူမှုနှင့် ကလေးပျောက်ဆုံးမှုနှင့်ပတ်သက်၍ တိုင်တန်းထားခြင်းများမရှိကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသည့် ဗီဒီယိုဖိုင်များနှင့် ကလေးသူခိုး ဓာတ်ပုံများမှာလည်း မမှန်ကန်သည့် ကောလာဟလသတင်းများသာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အလုံမြို့မရဲစခန်းအနေဖြင့်လည်း နေ့ရောညပါ လှည့်ကင်း၊ ဝပ်ကင်း၊ ပတ်ကင်းများဖြင့် ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်းကိုလည်း မြို့မရဲစခန်းမှူးက တိုက်တွန်းပြောကြားခဲ့သည်။

**တင်မောင်ဦး(အလုံ)**



# သုံးခွမြို့ ကြေးသွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**သုံးခွ ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ အောင်မြေလောကကြေးသွန်းဘုရားကြီး (၁၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောင်မြေလောက ကြေးသွန်းဘုရားကြီးသည် ဉာဏ်တော် ခုနစ်တောင်တစ်မိုက်ရှိပြီး ဘုရားဓာတ်တော် အဆူ ၂၀၀နှင့် ရဟန္တာဓာတ်တော် ၁၀ ဆူကို ဓာတ်တော်ကြုတ်များ၌ ဌာပနာထားခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၁၁၃ နှစ်က တည်ထားကိုးကွယ်ခဲ့သည့် ကြေးဆင်းတုတော်ကြီးဖြစ်ကြောင်း ကမ္ပည်းမှတ်တမ်းတွင် ဖော်ပြထားချက်အရ သိရသည်။

**ကိုကျော်(သုံးခွ)**

# သဘာဝဘေးလျော့ပါးရေး စေတနာ့လူငယ်(ဆင့်ပွား)သင်တန်းဖွင့်လှစ်

**ထားဝယ် ဖေဖော်ဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးဖြစ်ပွားချိန်တွင် ထိခိုက်ပျက်စီးမှု လျော့နည်းရေးအတွက် ခရိုင်အဆင့် သဘာဝဘေးလျော့ပါးရေး စေတနာ့လူငယ်(ဆင့်ပွား)သင်တန်းကို ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း၌ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင်က အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူး ဦးနေမျိုးထွန်းက သင်တန်းနှင့် ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် သဘာဝဘေး စီမံခန့်ခွဲမှု သဘောတရားများ၊ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ချေများ၊ သဘာဝဘေးဖြစ်ပွားချိန်တွင် ထိခိုက်ပျက်စီးမှု လျော့နည်းစေရေးအတွက် ရပ်ရွာအခြေပြု သဘာဝဘေးစီမံခန့်ခွဲမှုများအကြောင်းတို့ကို ပို့ချခဲ့ကြောင်း သိရသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# တည်ဆောက်ပြီးကျေးလက်အိမ်ရာငါးလုံးကို မဲစနစ်ဖြင့် နေရာချပေးမည်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ကျေးလက်အိမ်ရာငါးလုံး တည်ဆောက်မှုများ မကြာမီပြီးစီးတော့မည်ဖြစ်ရာ တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများအား မဲစနစ်ဖြင့် နေရာချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်အိမ်ရာများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Unique Super Power ကုမ္ပဏီက ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စတင်တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း၊ ယခုအခါ တည်ဆောက်မှု ၉၀ ကျော်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။ ကျေးလက်အိမ်ရာများသည် အလျား ၁၈ ပေ၊ အနံ ၂၄ ပေနှင့် အမြင့် ၉ ပေရှိ နံကပ်သွပ်မိုး တစ်ထပ်အိမ်များဖြစ်ပြီး အိမ်တစ်လုံးလျှင် ကုန်ကျစရိတ် ကျပ်သိန်း ၃၀ဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိ သူများက ဇန်နဝါရီ ၂၇ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**နေအောင်(iprd)**



တည်ဆောက်ပြီးစီးတော့မည်ဖြစ်သော ကျေးလက်အိမ်ရာတစ်လုံး။

## သတင်းတိုများ

### နွေစပါးအဖြစ် ပုလဲသွယ်စပါးမျိုးများစိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွာသာယာကျေးရွာမှ တောင်သူများအနေဖြင့် ဇန်နဝါရီလကုန်ပိုင်းတွင် နွေစပါးများကို စတင်စိုက်ပျိုးနေကြပြီး ပုလဲသွယ်စပါးမျိုးကို စိုက်ပျိုးကြကြောင်း သိရသည်။ နွေစပါးစိုက်ပျိုးရာတွင် မျိုးစပါးများကို စနစ်တကျပျိုးထောင်စိုက်ပျိုးကြကြောင်း၊ နွေစပါးကို အများအပြားစိုက်လိုသော်လည်း အောင်ရေသွင်းသည့်အချိန်တွင် အခက်အခဲများ ကြုံရမည်ကို စိုးရိမ်နေကြကြောင်း ရွာသာယာကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**(၀၇၆)**

### တရုတ်စာနှင့်စကားပြောသင်တန်းဖွင့်လှစ်

ခင်နှင်းပညာရေးဖောင်ဒေးရှင်းက ဖွင့်လှစ်သည့် တရုတ်စာနှင့် စကားပြောသင်တန်း ဖွင့်ပွဲကို မန္တလေးမြို့ (၆၂)လမ်းရှိ တောင်တန်းသာသနာပြုကျောင်း၌ ကျင်းပရာ ခင်နှင်းပညာရေးဖောင်ဒေးရှင်း တာဝန်ခံဆရာ ဦးခင်မောင်နှင်းနှင့် တရုတ်မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဆရာဦးပိုမြင့်တို့က သင်တန်းနှင့် ပတ်သက်သည့်အချက်များကို ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် အမှန်တကယ်တတ်မြောက်အောင် သင်ကြားသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ တစ်ပတ်လျှင် နှစ်ရက် လေးလသင်တန်းဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# သောက်သုံးရေပြတ်လပ်နေသော ကျေးရွာသို့ ရေသယ်ကားဖြင့် ရေဖြန့်ဝေပေး

**ရမည်းသင်း ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းမှသောက်သုံးရေပြတ်လပ်နေသော နန်းသာယာအေး ကျေးရွာသို့ သောက်သုံးရေများကို ရေသယ်ယာဉ်များဖြင့် ဇန်နဝါရီ ၂၈ ရက်က သွားရောက်ပို့ဆောင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နန်းသာယာအေး ကျေးရွာသည် အိမ်ခြေ ၁၆၀ လူဦးရေ ၁၀၀၀ ခန့်ရှိပြီး ယခင်က မြေသားမိုးရေလှောင်ကန်မှရေကို အသုံးပြုခဲ့ရာမှ ပြီးခဲ့သည့်နှစ်တွင် မိုးရေရရှိမှု နည်းပါးခဲ့သဖြင့် ကန်အတွင်းမှ ရေခမ်းခြောက်ပြီး သောက်သုံးရေပြတ်လပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



သောက်ရေများကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထက်မြက်အောင်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကာ ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သုံးခေါက် စုစုပေါင်း ရေဂါလန် ၂၄၀၀ ကို ဖြန့်ဝေပေးခဲ့သည်။ **အတ်ကလေး(ရမည်းသင်း)**

# မော်လူးတိုက်နယ်ဆေးရုံသစ်ကြီးတည်ဆောက်မှု ဖေဖော်ဝါရီလအတွင်းပြီးစီးမည်

**အင်းတော် ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာ၌ တည်ဆောက်လျက်ရှိသော တိုက်နယ်ဆေးရုံသစ်ကြီးကို ဖေဖော်ဝါရီလအတွင်း လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် စက်ယန္တရားနှင့် လူအင်အားများသုံး၍ တည်ဆောက်လျက်ရှိကြောင်း တာဝန်ယူတည်ဆောက်နေသော i Green ကုမ္ပဏီမှ သိရသည်။

လုပ်ငန်းအားလုံးအမြန်ဆုံးပြီးစီးကာ ဖေဖော်ဝါရီလအတွင်း ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ဆောင်ရွက်ပေးနိုင်ရန်အတွက် တည်ဆောက်မှုများကို အင်အားသုံး၍ အရှိန်မြှင့်ဆောင်ရွက်နေကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောသည်။



ဆေးရုံအဆောက်အအုံသစ်သည် အလျား ၁၂၈ ပေ၊ အနံ ၁၁၅ ပေရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျန်းမာရေးဌာန၏ လိုအပ်ချက်များဖြစ်သော ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ စတိုခန်း စသည်တို့အပြင် နှစ်ခန်းတွဲ ဆရာဝန်နေအိမ်တစ်လုံး၊ လေးခန်းတွဲ သူနာပြုနေအိမ်တစ်လုံး၊ သုံးခန်းတွဲနှင့် လေးခန်းတွဲ ဝန်ထမ်းနေအိမ်တစ်လုံးစီ၊ ဂါလန် ၆၄၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ ရေစင်တစ်ခုနှင့် ရေတွင်းတစ်တွင်း၊ ကွန်ကရစ်လမ်းများ၊ ဆေးရုံပတ်လည် အုတ်တံတိုင်းနှင့် ဝင်ပေါက်တံခါးမကြီးများ ပါဝင်ကာ လုပ်ငန်းအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးလိုင်းများကိုလည်း မြို့နယ်လျှပ်စစ်မှူးနှင့် ညှိနှိုင်း၍ တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ **ညိုမြင့်ထက်(မြန်မာစာ)**

# မှခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**စလင်း ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ကျုံးကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာ၌ ကလေးခိုးမှုကောလာဟလသတင်းများနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့် မှုခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် စလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းတင့်က ကလေးခိုးသည်ဆိုသည့် သတင်းများမှာ ကောလာဟလသတင်းများသာဖြစ်၍ မိဘပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်မှုများမဖြစ်ကြရန် အသေးစိတ်ရှင်းလင်းပြောကြားပြီး မှုခင်းကြိုတင်ကာကွယ်ရေးအတွက် သိရှိထားသင့်သောအချက်များကိုပါ အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောရှင်းလင်းပွဲသို့ ဆင်ကျုံးကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။ **စစ်ကြည်(စလင်း)**

# သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး ပညာပေးဟောပြော

**ကော့သောင်း ဖေဖော်ဝါရီ ၁**

သဘာဝဘေး စီမံခန့်ခွဲမှုနှင့် ကြိုတင်ပြင်ဆင်ထားခြင်း အစီအစဉ်များဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် သဘာဝဘေးဆိုင်ရာများ ပညာပေးဟောပြောခြင်းကို ကော့သောင်းမြို့ ပုလုံးတံတုံးကျေးရွာ ရွာလည်အဝိုင်းလမ်းဆုံ၌ ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

အသိပညာပေးမြေစိုက်ပိုစတာကို မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက စက်ခလုပ်နှိပ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တာဝန်ခံဦးစီးမှူး ဦးအာကာကိုကိုနှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်တို့က သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ၊ ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီး အချိန်အပိုင်းအခြားများအလိုက် ပြည်သူများအနေဖြင့် ဆောင်ရွက်ထားရမည့် ကြိုတင်ပြင်ဆင်မှုများနှင့် သိသင့်သိထိုက်သည်များကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

ကော့သောင်းမြို့နယ်အတွင်းမှ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ချေရှိသည့် ကျေးလက်ဒေသများတွင် သဘာဝဘေးကြုံတွေ့ပါက ပြည်သူများ ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ထားရမည့် အသိပညာများ ပြန့်ပွားလာစေရန် ရည်ရွယ်၍ ပညာပေးအစီအစဉ်အဖြစ် ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် World Vision Myanmar ကော့သောင်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **ကျော်စိုး(ကော့သောင်း)**



# အညာဒေသ အလှူပွဲများတွင် မြန်မာ့ရိုးရာအဆောင်အယောင်များကို ငွေကုန်ကြေးကျခံ၍ တန်ဖိုးထားသုံးစွဲလာ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ အညာကျေးလက်ဒေသများတွင် သီးနှံများရိတ်သိမ်းရောင်းချပြီး တောင်သူများငွေရွှင်ချိန်ဖြစ်သဖြင့် ကျေးရွာတိုင်းလိုလိုတွင် သားရှင်ပြုအလှူမင်္ဂလာပွဲများ ဆင်နွှဲကြရာ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆောင်အယောင်များကို ငွေကုန်ကြေးကျခံကာ ငှားရမ်းအသုံးပြုလာကြကြောင်း သိရသည်။

အညာဒေသကျေးရွာများတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်း သီးနှံရိတ်သိမ်းပြီးချိန်မှစ၍ တပေါင်း၊ တန်ခူးလအထိ အလှူမင်္ဂလာပွဲလမ်းသဘင်များကို ကျင်းပကြသည်။ အလှူပွဲများ ကျင်းပရာတွင် မိမိတို့ငွေကြေးတတ်နိုင်လျှင် တတ်နိုင်သလို ဆိုင်း၊ အငြိမ့်၊ ဇာတ်သဘင်ကြီးများ ငှားရမ်းဧည့်ခံကြသည်များ ရှိသကဲ့သို့ ငွေကြေးအားနည်းသူများကလည်း အရပ်အခေါ် တိုင်ထောင်အလှူဟုခေါ်သည့် ဆိုင်း၊ မင်းသမီးမပါ၊ အိမ်တွင်မဏ္ဍပ်အကြမ်းဖြင့်ဧည့်ခံ၍ ဘုန်းကြီးကျောင်းတွင် သားရှင်ဖြစ် လှူဒါန်းကြသည်များလည်း ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် နတ်တော်လနှင့် ပြာသိုလအတွင်း ကျေးလက်တောရွာများနှင့်မြို့ပေါ်ရပ်ကွက်များတွင်ပါ အလှူပွဲများ ခြိမ့်ခြိမ့်သဲဆင်နွှဲကြပြီး အချို့ကျေးရွာများတွင် တစ်ရွာတည်းဖြင့်ပင် အလှူ ၂၀ မျှရှိကြကြောင်း သိရသည်။ အဆိုပါ အလှူပွဲလမ်းများကို အမှီပြု၍ အငှားလိုက်စီးပွားရှာကြသည့် လှည်းယာဉ်ကြော့ အငှားလိုက်သူများနှင့် မြင်းအငှားလိုက်သူများလည်း စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။



ကျေးရွာများ၌သာမက ကျောက်ပန်းတောင်းမြို့ပေါ်ရပ်ကွက်များ၌ ကျင်းပသည့် အလှူပွဲလမ်းသဘင်များတွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအဆောင်အယောင်များကို ငွေကုန်ကြေးကျခံကာ ငှားရမ်းအသုံးပြုလာကြသည်ကို တွေ့မြင်လာရသည်။ မြို့ပေါ်အလှူများတွင် ငွေကြေးတတ်နိုင်သူများက ညနေပိုင်းအလှူဝင် ရှင်လောင်းလှည့်ပွဲများတွင် မြန်မာ့ရိုးရာအဆောင်အယောင်များကို ငွေကုန်ကြေးကျခံ၍ ငှားရမ်းသုံးစွဲကြသည်။

မြို့ပေါ်ရပ်ကွက်များတွင် မဏ္ဍပ်ထိုး၍ အိမ်တွင်လှူသည်ဖြစ်စေ၊ ဘုန်းကြီးကျောင်းတွင်လှူသည်ဖြစ်စေ၊ ညနေပိုင်း အလှူရှင်လောင်းလှည့်လည်ပွဲကို အလေးထားဆောင်ရွက်လေ့ရှိကြပြီး တတ်နိုင်လျှင်တတ်နိုင်သလို ခမ်းခမ်းနားနား ကျင်းပလေ့ရှိကြသည့်အပြင် ယခုအခါ မြန်မာ့ရိုးရာ အဆောင်အယောင်များဖြစ်သည့် ဆင်ရတနာများ၊ မြင်းရတနာများ၊ မင်္ဂလာဝေါယာဉ်နှင့် ရွှေလှည်းယာဉ်ကြော့၊ ငွေလှည်းယာဉ်ကြော့များကို တန်ဖိုးထား ထည့်သွင်းသုံးစွဲလာကြသည်ကို တွေ့မြင်လာရသည်။

ထိုသို့ငှားရမ်းရာတွင် ဆင်တစ်စီးငှားရမ်းခမှာ ကျပ်ခုနစ်သိန်းမှ ရှစ်သိန်းအထိပေးရပြီး ကြိုတင်ရက်ချိန်းမထားပါက ငှားရမ်း၍မရနိုင်ကြောင်း သိရသည်။ မင်္ဂလာဝေါယာဉ်တစ်စီး ငှားရမ်းခမှာ ကျပ်တစ်သောင်းငါးထောင်ပေးရပြီး၊ လှည်းယာဉ်ကြော့တစ်စီး ငှားရမ်းခမှာ ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ အထိ ရှိသည်။ ရိုးရိုးလှည်းယာဉ်တစ်စီးမှာ ကျပ် ၁၅၀၀၀ ဖြစ်ပြီး မြင်းငှားရမ်းခမှာ ကျပ် ၈၀၀၀ မှ တစ်သောင်းခန့်ရှိကြောင်း သိရသည်။

အဆိုပါ ငှားရမ်းမှုများကြောင့် ငွေကြေးအကုန်အကျများပြားသော်လည်း အလှူမင်္ဂလာလှည့်လည်ပွဲများတွင် မြန်မာ့ရိုးရာအဆင်တန်ဆာများ၊ အဆောင်အယောင်များကို တန်ဖိုးထားသုံးစွဲလာမှုမှာ များလာလျက်ရှိကြောင်း သိရသည်။

**နေအောင်(iprd)**

# နိုင်ငံတကာသို့ မြန်မာစာပေနှင့်ယဉ်ကျေးမှု ပျံ့နှံ့ရောက်ရှိရေး ဆောင်ရွက်လျက်ရှိ

ဆောင်းပါး – ထင်ပေါ်ဝင်း (ကမာရွတ်)

ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတကာတက္ကသိုလ်များနှင့်ချိတ်ဆက်၍ ပညာရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသည် နိုင်ငံခြားပညာတော်သင်များ အများဆုံးလာရောက်လေ့လာသင်ယူလျက်ရှိသော ဌာနဖြစ်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသည် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ပညာရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်နေသော တက္ကသိုလ်များ**

ဂျပန်နိုင်ငံ တိုကျိုအခြေစိုက် တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်(Tokyo University of Foreign Studies)၊ တိုကျိုအခြေစိုက် ကိုကူရှိကန်တက္ကသိုလ်(Kokushikan University)၊ အိုဆာကာမြို့အခြေစိုက် အိုဆာကာတက္ကသိုလ် (Osaka University) တို့နှင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့အခြေစိုက် ယူနန်နော်မယ်တက္ကသိုလ်(Yunnan Normal University)၊ ကူမင်းမြို့အခြေစိုက် ယူနန်မင်ဇုတက္ကသိုလ် (Yunnan Minzu University)၊ ကွမ်ကျိုးမြို့အခြေစိုက် ကွမ်တုန်းနိုင်ငံရပ်ခြားလေ့လာမှုတက္ကသိုလ် (Guangdong University of Foreign Studies) တို့နှင့်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် ဘူဆန်နိုင်ငံခြားပညာရပ်များလေ့လာမှုတက္ကသိုလ် (Busan University of Foreign Studies)၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့အခြေစိုက် ချင်းမိုင်တက္ကသိုလ်တို့နှင့်လည်းကောင်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကာ ဘာသာစကား၊ ဘာသာဗေဒ၊ စာပေ၊ ယဉ်ကျေးမှု၊ သုတေသန နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပညာသင်ကျောင်းသားများ ဖလှယ်ရေး၊ ဆရာဖလှယ်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ နှီးနှောဖလှယ်ပွဲများ ပူးပေါင်းကျင်းပရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ လေ့လာရေးခရီးစေလွှတ်ခြင်းနှင့် အပြန်အလှန်ဆောင်ရွက်ခြင်း အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

**ယူနန်နော်မယ်တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှု**

၂၀၁၄ ခုနှစ်တွင် ယူနန်နော်မယ်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် ယူနန် နော်မယ်တက္ကသိုလ်မှ မြန်မာဘာသာသင် ကျောင်းသားကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင်(၃+၁)အစီအစဉ်(ယူနန်နော်မယ်တက္ကသိုလ်တွင် သုံးနှစ်၊ ရန်ကုန်တက္ကသိုလ်တွင် တစ်နှစ်တက်ရောက်ကာ ၎င်းတို့ မိခင်တက္ကသိုလ်က ဘွဲ့အပ်နှင်းသည့်အစီအစဉ်)ဖြင့် နှစ်စဉ်လာရောက်သင်ယူလျက်ရှိပြီး အပြန်အလှန်အားဖြင့် ယူနန်နော်မယ်တက္ကသိုလ်မှ ဆရာတစ်ဦးသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနရှိ ဆရာဆရာမများနှင့် မြန်မာစာ မြန်မာမှု ကျောင်းသူကျောင်းသားများထဲမှ တရုတ်ဘာသာစကားကို စိတ်ဝင်စားမှုရှိသူများအား ကျောင်းချိန်ပြင်ပတွင် တရုတ်ဘာသာစကားသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ဆရာမခြောက်ဦး ကျောင်းသူ ၁၀ ဦး စုစုပေါင်း ၁၆ ဦးတို့သည် ယူနန်နော်မယ်တက္ကသိုလ်သို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၈ ရက်အထိ နှစ်ပတ်ကြာလေ့လာရေးခရီး သွားရောက်ခဲ့ကြသည်။ ယူနန်နော်မယ်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့ လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာအရ မြန်မာစာဌာနနှင့်သာမက ဆိုလာနည်းပညာအပါအဝင် အခြားသိပ္ပံဘာသာရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုကျိုနိုင်ငံခြားဘာသာရပ်များ လေ့လာရေးတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှု**

ရန်ကုန်တက္ကသိုလ်နှင့် တိုကျိုနိုင်ငံခြားဘာသာရပ်များလေ့လာရေးတက္ကသိုလ်တို့သည် ၆-၈-၂၀၁၄ တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးနောက် တိုကျို နိုင်ငံခြားဘာသာရပ်များ လေ့လာရေးတက္ကသိုလ်မှ မြန်မာဘာသာသင် ကျောင်းသား ကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် သုံးပတ်ကြာ မြန်မာဘာသာ အနီးကပ်ကြီးကြပ်သင်တန်းကို တက်ရောက်ခဲ့ကြသည်။ ထို့အပြင် ၎င်းတက္ကသိုလ်မှ ကျောင်းသားသုံးဦးသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် မြန်မာစာနှင့် မြန်မာမှုပညာရပ်များကို တစ်နှစ် လာရောက်သင်ယူခဲ့သည်။

အပြန်အလှန် ကျောင်းသားဖလှယ်ရေးအစီအစဉ်အရ ရန်ကုန်တက္ကသိုလ် ဒုတိယနှစ် မြန်မာစာမှ ထူးချွန်ကျောင်းသူသုံးဦးကို ဘာသာဗေဒနှင့် ဂျပန်ဘာသာစကား လေ့လာသင်ယူရန် တစ်နှစ် ပညာသင်စေလွှတ်ခဲ့သည်ဟု သိရသည်။ အဆိုပါ တက္ကသိုလ်မှ ဆရာမတစ်ဦးကလည်း မြန်မာစာဌာန၌ ဂျပန်ဘာသာစကားသင်တန်းကို ဖွင့်လှစ်ကာ ရန်ကုန်တက္ကသိုလ် ဘာသာရပ်အားလုံးရှိ ထူးချွန်ကျောင်းသား ကျောင်းသူများထဲမှ ဂျပန်ဘာသာစကား စိတ်ဝင်စားသူများကို ကျောင်းချိန်ပြင်ပတွင် သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် တက္ကသိုလ်နှစ်ခုပူးပေါင်း၍ မြန်မာအမျိုးသားဘာသာစကား စကားစုပရောဂျက် (Myanmar National Corpus Project) ကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကူရှိကန်တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှု**

ဂျပန်နိုင်ငံ ကိုကူရှိကန်တက္ကသိုလ်မှ မြန်မာဘာသာသင် ကျောင်းသား ကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် သုံးပတ်ကြာ မြန်မာဘာသာအနီးကပ်ကြီးကြပ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများကို အဆိုပါတက္ကသိုလ်သို့ စေလွှတ်ရန်အတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

**ချင်းမိုင်တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှု**

ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်မှ မြန်မာဘာသာသင် ကျောင်းသားကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် နှစ်လကြာ မြန်မာဘာသာ အနီးကပ်ကြီးကြပ်သင်တန်း တက်ရောက်ခဲ့သည်။ အပြန်အလှန်အားဖြင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ဆရာမခြောက်ဦးကို နှစ်ပတ်ကြာ လေ့လာရေးခရီးအဖြစ်လည်းကောင်း၊ မြန်မာစာ မြန်မာမှု ထူးချွန်ကျောင်းသားကျောင်းသူ ၁၈ ဦးကို နှစ်လကြာ ပညာသင်လေ့လာရေးခရီးအဖြစ်လည်းကောင်း ချင်းမိုင်တက္ကသိုလ်သို့ စေလွှတ်ခဲ့သည်ဟု သိရသည်။

**ဘူဆန်ဘာသာရပ်များလေ့လာရေးတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှု**

တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဘာသာရပ်များလေ့လာရေးတက္ကသိုလ်မှ မြန်မာဘာသာသင် ကျောင်းသားကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် သုံးပတ်ကြာ မြန်မာဘာသာအနီးကပ်ကြီးကြပ်သင်တန်းတက်ရောက်ခဲ့သည်။ အဆိုပါတက္ကသိုလ်မှ ဆရာတစ်ဦးသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ကိုရီးယားဘာသာစကားသင်တန်းကိုဖွင့်လှစ်ပြီး ရန်ကုန်တက္ကသိုလ် ဘာသာရပ်အားလုံးရှိ ထူးချွန်ကျောင်းသားကျောင်းသူများထဲမှ ကိုရီးယားဘာသာစကားကို စိတ်ဝင်စားမှုရှိသူများအား ကျောင်းချိန်ပြင်ပတွင် ကိုရီးယားစာပေများ ပို့ချပေးလျက်ရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြန်မာစာ မြန်မာမှုအထူးပြု ဒုတိယနှစ်သင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးစီကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ နှစ်ပတ်ကြာ လေ့လာရေးစေလွှတ်ရန် စီစဉ်ထားပြီး ဆရာတစ်ဦးကိုလည်း အဆိုပါတက္ကသိုလ် မြန်မာစာဌာနတွင် ဧည့်ဆရာအဖြစ် ကာလတိုစေလွှတ်နိုင်ရေး ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနနှင့် ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ် မြန်မာစာဌာနတို့ ပူးပေါင်းသုတေသန စီမံချက်အဖြစ် နိုင်ငံခြားသားများအတွက် မြန်မာဘာသာကျွမ်းကျင်တတ်မြောက်မှု စစ်ဆေးလွှာ (Test of Proficiency in Myanmar) ကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အိုဆာကာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှု**

၂၀၁၅ ခုနှစ်တွင် ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်မှ မြန်မာဘာသာသင် ကျောင်းသား ကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် မြန်မာဘာသာ အနီးကပ်ကြီးကြပ်သင်တန်းကို သုံးပတ်တက်ရောက်ခဲ့ပြီး ပညာသင်ကာလတစ်နှစ် ကာလရှည် ကျောင်းသားအပြန်အလှန်ဖလှယ်ရေးအစီအစဉ်အဖြစ် ကျောင်းသားငါးဦးစီ စေလွှတ်နိုင်ရေးကို ၂၀၁၆ ခုနှစ်အတွင်း စတင်နိုင်ရန် ညှိနှိုင်းလျက်ရှိသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြန်မာစာ မြန်မာမှုအထူးပြု ဒုတိယနှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးစီကိုလည်း ၂၀၁၆ ခုနှစ်အတွင်း အိုဆာကာတက္ကသိုလ်သို့ နှစ်ပတ်ကြာ လေ့လာရေးခရီးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ယူနန် မင်ဇုတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှု**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်မင်ဇုတက္ကသိုလ်မှ မြန်မာဘာသာသင် ကျောင်းသား ကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် (၃+၁)အစီအစဉ်ဖြင့် လာရောက်သင်ယူလျက်ရှိပြီး ပါမောက္ခတစ်ဦးသည် သုတေသနလုပ်ငန်းများကို နှစ်လကြာ လာရောက်လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

**ရရှိနိုင်သော အကျိုးကျေးဇူးများ**

ထိုကဲ့သို့ နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် မြန်မာစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုတို့ နိုင်ငံတကာသို့ ပိုမိုပျံ့နှံ့ရောက်ရှိနိုင်ခြင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိဘာသာရပ်နှင့် နီးနွယ်သော နိုင်ငံတကာ ဘာသာရပ်များကို လေ့လာဆည်းပူးခွင့်ရရှိခြင်း၊ အတွေ့အကြုံကောင်းများရရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခွင့်ရရှိသဖြင့် နိုင်ငံတကာအတွေ့အကြုံနှင့် ရလဒ်ကောင်းများရရှိလာခြင်း၊ တက္ကသိုလ်၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်း ပိုမိုမြင့်မားလာခြင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုးအကြား၊ တက္ကသိုလ်တစ်ခုနှင့် တစ်ခုအကြား ပိုမိုနားလည် ရင်းနှီးချစ်ကြည်မှုရရှိခြင်း စသော အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ ။

## မြေပဲဆီစျေးကောင်း၍ မြေပဲကိုဆီကြိတ်ရောင်းချသူ များပြားလျက်ရှိ

**သာစည် ဖေဖော်ဝါရီ ၁**

ယခုနှစ်တွင် မြင့်တက်လျက်ရှိသော မြေပဲဆီစျေးနှုန်းများသည် မြေပဲပေါ်ချိန်အထိ ကျဆင်းမှုမရှိသောကြောင့် သာစည်မြို့နယ်အတွင်းမှ မြေပဲစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရရှိသော မြေပဲများကို ရောင်းချရာတွင် မြေပဲတောင့်အတိုင်း မရောင်းကြဘဲ ဆီကြိတ်၍ရောင်းချနေကြပြီး ဆီကြိတ်ရောင်းချခြင်းကြောင့် ပို၍တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

မြေပဲကို အတောင့်အတိုင်းရောင်းချပါက တစ်တင်းလျှင် ကျပ်တစ်သောင်းသာရသော်လည်း ဆီကြိတ် ရောင်းချပါက မြေပဲတစ်တင်းလျှင် ကျပ် ၁၄၀၀၀ ကျော် ရရှိသဖြင့် မြေပဲဆီကြိတ်ရောင်းချမှုများလာခြင်းဖြစ်ကြောင်း သိရသည်။

သာစည်မြို့ ငါးဆူတိုးချဲ့ရပ်ကွက်ရှိ ဆီစက်လုပ်ငန်းရှင်တစ်ဦးက ယခုနှစ်တွင် မြေပဲအထွက်နှုန်းကောင်းသဖြင့် သာစည်မြို့နယ်မှ မြေပဲစိုက်တောင်သူများ မြေပဲရကြကြောင်း၊ ယခုနှစ် မြေပဲပေါ်ချိန်အထိ မြေပဲဆီစျေးနှုန်း ကျဆင်းမှုမရှိကြောင်း၊ စျေးနှုန်းအနေဖြင့် မြေပဲအတောင့်တစ်တင်းလျှင် ကျပ်တစ်သောင်းနှုန်းသာ ပေးဝယ်ကြောင်း၊ မြေပဲကို ဆီကြိတ်ပြီးရောင်းချပါက မြေပဲတစ်တင်းလျှင် မြေပဲဆီ နှစ်ပိဿာခွဲနှုန်းထွက်ပြီး မြေပဲဆီအပူရည် တစ်ပိဿာလျှင် ကျပ် ၄၂၅၀ နှုန်းရကာ၊ မြေပဲဖတ်ခြောက်ပိဿာထွက်ပြီး တစ်ပိဿာလျှင် ကျပ် ၆၀၀ နှုန်းရကြောင်း၊ မြေပဲဆီကို ဆီကြိတ်စက်လုပ်ငန်းရှင်များက ရသလောက် ဝယ်ယူကြကြောင်း ရှင်းပြသည်။

ယခုနှစ်တွင် နှမ်းဆီစျေးမကောင်းသဖြင့် နှမ်းဆီအရောင်းအဝယ်မဖြစ်ဘဲ မြေပဲဆီကြိတ်ရောင်းချသူများသာ များပြားနေကြောင်းလည်း အဆိုပါ ဆီစက်လုပ်ငန်းရှင်၏ ပြောကြားချက်အရ သိရသည်။ **မျိုးမင်း(သာစည်)**

## မိုးဦးကျတွင် စိုက်ပျိုးနိုင်ရန် မြေယာပြင်ဆင်မှုများ ကြိုတင်ဆောင်ရွက်နေ

**ငါ့သရောက် ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်တောရွာများတွင် လာမည့်မိုးဦးကျအချိန်၌ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြေယာများ ပြင်ဆင်ထွန်ယက်နေကြပြီဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ရွာမှာ ခုအချိန်က စိုက်ပျိုးထားရှိတဲ့သီးနှံစိုက်ခင်းတွေက သိမ်းဆည်းပြီးကုန်ကြပြီဆိုတော့ နောင်နှစ်အတွက် မိုးဦးကျလာရင် အချိန်မီစိုက်ပျိုးနိုင်ဖို့ မြေယာတွေထယ်ရေးညက်အောင် ကြိုတင်ထွန်ယက်နေကြပါတယ်။ နွားရှဉ်းမရှိတဲ့ တောင်သူတွေကလည်း ထွန်စက်တွေငှားရမ်းပြီးတော့ ကြိုတင်ပြင်ဆင်နေကြတာပါပဲ။ ဒါ့ကြောင့် ထွန်စက်ပိုင်ရှင်တွေလည်း ကျွန်တော်တို့ရွာမှာ ငှားရမ်းသူများပြီး အလုပ်ဖြစ်နေပါတယ်” ဟု ငါ့သရောက်မြို့ တောင်တောကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်တောရွာများမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်ကြပြီး မြေပဲနှင့်နှမ်းကို အများဆုံးစိုက်ပျိုးကာ ပဲစင်းငုံ၊ ပဲနောက်၊ ပဲပိစပ်နှင့် နွားစာအဖြစ် နှံစားပြောင်းများလည်း စိုက်ပျိုးကြသည်။ ထို့အပြင် ဝင်ငွေတိုးလုပ်ငန်း တစ်ခုအနေဖြင့် ပင်ထောင်ခရမ်းချဉ်များလည်း စိုက်ပျိုးကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သီပေါမြို့မစျေးကြီး၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**သီပေါ ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေး ကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သီပေါမြို့မစျေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၉ ရက်က မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မစျေး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။ မီးငြိမ်းသတ်မှုလေ့ကျင့်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

သီပေါမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုများကို မြို့မစျေးကြီးအပြင် အခြားမြို့ပေါ်ရပ်ကွက်များ၌လည်းကောင်း၊ ပတ်ဝန်းကျင် ကျေးရွာများ၌လည်းကောင်း၊ ဌာနဆိုင်ရာများသို့ သွားရောက်၍လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# ပြုစုစောင့်ရှောက်ဖေးမပေးနေသည့် ညောင်လေးပင်မြို့မှ ဘိုးဘွားရိပ်သာ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁**

သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်းသည် လောကီလူမှုရေးအရ လုပ်ဆောင်သင့်သော လုပ်ငန်းဖြစ်သကဲ့သို့ လောကုတ္တရာရေးအရကြည့်လျှင်လည်း အလွန်မွန်မြတ်သန့်စင်သော ကုသိုလ်ပြုလုပ်ငန်းတစ်ခုဖြစ်သည်။ လူ့သက်တမ်းတွင် အသက်အရွယ်ရလာသည်နှင့်အမျှ အစစအရာရာ စွမ်းဆောင်မှုအားနည်းလာသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ထိုအချိန်တွင် အကြင်နာမေတ္တာဖြင့် ပြုစုစောင့်ရှောက်ဖေးမမှုရရှိမှသာ သက်ကြီးရွယ်အိုများသည် ဘဝကို အဆင်ပြေစွာ ရပ်တည်နိုင်မည်ဖြစ်သည်။ ဤအချက်ကို အလေးအနက်ထား၍ သားသမီး ဆွေမျိုးသားချင်းမရှိသူများ၊ ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြုစုစောင့်ရှောက်မှုမရရှိသူများကို ဘိုးဘွားရိပ်သာများ တည်ထောင်ကာ လက်ခံပြုစုပေးလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး



ပဲခူးတိုင်းဒေသကြီးညောင်လေးပင်မြို့ စေတနာ လူမှုကူညီရေးအသင်းဘိုးဘွားရိပ်သာကို ဤသို့တွေ့ရစဉ်။

ညောင်လေးပင်မြို့နယ်တွင် ဘိုးဘွားရိပ်သာတစ်ခု တည်ထောင်ရန် ပရဟိတ စေတနာအလှူရှင် ရန်ကုန်မြို့နေ ဦးချွန်းနား၊ ဒေါ်ခင်ရီ မိသားစုကမတည်ကာ ညောင်လေးပင်မြို့ မြို့မ (၁)စက်ရုံလမ်း၌ အကျယ်အဝန်း ၀ ဒသမ ၂၉၃၉ ဧကရှိမြေအပေါ်ထပ်တွင် လျှာထိုးပျဉ်ခင်းပျဉ်ကာ၊ အောက်ထပ်တွင် အုတ်ကာ၊ သမံတလင်းခင်း၊ သွပ်မိုးနှစ်ထပ်အဆောက်အအုံတို့အား မြို့နယ်အတွင်း စုစည်းမှု အင်အားကောင်းများဖြင့် စေတနာ လူမှုကူညီရေးအသင်းထံသို့ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် စေတနာ လူမှုကူညီရေးအသင်းမှ အသက် ၇၀ နှင့်အထက် အဘိုးအဘွား ၁၀ ဦးဖြင့် အစပြု၍ဘိုးဘွားရိပ်သာကို ၂၀၁၁ ခုနှစ် မေ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုသို့ဖွင့်လှစ် စောင့်ရှောက်ခဲ့သည့်နောက်ပိုင်း အဘိုးအဘွားဦးရေတိုးပွားလာမှုကြောင့် ညောင်လေးပင်မြို့ရှိ စေတနာရှင်တို့၏ လှူဒါန်းမှုဖြင့် အလျား ပေ၆၀၊ အနံပေ ၃၀ရှိ အာရ်စီသွပ်မိုး အုတ်ကာတစ်ထပ်အဆောက်အအုံအပြင် ဘိုးဘွားရိပ်သာနှင့်ကပ်လျက်ရှိသော အကျယ်အဝန်းမြေ နေရာ ၀ ဒသမ ၀၅၁၉ ဧက မြေကွက်ပေါ်ရှိ အလျား ၄၅ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ပေ ၂၀ ရှိ သွပ်မိုး နှစ်ထပ်အဆောက်အအုံတို့ကိုလည်း တိုးချဲ့ထူထောင်နိုင်ခဲ့သည်။ ယခုအခါ ဘိုးဘွားရိပ်သာတွင် အဘိုးခုနစ်ဦး၊ အဘွား၂၂ ဦးရှိ ပြီး၊ ဂေဟာမှူးတစ်ဦးအပါအဝင် ဝန်ထမ်းရှစ်ဦးနှင့် ရိပ်သာစောင့်ရှောက်ရေးကော်မတီဝင် ၁၇ ဦးတို့က အဘိုးအဘွားတို့အား ကြီးကြပ်တာဝန်ယူ ပြုစုစောင့်ရှောက်လျက်ရှိပါသည်။

သို့ဖြစ်၍ အဘိုးအဘွားများအတွက် တစ်ထောင့်တစ်နေရာမှ ကုသိုလ်ပြုလိုသူများ ဦးသန်းအေး (ဥက္ကဋ္ဌ)ဖုန်း ၀၉-၅၃၈၅၃၉၆၊ ရိပ်သာမှူးဖုန်း ၀၉-၇၉၄၁၄၁၂၃၉ တို့ထံသို့ ဆက်သွယ်စုံစမ်း ကုသိုလ်ယူနိုင်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

**သတင်းဆောင်းပါး- ပိန်းဇလုပ်သိန်းညွန့်**
**ဓာတ်ပုံ-ရန်အောင်ထွန်း (ပိန်းဇလုပ်)**

# ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**စလင်း ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင်အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ စတုတ္ထပတ်က ကျင်းပရာ အခမ်းအနားတွင် စလင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြဗဟိုဆောက်လုပ်ရေးကုမ္ပဏီမှ ဦးသန်းဌေးအောင်က ကျောင်းဆောင် သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဇီးဖြူပင် ကျောင်းအုပ် ဆရာကြီး ဦးပေါ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံပေ ၃၀ ရှိပြီး တန်ဖိုးငွေကျပ် ၃၄၂ သိန်းရှိကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ကလေးခိုးယူမှု ကောလာဟလ သတင်းများ ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြပါရှိသော ကလေးခိုးယူပျောက်ဆုံးမှုများဖြစ်ပေါ်နေသည်ဟူသော မမှန်သတင်းများအား ပြည်သူများသိရှိ သဘောပေါက်စေရန် ဇန်နဝါရီ ၂၉ ရက်က ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အထက်တန်းကျောင်းတွင် ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး သန်းဌေးအောင်က လတ်တလော ကလေးခိုးယူမှု ဖြစ်ပေါ်သည်ဟူသော သတင်းများမှာ ကောလာဟလသာဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မကြာခင်ကာလတွင် အတန်းတင်စာမေးပွဲ ဖြေဆိုကြရတော့မည်ဖြစ်ရာ ကျောင်းစာကိုသာ အလေးထားကျက်မှတ်ကြရန်၊ ကျောင်းနှင့် ကျောင်းဝန်းကျင်လမ်းမများတွင်သင်္ကာဖွယ်ရာလူများ၊ မြူဆွယ်သူများနှင့်တွေ့ရှိက နီးစပ်ရာ ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများထံ သတင်းပေးပို့ကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ(နေပြည်တော်)**

# ဇလွန်သို့ လမ်းဖြောင့်ဖြူး



**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မအူပင်ခရိုင်နှင့် ဟင်္သာတခရိုင်အတွင်းရှိ ကြိမ်ပင်ဆယ်-စကြော့-ခနဲဖြူ-ဇလွန်လမ်းကို မြန်မာရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က နိုင်လွန်ကတ္တရာလမ်းခင်းထားမှုကို တွေ့ရစဉ်။**

ကိုကြီးတင်


## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကျော်ဇေယျာလင်း ၈/မမန(နိုင်)၂၄၄၄၈၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၄၁၆၆၆၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့နယ်၊ သာယာဝဲကျေးရွာအုပ်စု၊ မိချောင်းခြံကျေးရွာနေ ဦးမောင်ငြိမ်း၏သား ဦးညွန့်ဝေ ၁၄/ကလန(နိုင်)၀၃၄၁၅၉နှင့် ဦးပါကြီးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးညွန့်ဝေ(ခ)ဦးပါကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

